www.burmeseclassic.com

BURMESE CLASSIC

ရှင်ဥပဂုတ်ပူဇော်နည်းနှင့်
ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ

# သူတာယိပြုံ့ဝွန်း

www.burmeseclassic.com

www.burmeseclassic.com

# ရှင်ဥပဂုတ်ပူဇော်နည်း

နှင့်

# ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ

သုတေသီမြင့်ထွန်း

မှုစုသည်။

မြန့်ချိုရေး

ရွှေတောင်တန်း
စာပေ
အမှတ် ၁၆၁၊ ၃၃လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာမူကိုတင်ခွင့်ပြုအမှတ် (၂၁/၉၃) (၈)
မျက်နှာဖုံးကိုတင်ခွင့်ပြုအမှတ် (၁၉/၉၄) (၈)

ပထမအကြိမ်
၁၉၉၄ ခုနှစ်၊ မတ်လ
အုပ်ရေ (၁၀၀၀)

တန်ဖိုး ၅၅ ကျပ်

# ကျမ်းဦးနိဒါန်း

အကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့အား ရှိသေရှိခိုး လက်အုပ်မိုး၍ ကန်တော့ပါ၏ဘုရား။ ယင်းသို့ ရှိခိုးကန်တော့ပြီးသကာလ ဤစာအုပ်ကို ပြုစုပါအံ့သတည်း။

အရှင်ဥပဂုတ္တ ရဟန္တာ အရှင်သူမြတ်ကြီးကို မြန်မာတိုင်း ပူဇော်ကန်တော့ကြသည်။ မြန်မာတို့သည် ရှင်ပြုစသော အလှူပွဲမင်္ဂလာပွဲများကို ပြုလုပ်လျှင် အရှင်ဥပဂုတ္တာကို ပူဇော်ကြ၏။

သီရိဓမ္မာသောက မင်းတရားကြီး စေတီတော် ရှစ်သောင်းလေးထောင် ပူဇော်ပွဲကြီးကို ပြုလုပ်စဉ်က မာရ်နတ် နှောင့်ယှက်သည့် အန္တရာယ်ကို ရှင်ဥပဂုတ် ရဟန္တာအရှင်သူမြတ်ကြီးက တားဆီးနိုင်ခဲ့သည့် ထုံးစံကို သိရှိထားကြသဖြင့် မြန်မာတိုင်းပင် အလှူမင်္ဂလာပွဲများ ပြုလုပ်တိုင်း ရှင်ဥပဂုတ်ကိုပင့်၍ ပူဇော်လေ့ ရှိ၏။

ရှင်ဥပဂုတ်ကို ပူဇော်ထားလျှင် အလှူမင်္ဂလာပွဲ မပြီးမချင်း မည်သည့် ရန်မာန်အန္တရာယ်မှ မကျရောက်နိုင်၊ မိုးလေဝသ ဖျက်ဆီးခြင်းမှလည်း ကင်းဝေးနိုင်သည်ဟု စွဲမြဲယုံကြည်ယူဆ၍ ပူဇော်ကန်တော့ကြ၏။

မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ရှင်ဥပဂုတ်ပူဇော်ပွဲကား အချိန်ကာလ ကြာညောင်းခဲ့ပြီ ဖြစ်၏။

မြန်မာနိုင်ငံတွင် ဘုရားအနေကဇာတင်ပွဲ၊ ဘုရားကိုးဆူပူဇော်ပွဲ စသည်တို့ကဲ့သို့ပင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ပွဲအဖြစ် အခိုင်အမာ အမြစ်တွယ်လျက် ရှိနေချေပြီ၊

ထေရဝါဒ ပိဋကတ်ကျမ်းဂန်လာ အထောက်အထားများအရ၊ မုံရွေးဇေတဝန် ဆရာတော်၊ ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော် စသော ရှေးဆရာတော်ဘုရားကြီးများက တကယ်

www.burmeseclassic.com

ထင်ရှား ရှိခဲ့သည်ဟု ယူဆတော်မူခဲ့ကြသည့် ရှင်ဥပဂုတ်ကဲ့သို့သော ရဟန္တာအရှင်သူမြတ်တစ်ပါးကို ရည်မှန်းပူဇော်ကြခြင်းမှာ အကျိုးမရ အချည်းနှီးဖြစ်သည်ဟု မဆိုနိုင်ပါ။

အရိယာ သံဃာတော် အရှင်မြတ်တို့၏ မြတ်သောအလှူကို ခံယူတော် မူထိုက်သည့် ဒက္ခိဏေယျဂုဏ်၊ လက်အုပ်ချီမိုးရှိခိုးပူဇော်ထိုက်သည့် အဉ္ဇလိကရဏီယ ဂုဏ်နှင့် ကောင်းမှုမျိုးစေ့တို့ကို ကြဲချ စိုက်ပျိုးရာ အကောင်းဆုံး လယ်မြေဖြစ်သည့် အနုတ္တရ ပုညခေတ္တဂုဏ် စသည့် သံဃာ့ဂုဏ်တော်များကို အာရုံပြု၍ပူဇော်ပါလျှင် ပူဇော်သူတို့အား ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးကို ပေးနိုင်သည်ဟု ဗုဒ္ဓမြတ်စွာသခင်က ဒေသနာကြားတော် မူထားခဲ့၏။

အားလုံးကိုခြုံ၍ဆိုရသော် ထေရဝါဒ ပါဠိပိဋကတ်ကျမ်းများနှင့် မဟာယာန သက္ကတဘာသာကျမ်းတို့အရ အသောကမင်းတရားကြီး လက်ထက်တော်တွင် အရှင်ဥပဂုတ်ထေရ်မြတ်ကေန်အမှန် ရှိခဲ့၏။

မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ဘာသာယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံပွဲအဖြစ် ရှင်ဥပဂုတ် ရဟန္တာ အရှင်သူမြတ်ကြီးကို ပူဇော်ကြရာ၌ ရှင်ဥပဂုတ်ရုပ်ပွားတော် အာရုံ၌သာ စိတ်ကို အဆုံးမသတ်ဘဲ အရိယာ သံဃာတော်များ၏ ဒက္ခိဏေယျဖြစ်သော ဂုဏ်တော် အာရုံများအထိ မိမိတို့စိတ်ကို အရောက်ပို့နိုင်အောင် ကြိုးစားအားထုတ် သင့်ကြပေသတည်း။

အားလုံးသတ္တဝါ ချမ်းသာပါစေ

ဘုတေသိမြင့်ထွန်း

# မြန်မာနိုင်ငံနှင့် ရှင်ဥပဂုတ်

ဘိုးတော်ဘုရားလက်ထက်တော်အခါက မုံရွာမြို့ ဆရာတော် အရှင်သီရိမာလာက....

"ရှင်ဥပဂုတ်သည် တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်နှင့် နေကြောင်း အတ္ထုပ္ပတ္တိများကိုလည်း သိရှိလိုပါသည်။ သမုဒ္ဒရာထဲတွင် ရှိသည်မှန်က ငါးကြီး လိပ်ကြီးတို့ မှူးထူးရာတွင် လှိုင်းတံပိုးထ၍ ပြာသာဒ်မှာ မတည်မရပ်နိုင် ရှိရာပါသည်" ဟူ၍ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးအား မေးမြန်းဖူး၏။

မုံရွေးဆရာတော်ဘုရားကြီးက....

"ရာဇဝံသကျမ်း၌ သီရိဓမ္မာသောကမင်းကြီးသည် စေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို အနုမောဒနာပြုသော ကာလ၊ မာရ်နတ်ကို ရှင်ဥပဂုတ် ဆုံးမကြောင်း လာသည်။ ကစ္စည်းသဒ္ဒါကျမ်းနှင့် သဒ္ဒနီတိကျမ်းတို့မှာလည်း "ရှင်ဥပဂုတ်သည် မာရ်နတ်ကို တုပ်နှောင်ဖွဲ့ချည်ထားအပ်၏" ဟု ပြယုဂ်ပုံစံထုတ်ပြ ထားကြသည်။ မိလိန္ဒပဉှာ ပါဠိတော်၌မူ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၊ အရှင်ဥပဂုတ္တထေရ် စသည်တို့သည် တရားတော်ကို ညွန်ပြဘိသကဲ့သို့ ထို့အတူ မိလိန္ဒမင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှင်နာဂသိန် မထေရ်တို့သည်လည်း ငါဘုရားပရိနိဗ္ဗာန်စံပြီးနောက် အနှစ်ငါးရာတိုင်သောအခါ၊ တရားတော်ကို ညှန်ပြလိမ့်မည်ဟု ဗျာဒိတ်ထားတော်မူကြောင်းတို့ကိုသာ တွေ့ရသည်။ ရှင်ဥပဂုတ်၏ အတ္ထုပ္ပတ္တိ ထုံးစံများကို ခိုင်ခိုင်ခံ့ခံ့ မှတ်သားလောက်အောင် မတွေ့ရဘူးပေ။ သမုဒ္ဒရာထဲတွင် ရှိသည်မှန်အံ့၊ ငါးကြီး လိပ်ကြီးတို့ မြူးထူးရာတွင် လှိုင်းတံပိုးထ၍ ပြာသာဒ်မှာ မတည်မရပ်နိုင်ရှိရာပါသည် ဆိုရာ၌လည်း အရှင်ဥပဂုတ်သည် (သမုဒ္ဒရာ၌) ရှိသည်မှန်လျှင် တန်ခိုးအရာဖြစ်၍ "ဣဒ္ဓိဝိသယော အစိန္တိယေျာ"ဟူ၍ ဟောတော်မူသောကြောင့် တန်ခိုးအရာကို မကြံအပ် မကြံရာပြီဖြစ်သည်ဟု ဖြေဆိုခဲ့၏။

## ရှင်လေးပါး

ရတနာပုံခေတ် မင်းတုန်းမင်းဘုရားကြီး လက်ထက်တော်၌လည်း ပေါင်းတည်မြို့ အရှင်သုမနမထေရ်က—

"လေးရပ်ရှင်သေ၊ ပေါင်း ရှစ်ထွေတို့၊ တည်နေမပျက်၊ ခုတိုင်ဘက်ဟု၊ စဉ်ဆက်သေချာ၊ ပြောကြပါ၏။ ရှိရာသည်ကား၊ စကားယုတ္တိ၊ ဆိုတိုင်းရှိက၊ ဘုမ်နေရပ်၊ မျိုးဇာတ်နာမည်၊ နေသည်ခြင်းရာ၊ သြဇာလေးနက်၊ ဆက်မဆက်နှင့်၊ မပျက်ခုတိုင်၊ တည်နိုင်ရကြောင်း၊ ဤလုံးပေါင်းကို၊ ကောင်းကောင်းမုချ၊ သိချင်လှ၏" ဟူ၍ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးအား မေးတော်မူခဲ့ဖူး၏။

ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက—

"သေလေးပါး ရှင်လေးပါးအကြောင်း အတ္ထုပ္ပတ္တိများကို ကျမ်းကြီးကျမ်းခိုင်တို့၌ မတွေ့ဘူး၊ ပဋ္ဌာကထနမည်သော မှတ်စုကျမ်း၌သာ တွေ့ဖူးသည်။ ရှင်လေးပါးတို့တွင် အရှင်ဥပဂုတ်၏ အကြောင်းကိုကား မိလိန္ဒပဋ္ဌာကျမ်းတွင် ငါဘုရား ပရိနိဗ္ဗာန်



လွန်၍ အနှစ် နှစ်ရာ့သုံးဆယ်ကျော်သောအခါ မဟာပေါဂ္ဂလိပုတ္တတိဿမထေရ်၊ ဥပဂုတ္တမထေရ်တို့သည်လည်း ငါနိဗ္ဗာန်လားသည့် နောက် အနှစ်ငါးရာရောက်သောအခါ ထင်ရှားဖြစ်ကုန်၍ ငါ့တရားကို တင်ရှားညွှန်ပြ ပတ္တံ့ဟု ဆရာများဗျာဒိတ်ထားကြောင်းကို ဆိုရာ၌လာသည်။ သဒ္ဒါသင်ရိုး ဖြစ်သော ကစ္စည်းကျမ်း၊ သဒ္ဒနီတိကျမ်းတို့၌လည်း ဥပဂုတ္တေန၊ ဥပဂုတ်သည်။ မာရော၊ မာရ်နတ်ကို။ ပန္နော၊ နှောင်ဖွဲ့အပ်၏ဟု ဥဒါဟရဏ် ပြသည်"ဟူ၍ ဖြေဆိုကာ သီရိဓမ္မာသောကမင်းကြီးလက်ထက် ရှင်ဥပဂုတ်က မာရ်နတ်မင်း နှိမ်နင်းပုံအခန်းကို မဟာရာဇဝံသကျမ်း လာသည့်အတိုင်း အကျယ်ဖြေဆိုတော်မူ၏။

ထို့နောက် "ဤအကြောင်းအရာများသည်လည်း မိလိန္ဒကျမ်းနှင့်အညီဖြစ်၍ ပမာပုလောက်သော အကြောင်းအရာများ ဖြစ်သည်။

အရှင်ဥပဂုတ် သမုဒ္ဒရာ၌နေသည်မှန်လျှင် သည့်ပြင် အရှင်များကိုလည်း ယုံမှားမရှိသင့်ပြီ၊ ထိုအရှင်တို့၏ အတ္ထုပ္ပတ္တိကို ပြဆိုသော စာပေကို မတွေ့ရ၍သာ မပြနိုင်ရှိသည်။

သင်္ဂါယနာဝင် ကျမ်းကြီးတို့၌ မပါသည်မှာလည်း တတိယသင်္ဂါယနာတင်ပြီး နောက်မှ ပေါ်ထွက်လာသော ရဟန္တာများဖြစ်၍ မပါသည်ဟု ယူဆရ၏။ ထိုအရှင်တို့ ယခုတိုင် ရှိမည်မရှိမည်ကို စိစစ်ရာမှာ အသက်တစ်ရာတမ်း၌ဖြစ်သော သူသည် နှစ်ရာသို့ ရောက်အောင်မမူည်။ အဟန့်ငယ် လွန်၍သာ ဆုံးရသည်"ဟူ၍ ဟောတော်မူသော သုတ်ပါဠိတော်ကိုထောက်လျှင် ယခုသို့ရောက်အောင် မရှိရပြီး တစ်ပါးသော ဆဿ ရဟန္တာတို့၏ နောက်ကျန်၍ ရှိရစ်သည်ကို စွဲ၍သာ အရှင်လေးပါးရှိကြောင်းကို ဆိုသည်ဟု ယူရမည်။ သေလေးပါးမှာ စာပေ၌ မတွေ့။

www.burmeseclassic.com



## ရှင်ဥပဂုတ်

ပါဠိလို"ရှင်ဥပဂုတ္တ"ကို မြန်မာလို"ရှင်ဥပဂုတ်" ဟူ၍ ခေါ်ဆိုကြ၏။

သုမ္ဘန်ရသေ့၊ လက်ပွေ့ယုယ၊ ရှင်ဥပလျှင်၊ နေ့ညစောင့်မှတ် ကမ္မသာမ်ကြောင့် ပညတ်ဖော်ထုတ် ဥပဂုတ်ဟု ရွှေနှုတ်ဖွဲ့ချည်" ဟူသော ပေါရာဏ ဒီပနီလာ ရှေးဟောင်းအလင်္ကာအရ "ဥပမည်သော ရသေ့ကြီး၏ ပြုစုစောင့်ရှောက်မှုကို ခံယူသူ" ဟု အဓိပ္ပာယ်ရ၏။

"မျက်မှောင်ကြုတ်ကြုတ်၊ ဥပဂုတ်၊ ပယ်ထုတ်မာန်ကိုဖိ" ကဝိလက္ခဏာ စာဆိုနှင့်အညီ မျက်မှောင် ကြုတ်ထားသကဲ့သို့ ရုပ်ဆင်းအင်္ဂါ လက္ခဏာသွင်ပြင် မသပ္ပါယ်၍ ပိန်ကြုံသော ရဟန္တာ အရှင်သူမြတ် တစ်ပါး ဖြစ်သည်ဟု လောကပညတ္တိကျမ်း၌ ဆို၏။

ထိုအရှင်သူမြတ်သည် အသောကမင်း(ဘီစီ ၂၇၃-၂၃၆) လက်ထက်တွင် ထွက်ပေါ်ခဲ့၍၊ အသောကမင်းကြီး၏ ခုနစ်လ ခုနစ်ရက် ကောင်းမှုအနုမောဒနာ ပြုပွဲကြီးတွင် အနှောင့်အယှက်ပေးလာသည့် မာရ်နတ်ကို တန်ခိုးအမျိုးမျိုးဖြင့် တွန်းလှန်ခဲ့သည်။ တောင် သမုဒ္ဒရာတွင် ကြေးပြာသာဒ် (ဝါ) ရတနာစုံပြာသာဒ်နှင့် နေသည်ဆို၏။

### ဆရာတော်ဘုရားကြီးတို့၏ ယူဆချက်

လောကဓမ္မ နှစ်ဌာနလုံး၌ လိမ္မာကျွမ်းကျင် စွယ်စုံပညာရှင်ကြီးများ ဖြစ်တော်မူကြသော၊ ထိုဆရာတော်ဘုရားကြီးနှစ်ပါးတို့၏ ဖြေဆိုတော်မူချက်များကို ကြည့်ပါ။

မုံရွေး ဆရာတော်ဘုရားကြီး၏ အဖြေတွင် ရှင်ဥပဂုတ် ရှိခဲ့ကြောင်းနှင့် ပတ်သက်၍သာ ထေရဝါဒ ပိဋကတ်ကျမ်း အချို့ကို ဖော်ထုတ်ညွှန်ပြတော်မူထား၍၊ ရှင်ဥပဂုတ် တောင်သမုဒ္ဒရာတွင် ကြေးပြာသာဒ်နှင့် နေကြောင်း စသည့် အတ္ထုပ္ပတ္တိဝတ္ထုထုံးစံအကျယ်ကိုမူ ခိုင်ခိုင်ခံ့ခံ့မှတ်သားလောက်သည့် ကျမ်းများမတွေ့ရဘူးဟူ၍ မိန့်ဆိုတော်မူထားသည်ကို တွေ့ရ၏။

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးကလည်း ရှင်လေးပါးတွင် ရှင်ဥပဂုတ်ပါဝင်၍ ရှင်ဥပဂုတ် အမှန်ရှိခဲ့ကြောင်းကို မုံရွေးဆရာတော်ဘုရားကြီး ထုတ်ဆောင် ကိုးကားတော်မူခဲ့သည့် မိလိန္ဒပဉှာပါဠိတော်၊ ကစ္စည်းသဒ္ဒါကျမ်း၊ သဒ္ဒနီတိကျမ်းတို့နှင့် မဟာရာဇဝင်ကြီးတို့ကိုပင် ကိုးကား ဖော်ပြထားသည်ကို တွေ့ရ၏။

ထူးခြားသည်မှာ မဟာရာဇဝင်တော်ကြီး၌ အကျယ်ဖော်ပြထားသော ရှင်ဥပဂုတ်၏ မာရ်နတ်နှိမ်နင်းသည့် အခန်းကဏ္ဍကို မိလိန္ဒပဉှာ ပါဠိတော်နှင့် ညှိ၍ ပမာဏ ပြုလောက်သည်ဟု ကောက်ချက် ချထားခြင်းပင် ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၂၅ ခုနှစ်ထုတ် သတင်းစာပါ "တောင်သမုဒ္ဒရာလယ်က ကြေးပြာသာဒ်" သတင်းတစ်ပုဒ်ကို ထုတ်၍၊ လောကယုတ္တိဆောင်ပြကာ မိမိ၏ကောက်ချက်ကိုပံ့ပိုးပေးထားသည်ကိုလည်း ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ အဖြေ၌တွေ့ရ၏။

ဆရာတော်ဘုရားကြီးသည် မိမိစီရင်ရေးသားတော်မူခဲ့သော မဟာဝင် ဝတ္ထုကျမ်း၊ ဇိနတ္ထပကာသနီကျမ်းနှင့် ပဉ္စဗုဒ္ဓကရဏတိံသ ကျမ်း (၃)ကျမ်းလုံး၌ပင် ရှင်ဥပဂုတ် အတ္ထုပ္ပတ္တိကို တခမ်းတနား ရေးသားတော် မူခဲ့သည်ကို ထောက်ရှုလျှင်၊ အသောကမင်းတရားကြီး လက်ထက်တော်၌ မာရ်နတ်မင်းကို နှိမ်နင်း ဆုံးမခဲ့သော ရှင်ဥပဂုတ်အမည်တော်ရှိသည့် တန်ခိုးကြီး ရဟန္တာ တစ်ပါး ရှိခဲ့သည်ဟု ဆရာတော်ဘုရားကြီး အထူးယုံကြည်ကြောင်း ထင်ရှား၏။

ငွေတောင်တန်းစာပေ

www.burmeseclassic.com



## ဝဇီရဗုဒ္ဓိဋီကာ

ဟံသာဝတီမြို့၊ မြစ်ကွေ့ကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် အရှင်ပညာဝံသမထေရ်ကလည်း ဖော်ပြပါ ဆရာတော်ဘုရားကြီး နှစ်ပါးတို့ကို ဖော်ညွှန်းကိုးကား သွားခဲ့ကြသည့် ကျမ်းများအပြင် ဝိနည်းငါးကျမ်း အဋ္ဌကထာများ၏ အဖွင့်ဋီကာကြီးများအနက် ရှေးအကျဆုံး ဋီကာဖြစ်သည့် ဝဇီရဗုဒ္ဓိကျမ်းကြီးများ၌လည်း အရှင်ဥပဂုတ်အကြောင်း အနည်းငယ် ပါရှိသည်ဟု မဟာဝင်ကျမ်း၏ နောက်ဆက်တွဲ (၃၇၆)၌ ဖြည့်စွက် မိန့်ဆိုထားသည်ကို လေ့လာဖတ်ရှုရ၏။

ထို ဝဇီရဗုဒ္ဓိဋီကာ ဝေရဉ္စကဏ္ဍအဖွင့် (၆၃)၌ "ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဝေရဉ္စပြည်တွင် ဝါဆိုတော်မူစဉ်က ဘုရားအမှူးရှိသော သံဃာတော်များအား ဒကာ ဒကာမများက ဆွမ်းမလှူနိုင်ရန် မာရ်နတ်က လှည့်ပတ်ထားသည်ကို ဘုရားရှင်မှာ ပယ်ဖျက်နိုင်သည့် တန်ခိုးအစွမ်းသတ္တိ ရှိသော်ငြားလည်း သည်းခံတော်မူခဲ့ခြင်းမှာ နောင် ပရိနိဗ္ဗာန် စံပြီးတော်မူပြီး အချိန်တွင် အရှင်ဥပဂုတ်မထေရ် မာရ်နတ်ရန်ကို ပယ်ဖျက်နှိမ်သည့်အခါ မာရ်နတ်မင်းသည် ဘုရားရှင်ကို သတိရပြီး ကြည်ညိုစိတ် ဖြစ်ပေါ်လာမည့်အကြောင်း (ဝါ) လူအများက အရှင်ဥပဂုတ်အား ကြည်ညိုကြမည့် အကြောင်းကြောင့် သည်းခံတော်မူခဲ့ခြင်းဖြစ်သည်။ ဤမာရ်နတ်နှိမ်ခန်း၌ ရှင်ဥပဂုတ်၏ အစိဋ္ဌာန်ခြင်းကို ဆိုသင့်လှ၏" ဟူ၍ ဖွင့်ဆိုထားသည်ကို တွေ့ရ၏။



## လောကပညတ္တိကျမ်းနှင့် ဒိဗျာဝဒါနသက္ကတကျမ်း

လောကပညတ္တိကျမ်း၌လည်း "အရှင်ဘုရား မဟာသမုဒ္ဒရာရေအတွင်း၌ ကြီးစွာသော ရေထုကိုခွဲ၍ ထိုအတွင်း၌ ရတနာအမျိုးမျိုးဖြင့်ပြီးသော ပြာသာဒ်ကို ဖန်ဆင်း၍ သီတင်းသုံးနေသော ကိသနာဂ အမည်ရှိသော ဥပဂုတ္တ ရဟန်းတော်ရှိပါသည်ဘုရား" စသည်ဖြင့် ရှင်ဥပဂုတ် အကြောင်းအရာများကို မေးဖွားချိန်မှစ၍ မာရ်နတ်နှိမ်နင်းခန်းအထိ တခမ်းတနားပါဠိဘာသာဖြင့် ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရသည်၊ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးကလည်း ထိုရှင်ဥပဂုတ် အတ္ထုပ္ပတ္တိကို စူဠဝင် မဟာဝင်ဋီကာတို့၌ ထင်ရှားစွာ ပြဆိုထားသည်ဟု ဇိနတ္ထပကာသနီကျမ်း၌ မိန့်ဆိုထား၏။

သက္ကတဘာသာဖြင့် ပြုစုထားသည့် ဒိဗျာဝဒါန ၌မူ ပါဠိရလိပုတ်ပြည်ရှင် အသောကဘုရင်ကြီးလက်ထက်တွင် ဘုရင်ကြီး အလွန်ကြည်ညိုသည့် ရှင်ဥပဂုတ်မည်သော မထေရ်ကြီး တစ်ပါး ရှိခဲ့သည်။

ယင်းမထေရ်သည် မထုရာမြို့အနီးက ဥရုမုဏ္ဍတောင်လိုဏ်ဂူထဲ၌ ရဟန်းသံဃာပေါင်း မြောက်မြားစွာနှင့် သီတင်းသုံးနေသည်။ အသောကဘုရင်ကြီးကို ဗုဒ္ဓမြတ်စွာဘုရားသခင် သီတင်းသုံးတော်မူခဲ့ရာ နေရာမြတ်များကို ထိုအရှင် ရှင်ဥပဂုတ္တမထေရ်ကြီးကပင် ဦးဆောင်လိုက်ပို့ကာ ရှင်တော် ဗုဒ္ဓမြတ်စွာဘုရား သီတင်းသုံးခဲ့စဉ်က အကြောင်းတို့ကို ရှင်းလင်း မိန့်ကြားခဲ့ကြောင်း ဖော်ပြထားသည်ဟု ဆို၏။

ငွေတောင်တန်း၊စာစပေ

www.burmeseclassic.com

www.burmeseclassic.com



## ရှင်ဥပဂုတ် အမှန်တကယ် ရှိ,မရှိ

ထိုသို့ဖြင့် ရှင်ဥပဂုတ် ရဟန္တာ၏ အကြောင်းများကို အကျဉ်းဖော်ပြထားသော ပါဠိဘာသာကျမ်းများမှာ....

(က) မိလိန္ဒပဉှာပါဠိတော်၊

(ခ) ဝိနယပိဋကဝဇိရဗုဒ္ဓိဋီကာ၊

(ဂ) ကစ္စည်းသဒ္ဒါကျမ်း၊

(ဃ) သဒ္ဒနီတိသဒ္ဒါကျမ်း တို့ ဖြစ်၏။

အကျယ်ကို ဖော်ပြသော ကျမ်းများမှာ....

(က) လောကပညတ္တိကျမ်း၊

(ခ) စူဠဝင် မဟာဝင်ဋီကာတို့ ဖြစ်၏။

ယင်းကျမ်းများမှာ အားလုံး ပါဠိဘာသာဖြင့် တည်ရှိကြသော ကျမ်းများဖြစ်၍ ထေရဝါဒပိဋကတ်တွင် ပါဝင်သော ကျမ်းများဖြစ်၏။

ထိုကျမ်းများတွင် မိလိန္ဒပဉှာကျမ်းမှာ စတုတ္ထသင်္ဂါယနာ တင်ပြီးမှ ပေါ်သောကျမ်း ဖြစ်သော်လည်း အဋ္ဌသာလိနီ စသော အဋ္ဌကထာကြီးများတွင် "တေ နာဂ အာယသ္မာ နာဂသေနော တေ နာဂသေနော" စသည်ဖြင့် မကြာခဏ ကိုးကားဖော်ပြရသဖြင့် ပါဠိတော်အဆင့်ရှိသော ကျမ်းကြီး ဖြစ်၏။



သို့ရာတွင် ဆရာတော်ဘုရားကြီးနှစ်ပါးတို့ အသုံးပြု ကိုးကားခဲ့သည့် (မြန်မာအက္ခရာပါဠိဘာသာပေမူ) မိလိန္ဒပဉှာ ပါဠိတော်နှင့် တိုင်းအက္ခရာပါဠိဘာသာစာအုပ်မှ မိလိန္ဒပဉှာ ပါဠိတော်တို့၌သာ "ဥပဂုတ္တထေရော" ပုဒ် ပါသည်ကိုတွေ့ရ၏။

ဝဇိရဗုဒ္ဓိဋီကာ၊ ကစ္စည်းသဒ္ဒါကျမ်း၊ သဒ္ဒနီတိသဒ္ဒါကျမ်း တို့ကား ထေရဝါဒ သံဃာတော်များ ယနေ့တိုင် အစဉ်တစိုက် လေ့လာအသုံးပြုနေကြရသော ကျမ်းများဖြစ်၍ စူဠဝင် မဟာဝင် ဋီကာတို့မှာ ဗုဒ္ဓဝင်နှင့် သီဟိုဠ်သာသနာဝင် အကြောင်း တို့ကို ပါဠိဂါထာတို့ဖြင့် ပြုစုထားသော မဟာဝင် စူဠဝင် ကျမ်းတို့၏ အဖွင့်ကျမ်းများဖြစ်သဖြင့် သာသနာဝင် ဇဟုသုတ အတွက် ထေရဝါဒ သံဃာတော်များ လေ့လာရသည့် ကျမ်း များဖြစ်၏။

ဤသို့ ထေရဝါဒ ပါဠိပိဋကတ်ကျမ်းဂန်များနှင့် သက္ကတ ဘာသာကျမ်း အချို့တို့၌ ရှင်ဥပဂုတ် အကြောင်းတို့ အနည်း နှင့်အများ အတိအကျ ဖော်ပြထားကြသောကြောင့် အသောက မင်းတရား လက်ထက်တွင် အရှင်ဥပဂုတ်မထေရ်သည် ကေန် အမှန် ရှိခဲ့သည်ဟု ဆိုရမည်ဖြစ်၏။

### လောကပညတ္တိကျမ်း

ထေရဝါဒသုံး ပါဠိဘာသာဖြင့် တည်ရှိသည့် ကျမ်းများ တွင် လောကပညတ္တိကျမ်း တစ်ကျမ်းတည်း၌သာ ရှင်ဥပဂုတ် အကြောင်းကို ပြည့်ပြည့်စုံစုံ ဖော်ပြထားကြောင်း တွေ့ရှိရသည်။ သို့ရာတွင် စူဠဝင် မဟာဝင် ဋီကာတို့၌လည်း ရှင်ဥပဂုတ် အတ္ထုပ္ပတ္တိကို ဖော်ပြထားသေးကြောင်း ဇိနတ္ထပကာသနီကျမ်း တွင် ကျီးသဲလေးလံ ဆရာတော်ဘုရားကြီးက ဖွင့်ဆိုထား သည်ကို ဖတ်ရှုရ၏။

ခင်မောင်တန်း၊စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘာသာဖြင့် ရှင်ဥပဂုတ်အကြောင်းကို အကျယ် ရေးသား ဖော်ပြခဲ့သော ကျမ်းများကား ဦးကုလားမဟာရာဇဝင်တော်ကြီး၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဇိနတ္ထပကာသနီကျမ်း၊ မဟာဝင်ဝတ္ထုတော်ကြီး၊ ပဉ္စဗျာကရဏအဋ္ဌကထာ ကျမ်းနှင့် ပေ့ါရဏဓီပနီကျမ်း စသည်တို့ဖြစ်သည်။ ထိုကျမ်းများတွင် ဦးကုလားမဟာရာဇဝင်တော်ကြီးမှာ ရှေးအကျဆုံးဖြစ်၍ မှန်နန်းရာဇဝင် စသည့် နောက်ကျမ်းများသည် ဦးကုလားမဟာရာဇဝင်တော်ကြီးကို မှီငြမ်းပြု၍ ရှင်ဥပဂုတ်အကြောင်းကို အညီသွင်းရေးသားကြခြင်း ဖြစ်၏။

ရာဇဝင်ကျမ်းပြု ဆရာကြီး ဦးကုလားကား ရှင်ဥပဂုတ်အကြောင်းကို အကျယ်ဖော်ပြကြသည့် လောကပညတ္တိကျမ်းနှင့် သတ္တပကာသနီခေါ် မဟာဝင် ဋီကာကျမ်းတို့တွင် လောကပညတ္တိကျမ်းကို မှီငြမ်းပြုထားသည်ဟု မှန်နန်းရာဇဝင်တော်ကြီး၌ ဆိုထား၏။

## မှန်နန်းရာဇဝင်တော်ကြီး

မှန်နန်း ရာဇဝင်တော်ကြီး၌ ''ဤရှင်ဥပဂုတ် မာရ်နတ်မင်းကို နှိမ်နင်းသည့် အခန်းသည် သင်္ဂါယနာတင် ပါဠိအဋ္ဌကထာ ဋီကာ ကျမ်းကြီး ကျမ်းခိုင်များတွင် မလာမရှိ၊ ပေမူခြောက်အင်္ဂါခန့်ရှိသော လောက ပညတ္တိကျမ်း၌သာ လာသည်။ ထိုကျမ်းသည် သင်္ဂါယနာတင်ကျမ်း မဟုတ်ဟု ဆရာမြတ်တို့က မိန့်ဆိုကြ၏။ ရဟန္တာပုဂ္ဂိုလ် ဖြစ်လျက် ရှင်ဥပဂုတ် နဂါးရုပ်သည် ဖန်ဆင်း၍ တန်ခိုးပြသည်ဟူသော စကားသည် ဖန်ဆင်း၍ တန်ခိုးမပြရဟု ပညတ်ထားသည့် ဘုရားရှင်၏ အာဏာတော်ကို လွန်ကြူးရာ ရောက်ကြောင်း ဝိနည်းကျမ်းဂန်နှင့် မညီသော စကားဖြစ်သည်'' ဟူ၍ မှတ်ချက်ပြုထား၏။



အထူးသဖြင့် အသောကမင်းကြီး၏ တတိယ သင်္ဂါယနာတင်ခန်းကို ဖွင့်ဆိုကြသည့် ပါရာဇိကဏ် အဋ္ဌကထာ သာရတ္ထဒီပနီဋီကာကြီးတို့၌ ရှင်ဥပဂုတ် မာရ်နတ်မင်း နှိမ်နင်းခန်းမပါသောကြောင့် ပညာရှင်များ သံသယဖြစ်ကြခြင်း ဖြစ်၏။

ထိုအချက်ကို ကျေးသဲလေးထပ် ဆရာတော် ဘုရားကြီးက—

'သင်္ဂါယနာဝင် ကျမ်းကြီးတို့၌ မပါဝင်သည်မှာလည်း တတိယ သင်္ဂါယနာတင်ပြီးနောက်မှ ပေါ်ထွက်လာသော ရဟန္တာဖြစ်၍ မပါသည်ဟု ယူဆရမည်။ ပါရာဇိကဏ် အဋ္ဌကထာ နိဒါန်း၌ အရှင်ဥပဂုတ်၏ အတ္ထုပ္ပတ္တိ စသည်ကိုမဆို၊ ယင်းသို့မဆိုသော်လည်း ထိုအတ္ထုပ္ပတ္တိကို စူဠဝင် မဟာဝင် ဋီကာတို့၌ ထင်ရှားစွာ လာသောကြောင့် လည်းကောင်း၊ ကစ္စည်းကျမ်း၌ပင် ''ဥပဂုတ္တေန မာရော ဗန္ဓော'' ပါဌ်ကို ဥဒါဟရုဏ်ပြုသောကြောင့် လည်းကောင်း၊ ပမာဏပြုလောက်သော စကားဖြစ်၍ သွင်းဆိုလိုက်သည်။

အဋ္ဌကထာ၌ မလာသည်ဟူ၍ မဟုတ်ဟု မယူသင့်၊ အကျဉ်းသာ စီရင်သောကြောင့် စကား ကြွင်းလေသည်ကို ဋီကာဆရာတို့ သွင်းရသည်လည်း အများပင် ဖြစ်သည်'' ဟူ၍ ပဉ္စဗျာကရဏဋ္ဌကထာ သကျမ်း၊ ဇိနတ္ထပကာသနီကျမ်းတို့၌ ဖြေရှင်းပြထား၏။

ဆရာဦးဆန်းထွန်းက....

''ကပိလက္ခဏာ ဝိသောဓနီကျမ်းတွင်'' မျက်မှောင်ကြုံတော်ကြုံ၊ ဥပဂုတ်၊ ပယ်ထုတ်မာရ်ကိုဖိ'' ဟူသော ကပိလက္ခဏာ သတ်ပုံအဖွင့်၌ ရှင်ဥပဂုတ် တန်ခိုးဖန်ဆင်းခြင်းနှင့် ပတ်သက်၍



www.burmeseclassic.com

www.burmeseclassic.com



နန်း မဟာရာဇဝင်တော်ကြီးကို ပြုစုကြသော ဆရာများက
ဝိကုဗ္ဗဒိဒ္ဓ ဖြစ်လေဟန် စွပ်စွဲခြင်းသည် "အဓိဋ္ဌာန်ဒ္ဓိ"ဟု
ကြိမ်ကြိမ်လာရှိသော လောက ပညတ္တိစကားကို သတိမမူ
ခြင်း၊ ဃောက ပညတ္တိကိုမှီ၍ ရေးသော ရာဇဝင်ကြီးကို
ယ်လိုစိတ် အားကြီးနေခြင်း၊ ရှင်သောဏ မထေရ် ဖန်
င်းသော တန်ခိုးကား ဝိကုဗ္ဗနိဒ္ဓိမဟုတ် အဓိဋ္ဌာနိဒ္ဓိ ဖြစ်သည်
မိမိတို့ကိုယ်တိုင်ပင် ဆိုမည့်စကား မထောက်ထားခြင်း၊
ဉ်ဥပဂုတ် တန်ခိုးဖန်ဆင်းရာ မိမိကိုယ်သဏ္ဌာန်ကို ပယ်ဖျောက်
ည်ဟု လောကပညတ္တိကျမ်းက တစ်ခွန်းတစ်ပါဒမှ မဆိုခြင်း၊
လောကပညတ္တိကျမ်း၏ ကျမ်းရင်းဖြစ်ပုံ၊ ဇိနာလင်္ကာရဋီကာ
မ်းများကပင် ကိုးကားခဲ့ရပုံကို သတိလစ်နေခြင်း၊ ဝိနည်း
ကာ (၃) ကျမ်းအပါအဝင် ဝဇီရဗုဒ္ဓိဋီကာကြီးက ရှင်ဥပ
တ်၏ အဓိဋ္ဌာနိဒ္ဓိဟု သုံးစွဲခြင်းများကိုသတိလစ်နေခြင်း၊အခြင်း
ရာ ဘာတစ်ခုမှမထူးသော ရှင်ဥပဂုတ်၏ တန်ခိုးဖန်ဆင်း
င်းနှင့် ရှင်သောဏမထေရ်၏ တန်ခိုးဖန်ဆင်းခြင်း နှစ်ခု
နက် ရှင်ဥပဂုတ်၏ တန်ခိုးဖန်ဆင်းခြင်း နှစ်ခုအနက် ရှင်
ပဂုတ်၏ တန်ခိုးဖန်ဆင်းခြင်းကို မအပ်သော ဝိကုဗ္ဗနိဒ္ဓိ
င်သောဏထေရ်၏ တန်ခိုးဖန်ဆင်းခြင်းကိုကား အပ်သော
ဓိဋ္ဌာနိဒ္ဓိဟု မလို မလိုသလို၊ လိုသလို ဆုံးဖြတ်သော "မုဒေါ
သာကန" ဖြစ်သင့်ရောက်မည်များကို သတိမထားခြင်း
သော မခိုင်ခံ့သော အကြောင်းတို့ကြောင့်သာ ဖြစ်သည်ဟု
တို့ သဘောရရှိသည်။ ဆင်ခြင်၍ ယူတော်မူကြစေသတည်း"
၍ ဖွင့်ဆို ရေးသားထား၏၊

ဝိကုဗ္ဗနိဒ္ဓိဆိုသည်မှာ မိမိ၏ပကတိရုပ်သွင်ကို ပယ်ဖျောက်၍
မိရုပ်ကိုပင်လျှင် ဆင်အသွင်၊ နဂါးအသွင်၊ ဂဠုန်အသွင်
သည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းပြသော တန်ခိုးဖြစ်၏။



မိမိ၏ ပကတိရုပ်သွင်ကို မဖျောက်ဘဲ ပြင်ပ၌ ဆင်၊ နဂါး၊
ဂဠုန် စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းပြခြင်း၊ တစ်
ယောက်တည်းက တစ်ရာ တစ်ထောင် စသည်ဖြင့် အများဖြစ်
မြောက်အောင် အဓိဋ္ဌာန်ဖြင့် ဖန်ဆင်းပြခြင်းတို့သည် အဓိဋ္ဌာ
နိဒ္ဓိဖြစ်၏။

ထိုနှစ်မျိုးတွင် ဝိကုဗ္ဗနိဒ္ဓိကို ရဟန်းတော်များ မပြုလုပ်
ကောင်းသော်လည်း၊ အဓိဋ္ဌာနိဒ္ဓိကိုမူ ပြုလုပ်ကောင်းသည်ဟု
ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယ ပါရာဇိက အဖွင့်နှင့် ဝိမတိ
ဒေါမနီဋီကာ ပ-အုပ်တို့၌ မိန့်ဆိုထား၏။

မိလိန္ဒပဉှာ ပါဠိတော် (ရွှေမြန်မာစာပေမူ၊ ထိုင်းမူ) နှင့်
နေ့တိုင် ထေရဝါဒီ သံဃာတော်များ အစဉ်အဆက် လေ
ာ သင်ကြား နေကြသည့် ဝဇိရ ဗုဒ္ဓိဋီကာ၊ ကစ္စည်းသဒ္ဒါ
ကျမ်း၊ သဒ္ဒနီတိ ကျမ်းတို့၌ အရှင်ဥပဂုတ် မထေရ် မာရ်နတ်မင်းကို
ခ်နင်းဆုံးမသည့် အကြောင်းနှင့်ပတ်သက်၍ တစ်စွန်းတစ်စ
ဆိုထားခြင်း၊ အရှင်ဥပဂုတ် မထေရ်မှာ ထူးခြားသော
ာန္တာ တစ်ပါးဖြစ်ခြင်း၊ ဆရာဦးဆန်းထွန်း ဆိုသကဲ့သို့
လောကပညတ္တိကျမ်း၌ အဓိဋ္ဌာနိဒ္ဓိဟု အကြိမ်ကြိမ်သုံးနှုန်းထား
င်း၊ ဝဇိရဗုဒ္ဓိ ဝိနည်းဋီကာ ကျမ်းကြီး၌လည်း "ဤ၊ ၁ရ်နတ်
ာ်ခန်းတွင် အရှင်ဥပဂုတ်၏ အဓိဋ္ဌာန်တော် မူခြင်းတို့ကို
ာက်ထား၍ ထိုစဉ်အခါက ရှင်ဥပဂုတ်နှင့် မာရ်နတ်တို့
န်ခိုးပြိုင်ပွဲသည် အမှန်တကယ်ဖြစ်ခဲ့သည်။ ထိုပြိုင်ပွဲတွင်
ရှင်ဥပဂုတ် မထေရ်သည် ဘုရားရှင် ခွင့်ပြုထားသည့် အဓိဋ္ဌာ
တန်ခိုးဖြင့်ပင် မာရ်နတ်မင်းကို နှိမ်နင်း ဆုံးမခဲ့သည်ဟု
သာ၏။



www.burmeseclassic.com

www.burmeseclassic.com



## ရှင်ဥပဂုတ်နှင့် မြန်မာနိုင်ငံ

မြန်မာ ဗုဒ္ဓဘာသာဝင် တို့သည် သီရိဓမ္မာသောကမင်းတရားကြီးလက်ထက်တွင် အရှင်ဥပဂုတ် ရဟန္တာ မြတ်က မာရ်နတ်မင်းကို တန်ခိုးတော်ဖြင့် နှိမ်နင်း ဆုံးမခဲ့သည့် အကြောင်းကို အစဉ်အဆက် လက်ခံယုံကြည် လာခဲ့ကြသည်၊ ထို့ကြောင့် ရှင်ပြုရဟန်းခံ၊ ဘုရားပွဲ၊ အလှူမင်္ဂလာပွဲများ ပြုလုပ်ကြသည့်အခါ အရှင်ဥပဂုတ်ရဟန္တာမြတ်အား ပင့်ဆောင် ပူဇော်လေ့ ရှိကြ၏။

ပုံတော် ရုပ်တုတော်များရှိလျှင် ပုံတော် သို့မဟုတ် ရုပ်တုတော်ကို မဏ္ဍပ်သို့ ပင့်ဆောင်၍၊ ပုံတော် ရုပ်တုတော်များမရှိလျှင် မြစ်ကမ်းပါးသို့ သွားကာ တောင်သမုဒ္ဒရာဘက်သို့ လက်အုပ်ချီမိုး ရှိခိုးပြီး “ဘုရားတပည့်တော်များ အလှူမင်္ဂလာမဏ္ဍပ်သို့ ကြွရောက်၍ သီတင်းသုံးတော်မူပါ ဘုရား၊ မိုးလေစသော အန္တရာယ်များကို အလှူပြီးဆုံးသည်အထိ တားဆီးကာကွယ်ပေးတော်မူပါဘုရား”ဟူ၍ လျှောက်ထား ပင့်ဆောင်လေ့ရှိ၏။

ပင့်ဆောင်ထားသည့် ရုပ်ပုံတော် သို့မဟုတ် ရုပ်တုတော်ကို နံနက်တွင် ဆွမ်းခဲဖွယ်တို့ ဆက်ကပ်၍ ညဘက်တွင် ဆီမီး၊ပန်း၊ ရေချမ်းများဖြင့် ပူဇော်လေ့ ရှိကြ၏။

အချို့ကမူ ရှင်ဥပဂုတ်ကိုယ်တော်ကြီးအား အုန်း၊ငှက်ပျောပွဲတို့ဖြင့် ပူဇော်၍ မဏ္ဍပ်တိုင်တွင် အုန်းသီး ငှက်ပျောသီးတို့ကို ချိတ်ဆွဲထားလေ့ ရှိကြသည်။ ထိုကဲ့သို့ ရှင်ဥပဂုတ် ကိုယ်တော်ကြီးကို ပင့်ဆောင် ပူဇော်ထားလျှင် အလှူပွဲကို လေမိုးတို့ မဖျက်ဆီးနိုင်ဟု ယုံကြည်ကြ၏။

မြန်မာတို့သည် အလှူအတန်း ပြုလုပ်သည့်အခါများ၌သာ မဟုတ်၊ တစ်သီးတခြား အားဖြင့်လည်း အရှင်ဥပဂုတ် ပူဇော်



ပွဲကို ပြုလုပ်လေ့ရှိသည်။ သစ်ကြီး ဝါးကြီးတို့ဖြင့် သေချာခိုင်ခံ့စွာ ဖောင်ဖွဲ့ပြီးလျှင် ပြာသာဒ် ကျောင်းဆောင်ပေါ်တွင် ရှင်ဥပဂုတ် ရဟန္တာ ရုပ်ထုတော်ကို ပူဇော်ထားကြသည်။ ထို့နောက် ရဟန္တာ အရှင်သူမြတ်ကြီးအား ဆွမ်းကွမ်း သစ်သီး၊ ပန်း၊ ဆီမီး စသည်တို့ဖြင့် ပူဇော်ကာ ရှင်ဥပဂုတ် ဖောင်တော်ကြီးကို မြစ်ရေယဉ်ကြောတွင် မျှောလိုက်ကြ၏။

ထိုဖောင်တော် ဆိုက်ကပ်ရာ မြို့ရွာများကလည်း မိမိတို့မြို့ရွာတွင် တစ်ပတ်ဖြစ်စေ၊ နှစ်ပတ်ဖြစ်စေ ထားကာ ပူဇော်တတ်ကြသည်။ အားရကျေနပ်စွာ ပူဇော်ကန်တော့ပြီးသည့်အခါ မျှောလိုက်ကြပြန်သည်။ ဤသို့ ဖောင်ဆိုက်ကပ်ရာ အရပ်ဒေသများမှ ဗုဒ္ဓဘာသာဝင်တို့သည် ဖောင်တော်ကို ဆီးကြိုပင့်ယူပြီး ဆက်ကာဆက်ကာ ပူဇော်လေ့ရှိသည်။ ဖောင်တော်ကြီးကို ယူလာသည့်အခါ၌လည်း ကောင်းမွန်စွာ ပြုပြင်၍ မျှောလေ့ရှိကြ၏။

ပဲခူးတိုင်း ညောင်လေးပင် မြို့အနီးရှိ ရွှေကျင်မြို့တွင် နှစ်စဉ်နှစ်တိုင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် ရှင်ဥပဂုတ် ဖောင်မျှောပွဲကို ကြီးကျယ်စည်ကားစွာ ကျင်းပလေ့ရှိကြသည်။ ထားဝယ်စသော အရပ်ဒေသများ၌လည်း ရှင်ဥပဂုတ် ပူဇော်ပွဲကို ပြုလုပ်လေ့ရှိသည် ဆို၏။

အထူးသဖြင့် ပဲခူးတိုင်း စစ်တောင်းမြစ် အရှေ့ဘက်ကမ်း အရှေ့ရိုးမတောင်ခြေရှိ ကျောက်ကြီးမြို့၌လည်း တော်သလင်းလဆန်း (၁၂–၁၃–၁၄)ရက်များတွင် ရှင်ဥပဂုတ် မီးမျှောပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသည်။ ထိုပွဲတော်သည် ဒေသခံ တိုင်းရင်းသားတို့၏ တစ်ခုတည်းသော ပွဲတော်ဖြစ်သည်ဆို၏။ ယခုခေတ်တွင် ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဖွဲ့ကာ ကျောက်ကြီးမြို့လယ် ချောင်းအတွင်း၌ ကျင်းပ ပြုလုပ်လေ့ရှိကြ၏။

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်တွင် လှေပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ တောလိုးပွဲ၊ အိုးစည်ဒိုးပတ်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများလည်း ပါဝင်သည်။ မြို့နယ်လုံးကျွတ် တောင်သူ လယ်သမားများ၏ ထွန်တုံးပိတ်ပွဲတော်နှင့် လယ်ယာကဏ္ဍ ထူးချွန်ဆု ပေးအပ်ပွဲများကိုပါ ပူးတွဲကျင်းပလေ့ရှိရာ အထူးကြီးကျယ် စည်ကားလှ၏။

ထို့ပြင် အနယ်နယ် အရပ်ရပ်ရှိ ဘုရား၊ တန်ဆောင်း၊ သိမ်ကျောင်း၊ ဓမ္မာရုံ စသည်တို့တွင်လည်း ဘုရားရုပ်ပွားဆင်းတုတော်များ ပူဇော်ထားရာ၌လည်း ရှင်ဥပဂုတ် ရဟန္တာရုပ်တုတော်ကိုပါ ပူဇော်ထားတတ်ကြသည်။ ဤသည်တို့မှာ မြန်မာဗုဒ္ဓဘာသာဝင်တို့အရှင်ဥပဂုတ် ရဟန္တာ အရှင်သူမြတ်အား ကိုးကွယ်ယုံကြည်မှုပင် ဖြစ်၏။

★

## အရှင်ဥပဂုတ် ထေရုပ္ပတ္တိ

### ဗုဒ္ဓနှင့် အရှင်ဥပဂုတ် အလောင်းတော်

ဗုဒ္ဓမြတ်စွာ ဘုရားသခင်သည် တခါတစ်ပါး၌ ရာဇဂဟ (ရာဇဂြိုဟ်ပြည်)တွင် ရှိတော်မူခဲ့၏၊

ထိုစဉ် တစ်နေ့သ၌ ဘိက္ခုအာနန္ဒကို နောက်တော်မှ လိုက်ပါစေလျက် ရာဇဂဟမြို့တွင်းသို့ ဆွမ်းအလှူခံရန် ကြွဝင်တော်မူလာခဲ့၏။

ပိယဒဿီခေါ် သူဌေးသားလေးတစ်ယောက်သည် အပေါင်းသူငယ်ချင်းများနှင့်အတူ လမ်းမကြီးနံဘေးတွင် မြေမှုန့်များကိုကိုင်ကာ ကစား၍နေ၏။

သူဌေးသား ပိယဒဿီက ကစား၍နေရာမှ ဗုဒ္ဓမြတ်စွာဘုရားသခင်ကို မြင်တွေ့လိုက်ရ၏။

သူ၏စိတ်တွင်းဝယ် စေတနာ သဒ္ဓါတရားများ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် သူကစား၍နေသော မြေမှုန့်များကို ဗုဒ္ဓမြတ်စွာဘုရားသခင်၏ သပိတ်တော်ထဲသို့ လောင်းထည့် လှူဒါန်းလိုက်၏။

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာဘုရားသခင်က သူ့အား ချီးမြှောက်တော်မူလို သဖြင့် ထိုမြေမှုန့်များကို ခံယူတော်မူခဲ့၏။

ဗုဒ္ဓမြတ်စွာဘုရားသခင်က မြေမှုန့်အလှူခံပြီး ပြုံးတော်မူလိုက်၏။

ဤတွင် ဗုဒ္ဓမြတ်စွာဘုရားသခင်၏ သွားတော်မှ ဖြူဖွေးသော ရောင်ခြည်တော်တို့သည် လျှပ်လက်သကဲ့သို့ လင်းခနဲ တစ်ချက်မျှ ထွက်သွားခဲ့ရာ နောက်တွင် ပါရှိလာသော ဘိက္ခုအာနန္ဒက ဗုဒ္ဓမြတ်စွာဘုရားသခင် ပြုံးတော်မူမှုန်းကို သိလိုက်၏။

"အဘယ်အကြောင်းကြောင့် ပြုံးတော်မူပါသလဲ နောင်တော် ဗုဒ္ဓ"

ဤသို့ ဘိက္ခုအာနန္ဒက မေးလျှောက်လိုက်၏။

"အာနန္ဒ .... သည်သူငယ်ကလေး၏ ဖြစ်လတ္တံ့သော အကြောင်းကို မြင်မိ၍ ငါပြုံးသည်တကား ...."

"ဤသို့ ဖြစ်သော အကြောင်းစုံကို ညီတော်သိနိုင်ရန် မိန့်မှာကပါဘုရား"

"နားထောင်သော့ အာနန္ဒ၊ သည်သူငယ်လေးသည် မြေမှုန့်လှူရတဲ့ကောင်းမှုကြောင့် ငါလွန်ပြီးနောက် ငါ၏ သာသနာ နှစ် ၂၀၀ ရောက်သည့်အခါ မာရ်နတ်ကို နှိမ်နင်းနိုင်မည့် ဘန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသည့် အရဟာ (ရဟန္တာ) တစ်ဦးဖြစ်လတ္တံ့"

"အမိန့်ရှိတော်မူပါဘုရား"

"ထိုသာသနာနှစ်တွင် ဇမ္ဗူဒိတ်ကျွန်းလုံးကို အစိုးရသည့် အသောကမည်သော မင်းကြီးသည် ငါ၏ ဓာတ်တော်များကို ပူဇော်ပွဲသဘင်ကြီး ပြုလိမ့်မည်"



"မှန်ပါ၊ ဆက်လက်မိန့်မြွက်တော်မူပါဘုရား"

"ထိုပူဇော်ပွဲကို မာရ်နတ် ဖျက်လတ္တံ့၊ ထိုမာရ်နတ်ကို ရဟန္တာ အရဟာအဖြစ် ရောက်ရှိနေမည်ဖြစ်သော ဤသူငယ်လေးက နှိမ်နင်း ဆုံးမလိမ့်မည် အာနန္ဒ"

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ဤသို့မိန့်မြွက်ကာ ဗျာဒိတ်ပေးသွားခဲ့၏။

ထိုဗုဒ္ဓမြတ်စွာဘုရားသခင်၏ ဗျာဒိတ်စကားအတိုင်း ဖြစ်လာရန် ဖန်တီးလာပုံကား....

**သန္ဓေသူ မဇ္ဈိမဒေဝီ**

ဗုဒ္ဓမြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သာသနာတော်သည် ရှစ်ဆွေဒအားဖြင့် နှစ်ပေါင်း ၂၀၁ သို့ တိုင်ခဲ့ပြီ။

တစ်ရံရောအခါတွင် ရာဇဂဟမြို့တော်ကြီးနှင့်မဝေးလှသော တောတစ်ခု၌ တံငါရွာကလေးတစ်ခု ပေါ်ပေါက်လာ၏။

ထိုတံငါရွာကလေးမှ တံငါများ ငါးဖမ်းထွက်လာခဲ့ကြ၏။

တစ်နေ့သ၌ အလွန်ကြီးမားသော ရွှေငါးကြီးတစ်ကောင် တံငါတို့ ဖမ်းဆီးမိခဲ့ကြ၏။

ငါးကြီး ကုန်းပေါ်အရောက်တွင် ဦးခေါင်းကိုဖြတ်ကာ သတ်လိုက်ကြ၏။

ငါးကြီး၏ဝမ်းဗိုက်မှာ ဗိုလ်ကို လှုပ်ရှားလျက် ရှိနေ၏။

ငွေတောင်ထန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် တံငါသည်ကြီးတစ်ဦးက—

"ငါ့လူတို့၊ ဒီငါးကြီးဟာ ကေန္တ တစ်ခုခုမျိုးထားတာပဲ၊ အဲဒီတော့ ငါးဗိုက်ထဲကပစ္စည်းကို မထိခိုက်ရအောင် ဂရုစိုက်ပြီး ဗိုက်ကိုခွဲကြပေ့" ဟူ၍ ပြောလိုက်၏။

သို့ဖြင့် ငါးကြီးကို ဂရုတစိုက် ဗိုက်ခွဲကြ၏။

လွန်စွာလှပပြီး ဝဝတုတ်တုတ် ရွှေရုပ်သဖွယ် သမီးငယ်ကလေးကို အသက်ရှင်လျက် တွေ့ရှိကြရ၏။

ထိုမိန်းကလေးကို အိမ်တွင်ထားကာ ကျွေးမွေး ပြုစု၏။

ရာဇဂဟဘုရင်အား ဆက်သလျှင် ဆုလာဘ်များစွာ ရနိုင်သည်ကို မျှော်ကိုးပြီး တံငါသည်များသည် ဘုရင့်ထံသို့သွားရောက်ကာ ဆက်သကြ၏။

ငါးဗိုက်ထဲမှရသော သမီးငယ်လေးကို မြင်လိုက်ရသောမင်းတရားကြီးကလည်း မေတ္တာသွန်းဖြိုး အချစ်မိုးစွေလျက်ပွေ့ဖက်ယုယကာ၊ တံငါသည်များအား ဆုလာဘ်ငွေကြေးများစွာ ပေးလိုက်ပြီး သမီးအဖြစ် မွေးမြူလိုက်၏။

ငါးဝမ်းဗိုက်တွင်းမှ ရရှိသော သန္တေသူ ဖြစ်ခြင်းကြောင့် "မစ္ဆဒေဝီ" အမည်နာမ မှည့်ခေါ်စေ၏။

ရံရွေတော် အထိန်းတော်တို့နှင့် ပြုစုကျွေးမွေးစေ၏။

အသက်အရွယ် ၁၅–၁၆ အပျိုစင်ဘဝသို့ ရောက်ရှိလာ၏။

ဒေဝီစ္ဆရာ နတ်ကညာတမျှ လှပသူကလေး ဖြစ်လာတော့၏။



## အကုသိုလ်ဝင်ခြင်း

ထိုသို့ လူမက နတ်မမျှ လွန်စွာလှပသူလေးဖြစ်၏။

သို့သော်လည်း ရှေးရှေးသော ဘဝတစ်ခုက အခြားသူများအား အလွန်နံစော်ညှီဟောက်သည့် ငါးပုပ်ရေများဖြင့် ပက်ခဲ့ဖူး၏။

ထိုအကုသိုလ်ကံ ဝင်လာလေရာ၊ မစ္ဆဒေဝီ၏ လှပသောကိုယ်ခန္ဓာမှာ မခံသာ မရှုသာအောင် ငါးပုပ်နံ့များ ထွက်လာခဲ့၏။

သို့ဖြင့် မစ္ဆေဒေဝီရှိရာ အနီးအနားမှာပင် မည်သူမျှ မနေမထိုင်နိုင်လောက်အောင် ဖြစ်လာတော့၏။

ဘုရင်မင်းမြတ်မှာလည်း သမီးတော်ကို မည်မျှပင်ချစ်စေကာမူ ငါးပုပ်နံ့ကြောင့်၊ မည်သို့မျှ မတတ်နိုင်၊ ဖောင်ဖြင့်တင်ကာ မြစ်ရေယာဉ်တကြော မျှောလိုက်ရတော့၏။

ထိုသို့ ဖောင်နှင့်မျှောလိုက်ရာ ဖောင်ရောက်ရာအရပ်ဒေသအသီးသီးမှ ဘုရင်မင်းများသည် တပ်မက်မော၍ မိဖုရားမြှောက်လိုကြသော်လည်း၊ ငါးပုပ်နံ့ကြောင့် မခံနိုင်ကြရကာ မြစ်ကြောင်းကိုပင် ပြန်၍ မျှောလိုက်ကြရတော့၏။

## ကံထောက်မခြင်း

မစ္ဆဒေဝီ အဖို့ ကံစီမံသလို မြစ်တစ်ကြော မျှောလာခဲ့ရာ ဥပအမည်ရှိသော ရသေ့တစ်ပါး တရားကျင့်ရာ တောင်ခြေလာအနီး ဖောင်ကြီး ဆိုက်ရောက်သွားခဲ့၏။

ငွေတောင်ထန်း၊စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဥပရသေ့လည်း ဖောင်နှင့် မျောလာသည့် မစ္ဆဒေဝီကို ဆယ်တင်ကာ ကျောင်းသင်္ခမ်းသို့ ခေါ်ဆောင်လျက်၊ သမီး အမှတ်ဖြင့် ကျွေးမွေးပြုစုထား၏။

မစ္ဆဒေဝီကိုယ်မှ ငါးပုပ်နံ့များ ပျောက်ကွယ်သွားလေပြီ။

အလွန်တိတ်ဆိတ်သော တောတောင်ယံအတွင်း၌ဖြစ်၏။

လူသူကင်းမဲ့နေခဲ့ရသော မစ္ဆဒေဝီမှာ အပျိုကလေးဖြစ်၏။

သွေးသားမတော်စပ်သော ရသေ့ကြီးအား ဖခင်သဖွယ် ပြုစုနေရာ၌ ရံခါဆိုသလို စိတ်ခါတ်လှုပ်ရှား စိတ်ကစားမိရာမှ ဘာမဂုဏ် အာရုံကင်းပါလျက် အထင်အလင်း သန္ဓေစွဲကပ်ခဲ့၏။

## ရှင်ဥပဂုတ်လောင်း မွေးဖွားခြင်း

မစ္ဆဒေဝီသည် သူ့တွင်စွဲကပ် သန္ဓေကိုယ်ဝန် ရှိနေကြောင်း ဥပရသေ့ကြီးအား၊ လျှောက်ထား ပြောကြားလေရာ ရသေ့ ကြီးက....

“ငါ ကောင်းစွာ စောင့်ရှောက်မည်၊ စိတ်ချမ်းသာစွာ နေလေ”ဟု မိန့်ကြားလျက် သစ်သီးဝလံ ရှာကြံ ကျွေးမွေး ထား၏။

ကိုးလလွန်မြောက်၊ ဆယ်လအရောက်တွင်၊ ချောမောစွာပင် ဖွားရတနာကလေးကို မွေးဖွားခဲ့၏။

ဥပမည်သော ရသေ့ကြီး၏ စောင့်ရှောက်ခံအဖြစ် “ဥပ ဂုတ္တ”ဟု အမည်မှည့်ခေါ်၏။



## ဥပဂုတ်၏ လက္ခဏာ

ဥပဂုတ္တ သတ္တိသားဂုဏ် အရုပ်ဆိုးလှ၏။
အသားအရေ မည်းနက်၏။
စိတ်ကြမ်း၊ ကိုယ်ကြမ်း လူသရမ်းလေးဖြစ်၏။

တိတ်ဆိတ်သော တောတောင်ယံဝယ်၊ ရသေ့ကြီး၏ တရား သံ စာသံတို့ကို သူနားမဝင်၊ ကျားဟိန်းသံ၊ ခြင်္သေ့ဟောက်သံ တို့ကိုသာ သူသဘောကျ၏။

သူကား ကျားစိတ် ခြင်္သေ့စိတ်ဖြင့် ကြမ်းကြုတ် ရက်စက် အမြဲ ဒေါသထွက်နေသကဲ့သို့၊ မျက်နှာကြီး ညစ်ပုပ်ပုပ်ဖြင့် တင်းတုတ်ထိုင်၍ နေတတ်၏။

## ပြည်တော်ပြန်စွင့် ကြုံခြင်း

နေမြင်၊ လမြင် ဗေဒင်အချုပ်ရပ် တတ်သိကျွမ်းကျင်သော ဥပရသေ့ကြီးသည် မစ္ဆဒေဝီနှင့် ဥပဂုတ္တတို့၏ အလားအလာကို သေချာစွာ တွက်ဆ၍ကြည့်ရာ၊ ဤတောင်ယံတွင် ခနခြင်းထက် နေရပ်သို့ပြန်၍ နေခြင်းက အကျိုးထူးမည်ကို သိမြင်၏။

ဥပဂုတ္တကား ရုပ်ရည်ရော စိတ်နေပါ မည်မျှပင် ခက်ထန် ကြမ်းတမ်း ဆိုးသွမ်းစေကာမူ၊ မကြာလှသော ကာလ အတွင်း၌ ထင်လင်းမှန်စွာ ခိဏာသဝ ဆဋ္ဌဘိညာပဋိသမ္ဘိဒါပတ် ရဟန္တာမြတ် ဖြစ်လိမ့်မည်ကို ရသေ့ကြီးက ဗေဒင်ဉာဏ်ဖြင့် အမှန်ကိုသိသောကြောင့် သမီးနှင့်မြေး သားနှင့် အမိနှစ် ယောက်တို့အား နေပြည်တော်အရောက် ပြန်ကြရန် ပြောကြား တိုက်တွန်း၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မစ္ဆဲဒေဝီနှင့် ဥပဂုတ္တာတို့မှာ တောတောင်မြိုင်ယံကို ကျော်လွန်ပြီး မြစ်ကြောင်းမှ လှူနေရပ်ထံသို့ ဆန့်တက်ခဲ့ကြ၏။ ရာဇဂဟာ နေပြည်တော်အနီးသို့ ချည်းကပ်ခဲ့မိကြ၏။

ဖခင်ဘုရင်ကြီးလည်း သမီးပြန်လာခကြောင်း သတင်းကောင်း ကြားရ၏။

ကိုယ်တိုင်ထွက်၍ ကြိုဆိုခြင်းပြု၏။

သမီးတွင် သားတော်ပါ ပါလာသောကြောင့်၊ ဘုရင်ကြီးမှာ နန်းလျာရပြီဟု ဝမ်းသာအားရ ဖြစ်လျက်ရှိ၏။

## သားလုကြခြင်း

ဘုရင်ကြီးသည် သူကိုယ်တိုင်မှာ အသက်အရွယ် အိုမင်းပြီး မကြာမီ နတ်ရွာ လားမည်ကို သိ၏။

ချစ်သမီးအား အဆောင်အယောင် အမျိုးမျိုးကို ပြန်လည်အပ်နှင်းပြီး၊ မြေးတော် ဥပဂုတ္တာအား ထီးနန်းအပ်လှဲ ဘိသိက်ပွဲကြီး ပြုမည်ဟု စီစဉ်လေတော့၏။

ဤသို့ မြေးတော်အား နန်းတင်ရန် စီမံကာ မစ္ဆဒေဝီအား ပြောဆို တိုင်ပင်၏။

မစ္ဆဒေဝီမှာ ရသေ့ကြီး မြောစကားအရကြောင့် သားတော်အား ဘုရင် မဖြစ်စေလိုပါ။

သံသရာမှ လွတ်မြောက်ကာ လောကုတ္တရာစခန်း နိဗ္ဗာန်လမ်းသို့ သွားစေချင်၏။

မြေးကို နန်းတင်လိုသော ဘုရင်ကြီးနှင့် ရဟန်းပြုစေလိုသော မစ္ဆဒေဝီတို့ သားလုပွဲကြီး ဖြစ်ခဲ့၏။

ဤသို့ ဘုရင်ကြီးနှင့် သမီးတော်တို့ သားကို နန်းတင်မည်၊ ရဟန်းပြုစေမည်ဟု အကြိတ်အနယ် ပြောဆိုပွဲကြီး ပြုနေကြစဉ် ထူးခြားသော ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာခဲ့၏။



## ကောင်းကင်ယံတွင် ဥပဂုတ္တာ လူငယ် ရဟန္တာ ဖြစ်ခြင်း

မစ္ဆဒေဝီနှင့် ဘုရင်ကြီးတို့ သားလုပွဲတွင် ဘုရင်ကြီးဘက်က သာ နိုင်ဖို့များ၏။

ဘုရင်ကြီးအလိုကျ ထီးနန်းစည်းစိမ်ဖြင့် နေရပါမူ ကာမဂုဏ် ညွှန့်ဗွက်၌ ကျံလျက်သာ နေပေတော့မည် ဖြစ်၏။

အချည်းနှီး အချိန်တွေ ကုန်ဆုံးပေတော့မည်ဟု ကောင်းစွာ သိမြင်သော နတ်ဒေဝါ တစ်ပါးသည် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ရုတ်တရက် ပေါ်ပေါက်လာကာ ဥပဂုတ္တာ သတို့သားအား ကောင်းကင်ယံသို့မြောက်ချီပင့်ယူသွားတော့၏။

နတ်ဒေဝါ လက်တွင်း၌ ပါသွားသော ဥပဂုတ္တာ သတို့သားလည်း သူ့အား နတ်သိကြားများ ပင့်ချီသွားကြောင်းကို သတိပြုမိ၏။

ထို့ကြောင့် မကောင်းသဖြင့် အကြံပြုက ကောင်းကင်ယံမှ ကျပြီး အကျိုးမဲ့ သေဖွယ်ရှိ၏။

ကောင်းသောစိတ်ဖြင့် သင်္ခါရတရားတို့ကို နှလုံးသွင်းအံ့ဟု အကြံ ဖြစ်ပေါ်လာ၏။

သင်္ခါရ တရားတို့ကို ဝိပဿနာ ရှုနေက ကောင်းကင်မှ ကျရစေကာမူ သေရကျိုးနပ်မည် ဖြစ်၏။

ဤသို့ ဆင်ခြင်ကာ....

“အနိစ္စာဝတ သင်္ခါရာ၊
ဥပ္ပါဒဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။”

ဟူသည့်အတိုင်း သင်္ခါရ တရားတို့ကို ဝိပဿနာတင်ရှုလျက် ပါသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုခဏချင်း၌ ကောင်းကင် အဇဋ္ဌာမှာပင် သမာပတ် အဘိညာဉ်တို့နှင့် တိမ်ယှဉ်စီးနင်း၊ အာသဝေါကင်းသည့် အဂ္ဂဒက္ခိနေယျ၊ အရဟာဟု ခိဏာသဝ ရဟန္တာအဖြစ်သို့ ရောက်ခဲ့လေ၏။

## ကြေးပြာသာဒ်ဗိမာန် ပေါ်ပေါက်

ဉပဂုတ္တ သတို့သားအား ထမ်းဆောင်လာသော နတ်ဒေဝါသည်လည်း ရဟန္တာ ဖြစ်မှန်းသိသည်နှင့် တစ်ပြိုင်နက် ဉပဂုတ္တ၏ကိုယ်ကို လွှတ်လိုက်၏။

အရှင်ဉပဂုတ္တသည် ကောင်းကင်ယံတွင် ချာန်ယာဉ်ဖြင့် ပျော်မွေ့လျက် ချမ်းမြေ့စွာ နေရာမှ အောက်အရပ်ဆီသို့ ရှုကြည့်လိုက်ရာ မြေပြင်ကင်းဘိ၊ ပကတိ ပင်လယ် သမုဒ္ဒရာကြီးကို အပြောကျယ်စွာ တွေ့မြင်တော်မူ၏။

ထိုသမုဒ္ဒရာ ရေမျက်နှာပြင်ကို အရှင်ဉပဂုတ္တ ရှုမြင်လိုက်သော တစ်ခဏပင် ပရံပရ ဘဝါဘင က ဘုန်းကံကြောင့်ကြေးပြာသာဒ် ဗိမာန်ကြီး ပေါ်ပေါက်၍ လာခဲ့၏။

ဤကြေးပြာသာဒ်ကား ငါ၏ ရှေးကောင်းမှု ကံကြောင့် ပေါ်ပေါက်လာသော ကြေးပြာသာဒ်ပင် ဖြစ်၏။

“ငါသည် ဤကြေးပြာသာဒ် အတွင်းမှာပင် ဖလသမာပတ် ဝင်စား၍ နေတော့အံ့ဟု ကောင်းကင်မှ ဆင်းသက်ကာ သီတင်းသုံး စံနေတော်မူ၏။

အရှင်ဉပဂုတ္တ ရဟန္တာသည် အခြားသော ရဟန်းသံဃာတို့နှင့်အတူ သီတင်းမသုံးဘဲ မိမိတစ်ပါးတည်းသာ ကြေး



ပြာသာဒ် အတွင်းဝယ် အစဉ်သဖြင့် သမာပတ်ဝင်စားလျက် နေတော်မူလာခဲ့၏။

**မှတ်ချက်။** ။ရှင်ဉပဂုတ္တ သတို့သားမှာ ကလေးသူငယ် အရွယ်နှင့်ပင် ရဟန္တာ ဖြစ်ခဲ့၏။ သာမဏေ ပြုပုံကို ကျမ်းများတွင်မတွေ့ရစေကာ ရှင်သီဝလိကဲ့သို့ပင် ရဟန္တာဖြစ်ပြီးမှ သာမဏေ ပြုသည်ဟု လည်းကောင်း၊ နေ့ခင်း အသက်ခေ့လျှင် ရဟန်းပြုသည်ဟု လည်းကောင်း သိမှတ်ရမည်သာ။

## အသောက မင်းတရားကြီး

သာသနာ သက္ကရာဇ် ၂၀၀ ခန့်တွင် မဇ္ဈိမဒေသ ပါဋလိပုတ်နိုင်ငံ၌ အသောကဘုရင် စိုးစံခိုက် ဖြစ်၏။

အသောက မင်းကြီးသည် ဘုန်းတန်ခိုး အာဏာကြီးလှ၏။

ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရ၏။

သို့ပါသော်လည်း ခမည်းတော် ဗိန္ဒုသာရမင်းကြီးလက်ထက်က ကိုးကွယ်မြဲဖြစ်သော တိတ္ထိ ရဟန်းတို့ကိုသာ ကိုးကွယ်၍ နေရကား ဘုရားမှန်၊ တရားမှန်၊ သံဃာမှန် မသိမြင်ဘဲရှိနေခဲ့ရသေး၏။

တစ်နေ့သော် လေသာပြတင်းမှ လမ်းခရီးကို ရှုမျှော်နေစဉ် ဣန္ဒြေသိက္ခာ ပြည့်စုံစွာဖြင့် ဆွမ်းခံကြွလာသော သာမဏေလေး နိဂြောဓကို တွေ့မြင်လေရာ လွန်စွာမှ ကြည်ညိုလှသဖြင့် မင်းချင်းတစ်ယောက်အား သွားရောက် ပင့်ခေါ်ချေဟု စေလွှတ်လိုက်၏။

ငွေတောင်တန်း၊စ၇ပေ

www.burmeseclassic.com

www.burmeseclassic.com



သပိတ်ပိုက်လျက် ကြွလာသော သာမဏေငယ် နိဂြောဓကို မြင်လျှင် အသောကမင်းကြီးမှာ ကြက်သီးမွေးညှင်းများ ထလာအောင် အံ့ဩကာ ချစ်ခင်ခြင်း ဖြစ်မိလေတော့၏။

နိဂြောဓ သာမဏေကား အသောကမင်းကြီး သုတ်သင်ခဲ့သည့် သုမနမင်းမျိုး ကိုးကျိပ်ကိုးတွင် အကြီးဆုံးသော သုမနမင်းကြီး၏ သားတည်း။

အသောကမင်းကြီးက သာမဏေကို ကြည့်ရင်း သုမနမင်းကြီးနှင့် မျက်နှာခြင်း တူလှပေတကားဟု အောက်မေ့နေ၏။

"သာမဏေငယ်...ဤနန်းတော်သို့ ပုဂ္ဂိုလ်အများပင် နေ့စဉ်ကြွလာကြသည်။ အသင်နှင့် သင့်လျော်မည့်နေရာကို ကြည့်၍ နေပါလော့"

အသောကမင်းကြီးက သာမဏေငယ်အား ဤသို့ပြောကြားလိုက်၏။

နိဂြောဓသာမဏေကလည်း ဟိုသည်တို့ကိုကြည့်ကာ မိမိထက်မြင့်မြတ်သူ ရှိ,မရှိ စူးစမ်းလိုက်၏။

မိမိထက် မြင့်မြတ်သူကို မတွေ့မှ ထီးဖြူအောက်ရှိ ရာဇပလ္လင်ထက်သို့ တက်ရောက် သီတင်းသုံး ထိုင်နေသော်မူ၏။

သာမဏေ၏ အပြုအမူကို အသောကမင်းကြီးက လွန်စွာသဘောတွေ့၍ နေ၏။

"သာမဏေငယ် ...အသင် အဘယ်တွင် နေသနည်း။ သင်၏ဆရာကား မည်သူ ဖြစ်ပါသနည်း။ မည်သူ၏ အဆုံးအမကို ခံယူပါသနည်း"



အသောက မင်းကြီးက မေးခွန်းတွေ တသီကြီး မေးလိုက်၏။

"ဒကာတော် မင်းကြီး....ငါ၏ ဆရာကား တရားအလုံးစုံကို ဆရာမရှိ မိမိအလိုလို သိသော ဗုဒ္ဓတည်း။ ငါသည် ဗုဒ္ဓ၏ အဆုံးအမအတိုင်းခံယူ၏။ ဗုဒ္ဓ၏ ဗုဒ္ဓဟောကြားအပ်သော ဓမ္မကိုငါကျင့်ကြံလိုက်နာ၏။

သာမဏေက ဤသို့ ဖြေကြားတော်မူလိုက်၏။

မင်းကြီးသည် လွန်စွာ နှစ်သက်ဖော်မူ၏။

"သာမဏေငယ်...သင်သိသော ဓမ္မကို ကျွန်ုပ်အား ဟောကြားတော်မူပါလော့"

ဤသို့ မင်းကြီးက တောင်းပန်လျှင် သာမဏေက....

"အပ္ပမာဒေါ အမတံ ပဒံ၊
ပမာဒေါ မစ္စုနော ပဒံ။"

အစရှိသော ဓမ္မပဒများကို ဟောကြားလေရာ ပါရမီရင့်ပြီးဖြစ်သည့် မင်းကြီးလည်း သူ၏ ဉာဏ်ဖြင့် ဝေဖန်ကာ အကျယ်ကိုမြင်သွား၏။

ဤမှစ၍ အသောကမင်းကြီးသည် တိတ္ထိရဟန်းတို့ ဟောကြားသော တရားကား အနှစ်မရှိ၊ အကျိုးမဲ့ကိုသာ ဖြစ်စေဟု သိမြင်လာ၏။

တိတ္ထိတို့အား လှူဒါန်းနေကျ ဆွမ်းဝတ်ကို သာမဏေအား ...ရန် ဆုံးဖြတ်လိုက်၏။

သာမဏေက မင်းကြီးအား သရဏဂုံတည်စေကာ သီလကို ...ောက်တည်စေ၏။

"သာမဏေ....ကျွန်ုပ်၏ ဆွမ်းအလှူဝတ်ကို နေ့စဉ် ခံယူပါ...လော့"



www.burmeseclassic.com

www.burmeseclassic.com



သရဏဂုံ သီလတည်ကာ ဗုဒ္ဓ၏ အဆုံးအမခံအဖြစ်သို့ ရောက်ပြီးသော မင်းကြီးသည် နိဂြောဓ သာမဏေကို အကြောင်းပြုကာ....“အသောကာရာမ” ကျောင်းတော်ကြီးကို ဆောက်လုပ်လျက် ရဟန်းသံဃာတော်များအား လှူဒါန်းပြီး ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ ပူဇော်၏။

## စေတီတည်ရန် ဓာတ်တော်များ ရှာဖွေ

တစ်နေ့တွင် အသောကမင်းကြီးသည် သူဆောက်လုပ် လှူဒါန်းသော အသောကာရာမ ကျောင်းတော်ကြီးသို့ သွားရောက်ကာ သံဃာတော်များနှင့် ဆွေးနွေး၏။

“အရှင်မြတ်တို့ဘုရား—ဗုဒ္ဓ ဟောကြားတော်မူသည့် ဓမ္မသည် မည်မျှ ရှိပါသနည်း”

“ဒကာတော် မင်းကြီး...ဗုဒ္ဓ၏ ဓမ္မဟူသည် ဓမ္မဝိနယအားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိပေသည်”

ရဟန္တာ အရှင်သူမြတ်များ၏ ဖြေကြားချက်ကို ကြားရလျှင် မင်းကြီးသည် သဒ္ဓါတရား လွန်စွာ ပွားများလာရကာ....

“အရှင်သူမြတ်တို့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ရှိခဲ့သော် အကျွန်ုပ်သည် စေတီပေါင်း ရှစ်သောင်းလေးထောင် တည်၍ ပူဇော်လိုပါ၏”ဟူ၍ လျှောက်ထားတော်မူ၏။

“အရှင်သူမြတ်တို့ ထိုစေတီများတွင် ဗုဒ္ဓ၏ သရီရဓာတုဖြစ်သော ဓာတ်တော်များကိုပါ ဌာပနာလိုပါသည်။ အဘယ်တွင် ရပါအံ့နည်း”



“ဒကာတော်မင်းကြီး ရာဇဂြိုဟ်၌ အဇာတသတ္တုမင်းကြီးသည် ဓာတ်တော်တို့ကို မြေတွင် ခဲယဉ်းစွာ မြှုပ်နှံ တည်ထားခဲ့၏။ ထိုဓာတ်တော်များကို တူးဖော်ရရှိ ပူဇော်နိုင်လေ လတ္တံ့”

ဗုဒ္ဓ၏ သရီရဓာတု များကား....

(က) အကြီးဆုံးဖြစ်သော ပဲနောက်စေ့ ခန့်ရှိ ဓာတ်တော်များမှာ ရွှေစင်ပကတိ ပြိုးပြိုးပြက်လိုက် ရှိကြကုန်၏။

(ခ) အလတ်စားဖြစ်သော ဆန်ကွဲခန့်ရှိ ဓာတ်တော်များမှာ သာသွားငွေခဲ၊ ပုလဲဥတူ၊ ဘော်ဖြူသတ္တာန် အလျှံ အငြိုးငြိုး ရှိနေကြကုန်၏။

(ဂ) အငယ်ဆုံး ဖြစ်သည့် မုန်ညင်းစေ့ ခန့်သာ ရှိသော ဓာတ်တော်များကား မြတ်လေးပွင့်အသွင် အလျှံ တလွင်လွင်နှင့် ရှိနေကြကုန်၏။

အသောကမင်းကြီးသည် ဗုဒ္ဓကိုယ်စား ဓာတ်တော်များကို အားပါးတရ (၇)ရက်တိုင်အောင် ပူဇော်ပွဲကြီး ကျင်းပ ပြုလုပ်ကာ ပူဇော်ပြီးနောက်....

“အရှင်သူမြတ်တို့၊ ဗုဒ္ဓ၏ သရီရဓါတုများကို ရရှိပေပြီ၊ ဤဓာတ်တော်များကို ဌာပနာလျက် ဇမ္ဗူဒိတ်အနှံ့ စေတီ တည်ထား ကိုးကွယ် လိုပါသည်၊ ဓာတ်တော် အများအပြားကိုလည်း ပါဋလိပုတ္တမှာပင် မဟာစေတီကြီး တည်၍ ပူဇော်လိုပါသည်” ဟူ၍ ရဟန္တာကြီးများအား လျှောက်ကြားလိုက်၏။

“ကောင်းလှပေသည် ဒကာတော် မင်းမြတ်”

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ထို့ဖြစ်၍ ဤဓာတ်တော်များအား မဟာစေတီ တည်မည့် ဌာနသို့ ပူဇော်ရန် အချိန်တန်ပါပြီ၊ ထိုဓာတ်တော် များကို ယူဆောင်၍ ကြီးကျယ်ခမ်းနားသော ပူဇော်ပွဲကြီး ပြုလုပ်ပါမည်"

"ကောင်းလေစွ ဒကာတော် မင်းကြီး"

"မှန်ပါ့၊ မာရ်နတ်ဟူသည် ဤသို့သော အလှူ ပူဇော်ပွဲများကို ဖျက်ဆီးတတ်သည်ဟု ကြားဖူးပါ၏၊ ထို မာရ်နတ်၏ အန္တရာယ်နှင့် အခြား အန္တရာယ်များကို တားဆီးပိတ်ပင် ပေးတော်မူကြပါ ဘုရား"

"မစိုးရိမ်လင့် ဒကာတော်မင်းကြီး၊ ငါတို့တာဝန်ယူကြအံ့"

ရဟန္တာ အရှင်သူမြတ်ကြီးများသည် ဤသို့ ဝန်ခံကြပြီးနောက် ထိုကိစ္စအတွက် အသောကာရာမ ကျောင်းတော်ကြီးမှာပင် အစည်းအဝေးကြီး ကျင်းပကြ၏။

အရှင်သူမြတ်တို့ကား မင်းတရားကြီး၏ စေတနာကို ငဲ့၍သာ တာဝန်ယူလိုက်ကြခြင်း ဖြစ်၏။

သူတို့ကိုယ်တိုင်က ရဟန္တာများဖြစ်ကြစေကာမူ မာရ်နတ်ကိုကား ဆုံးမနိုင်စွမ်း မရှိကြပေ။

ထို့ကြောင့် အစည်းအဝေးကြီးကို ပြုလုပ်၏။

မာရ်နတ်ကို နှိမ်နင်းနိုင်မည့် ပုဂ္ဂိုလ်ကို ရွေးချယ်ကြခြင်း ဖြစ်၏။

ထိုအစည်းအဝေးကြီး၌ မည်သည့် ရဟန္တာ အရှင်သူမြတ်တစ်ပါးမျှ မာရ်နတ်ကို နှိမ်နင်းရန် တာဝန်မယူရဲကြပဲ ရှိနေ၏။



နဂါးမင်းတစ်ဦးသည် လူအသွင် ဖန်ဆင်းလျက် ထိုအစည်းအဝေးကြီးတွင် တက်ရောက် နားထောင်နေသည်ကို ကောင်းကင်ယံမှ ဂဠုန်မင်းက မြင်လေလျှင် ထိုးသုတ်အံ့သော အမူအရာကို ပြ၏။

ဤတွင် သေဘေးကို ကြောက်လှသော နဂါးမင်းလည်း ရဟန္တာကြီးများအား ကယ်တင်ပါရန် လျှောက်ထား၏။

ရဟန္တာကြီးများက ၎င်းတို့မတတ်နိုင်သဖြင့် တတ်နိုင်သော ပုဂ္ဂိုလ် ရှိလေက ထွက်၍ ကာကွယ်ရန် ပြောကြားကြ၏။

ဤတွင် သာမဏေငယ် တစ်ပါးက ရုတ်တရက် ထလာကာ စတုတ္ထဈာန်ကို ဝင်စားလျက်၊ ကျောက်ဖျာကြီး ဖန်ဆင်းကာ ဂဠုန်၏ ရန်မှ ကာကွယ်ပေးလိုက်၏။

နဂါးကို ထိုးသုတ်ရန် အဟုန်ပြင်းစွာဖြင့် ထိုးဆင်းလာသော ဂဠုန်ကြီးမှာ ကျောက်ဖျာကြီးကို ရင်ဖြင့်တိုက်ဆောင့်မိကာ ရင်ကွဲမတတ် ဖြစ်၍သွားလေတော့၏။

ဂဠုန်ကြီးကား အကြိမ်ကြိမ် ပျံတက်ကာ ထိုးသုတ်ချီရန် ကြိုးစား၍မရသည့်အဆုံးတွင်မှ ထွက်ခွာသွားခဲ့၏။

နဂါးမင်းလည်း သာမဏေကလေးအား ကျေးဇူးတင်လှစွာဖြင့် ရှိခိုးကန်တော့ကာ နဂါးပြည်သို့ ပြန်သွားလေတော့၏။

"အမောင်သာမဏေငယ်....ဂဠုန်ရန်ကို ခုခံရန် ပထမပြောကြားစဉ်က မတုန်မလှုပ် နေခဲ့သည့်အတွက် သင့်အား ငါတို့ ဒဏ်ပေးကြမည်"

သာမဏေကလေး၏ အစွမ်းသတ္တိကို အကဲခတ်မိသော ရဟန္တာကြီးတစ်ပါးက ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားတို့ ပေးလိုသောဒဏ်ကို ပေးပါ၊ တပည့်တော် ခံယူပါမည်ဘုရား"

"ကောင်းပြီ သာမဏေ၊ အသောကမင်းကြီး၏ ဓာတုပူဇနသဘင် ဓာတ်တော် ပူဇော်ပွဲကြီးတွင် မာရ်နတ်၏ အန္တရာယ်ကို အသင် တားဆီးရမည်"

"အရှင်ဘုရားတို့ မာရ်နတ်၏ အန္တရာယ်ကို တပည့်တော် မကာကွယ်နိုင်ပါ၊ မာရ်နတ်သည် အလွန် တန်ခိုးကြီးလှပါ၏။ အရှင်မောဂ္ဂလန် ရဟန္တာမြတ်ကိုပင် အန္တရာယ် ပြုခဲ့ပါသေး၏။ တပည့်တော် မျှလောက်သော သာမဏေငယ်သည် မည်သို့ တတ်နိုင်ပါမည်နည်း"

"မာရ်နတ်ကို အသင် မနှိမ်နင်းနိုင်က နှိမ်နင်းနိုင်သူကိုညွှန်လော့"

သာမဏေငယ်သည် အတန်ကြာအောင် စဉ်းစားနေပြီးမှ....

"မှန်လှပါ၊ တောင်သမုဒ္ဒရာ အတွင်းဝယ် ကြေးပြာသာဒ်၌ သမာပတ် ချမ်းသာကို ခံစား၍နေသော ဥပဂုတ္တ အရဟာသည် မာရ်နတ်ကို ဆုံးမနိုင်ပါမည်။ ရှင်တော်ဗုဒ္ဓကလည်း ဥပဂုတ္တ အရဟာသည်သာလျှင် မာရ်နတ်ကို နှိမ်နင်းနိုင်မည်ဟု မြွက်ကြားတော် မူခဲ့ပါသည်ဘုရား"

ရဟန္တာကြီးများကလည်း သာမဏေငယ်၏ စကားအရ ဆွေးနွေး တိုင်ပင်ကြ၏။

### အရှင်ဥပဂုတ္တ ရဟန္တာကို သွားရောက်ပင့်ဆောင်

အစည်းအဝေးကြီးမှ သင့်လျော်သော ရဟန္တာကြီးနှစ်ပါးတို့အား ဥပဂုတ္တ အရဟာကို သွားရောက်ပင့်ဆောင်ရန် စေလွှတ်လိုက်ကြ၏။



ရဟန္တာကြီး နှစ်ပါးလည်း တာဝန်အရ၊ အဘိညာဉ် တန်ခိုးဖြင့် သမုဒ္ဒရာ ရေအပြင်ကို ငုပ်လျှိုးကာ အရှင်ဥပဂုတ္တ ထံသို့ ရှုတ်ချည်း ရောက်ရှိ၍ သွားခဲ့ကြ၏။

ဥပဂုတ္တ ရဟန္တာမြတ်လည်း သမာပတ်မှ ထကာ အာဂန္တုရဟန္တာကြီး နှစ်ပါးအား ကြိုဆိုခြင်း ပြုရလေတော့၏။

"အဘယ်အကြောင်းဖြင့် ကြွလာတော် မူကြပါသနည်း အရှင်သူမြတ်တို့"

"ငါ့ရှင်ဥပဂုတ္တ၊ သံဃာသည် သင့်အား အလိုရှိ၏။ ထို့ကြောင့် ငါတို့ ကြွလာရခြင်း ဖြစ်၏တကား"

"ကောင်းလှပါပြီ အရှင်သူမြတ်တို့၊ ကြွတော်မူနှင့်ကြပါ။ ဘုရားတပည့်တော် လိုက်ခဲ့ပါ့မယ်"

ရဟန္တာကြီးနှစ်ပါးလည်း အရှင်ဥပဂုတ္တက လိုက်ခဲ့ပါမည်ဟု ဆိုသဖြင့် ဝမ်းသာစွာဖြင့် ပြန်လာခဲ့ကြ၏။

သံဃာတော် အစည်းအဝေးသို့ အရှင်ဥပဂုတ္တက အလျှင် ရောက်နှင့်၍ နေသည်ကို တွေ့ကြရ၏။

မိမိတို့က တန်ခိုးဖြင့် လျင်မြန်စွာ ပြန်လာပါလျက် အရှင်ဥပဂုတ္တက ပိုမို၍ လျင်မြန်စွာ ရောက်နှင့်သောကြောင့် ရဟန္တာကြီးနှစ်ပါးမှာ အံ့သြ ချီးမွမ်းမဆုံး ဖြစ်နေကြ၏။

သံဃာ အစည်းအဝေးကြီး၌ မထေရ်ကြီးဖြစ်သည့် ရဟန္တာကြီးတစ်ပါးက ဤသို့ မိန့်ကြား၏။

"ငါ့ရှင်ဥပဂုတ္တ....သင်သည် ဥပုသ်မပြု၊ ပဝါရဏာမပြု၊ သံဃာနှင့် မဆက်ဆံဘဲ မိမိချမ်းသာစွာ နေရေးကိုသာ ဂရုပြုနေသူဖြစ်သဖြင့် သင့်အား ဒဏ်ထားရလိမ့်မည်"

"မှန်ပါ၊ ထားသောဒဏ်ကို ခံရန်အသင့်ပါ ဘုရား"

ငွေတောင်ဘန်းစံ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



"အိမ်း-သင့်အားထားပည့်ဒဏ်မှာအခြားမဟုတ်၊အသောက မင်းတရားကြီး၏ ဓာတုပူဇေန သတင်တွင် မာရ်နတ်၏ ဘေး အန္တရာယ်မှ ကာကွယ် တားဆီး နှိမ်နင်းပေးရန်ပင် ဖြစ်ပေသည်"

"မိုးရိမ်တော်မူပါနှင့် ဘုရား၊ မာရ်နတ်၏ အန္တရာယ်ကို တပည့်တော် ခုခံကာကွယ် တားဆီးပါမည် ဘုရား"

အရှင်ဥပဂုတ္တ၏ ဝန်ခံစကားကို ကြားရသည့်အခါ သံဃာ အစည်းအဝေး တစ်ခုလုံးမှ ဝမ်းမြောက်စွာ သာဓုခေါ်ကြ၏။

ရဟန်းများက အရှင်ဥပဂုတ္တအား ဆွမ်းကိစ္စအတွက် မေး မြန်းကြရာ၊ သမာပတ်မှ ထသည့်အခါတိုင်း သင့်လျော်ရာ ဆွမ်းခံ၍ စားကြောင်း သိရသဖြင့် တစ်ဦးသော ရဟန်းက....

"အရှင်ဥပဂုတ္တ အကျွန်ုပ်မှာ ဈေးဘုန်းကံကြောင့် တစ်နေ့ လျှင် ဆွမ်း၄လေးသပိတ် ရပါ၏၊ ၁-သပိတ်ကို ကျွန်ုပ်အတွက် ထား၍ ၃-သပိတ်ကို အသင့်အား လှူပါရစေ" ဟု၍ ပြော ကြားလိုက်၏။

"ငါ့ရှင်....သင်၏ ဆွမ်းသည် အဘယ်ကောင်းမှုကြောင့် ရခြင်း ဖြစ်ပါသနည်း"

"အကျွန်ုပ် သူဌေးသား ဖြစ်စဉ်က ရဟန်းပြုခဲ့ရာ ဖခင် သူဌေးကြီးထံ ဆွမ်းစားသွားတိုင်း သိတင်းသုံးဖော် ဖြစ်သည့် သံဃာသုံးပါးကို ပင့်၍ သွားပါသည်။ ထိုကောင်းမှုကြောင့် ဆွမ်း၄-သပိတ်ရခြင်း ဖြစ်ပါသည်"

"ငါ့ရှင့် အသင်၏ဆွမ်းကား စေတနာသက်သက်ဖြင့်လှူ၍ ရသော ဆွမ်းမဟုတ်၊ သား၏ ချစ်ခြင်းဖြင့်လှူသော ဆွမ်းသာ ဖြစ်ပြီး ငါမစားလို"

ဤသို့ အရှင်ဥပဂုတ္တက ငြင်းပယ်လိုက်၏။



ဆွမ်းလှူလိုသော အခြားရဟန်းတစ်ပါးက ထပ်၍ ပေါက်လာ ပြန်၏။

"အရှင်ဥပဂုတ္တ တပည့်တော်၏ ဆွမ်းမှာ စင်ကြယ်လှပါ ၍ဖြင့် အလှူခံတော် မူပါလော့"

"ငါ့ရှင်၏ ဆွမ်းမှာ အဘယ်ကောင်းမှုကြောင့် ရသော ဆွမ်း ဖြစ်ပါသနည်း"

"တပည့်တော်ကား ရှေးဘဝ တစ်ခုက ဗေဒင်ဆရာဖြစ်ပါ၏၊ ဗေဒင် မေးသူများထံမှ လာဘ်သပ္ပကာ များစွာရပါ၏။ တစ်နေ့သ၌ ရွာမှ အထွက်တွင် ငတ်မွတ်ကာ နံရိုးများအပြိုင်း ပြိုင်းထလျက် လဲနေရှာသော ခွေးပိန်မ တစ်ကောင်ကို တွေ့ရ လေရာ၊ သနားလှသဖြင့် ဝမ်းတွင်းမှ အစာကို အန်ထုတ်၍ ကျွေးမွေးခဲ့ပါ၏။ ဆာလောင်လှစွာ အငမ်းမရ စားနေသော ခွေးပိန်မကလေးကို ကြည့်က စေတနာများစွာ ဖြစ်ပွားခဲ့ ပါ၏။ ထိုကောင်းမှုကြောင့် စတုမဓုရာသော အလွန်ကောင်း မြတ်သည့် ဆွမ်း၂သပိတ် ရပါသည်။ အရှင်ဘုရားအား ၁သပိတ် လှူပါ၏"

"ငါ့ရှင် ...သင်၏ အလှူသည် ပမ္မန်မြင်သေး။ သင်စေတနာ ရှိက အိမ်သို့ ခေါ်ဆောင်၍ မြတ်သောအစာကို ကျွေးသင့်၏။ သို့မဟုတ် တစ်ခုသောနေရာမှ ဝယ်ယူ၍ ကျွေးသင့်၏။ သို့ပါ လျက် အန်၍ ကျွေးသဖြင့် သင့်ဆွမ်းသည် အန်ဖတ်စော်နံ ဟောင်တကား။ ငါမစားလို၊ ငါကိုယ်တိုင် ဆွမ်းခံ၍စားအံ့"

ဤသို့ဖြင့် အရှင်ဥပဂုတ္တ ရဟန္တာမြတ်သည် မည်သူ့ ဆွမ်း ကိုမျှ လက်မခံဘဲ မိမိကိုယ်တိုင် ဆွမ်းခံ၍ ဘုဉ်းပေးတော်မူ၏။

အသောက မင်းတရားကြီးလည်း မာရ်နတ်ကို နှိမ်နင်းမည့် ရဟန္တာမြတ်တစ်ဦး ရောက်ရှိနေပြီဟူသော သတင်းစကား ကြောင့် ကျောင်းတော်သို့ ကြွရောက်ခဲ့၏။

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြီး…ဤအရှင်သည် မာရ်နတ်ကို နှိမ်နင်းမည့် အရှင်ဖြစ်သတည်း"

မင်းကြီးက အရှင်ဥပဂုတ္တကို ကြည့်ရင်း ဤအရှင်ကား အလွန် အရုပ်ဆိုးစွ၊ ကြမ်းတမ်းဟန်ရှိပေစွ၊ သနားညှာတာစိတ် ရှိဟန်မတူ၊ မာရ်နတ်ကို နှိမ်ပေလတ္တံ့ဟူ၍ စဉ်းစား၍နေ၏။

"ဒကာတော် မင်းကြီး၊ ဤအရှင်ကား တန်ခိုးကြီးလှသော ဥပဂုတ္တမည်သော ရဟန္တာမြတ်တည်း။ တစ်ဦးသော မာရ်နတ်ကို မဆိုထားဘိ။ အထောင်မကသော မာရ်နတ်များကိုပင် နှိမ်နင်းနိုင်စွမ်းရှိသော ပုဂ္ဂိုလ်ဖြစ်သတည်း"ဟူ၍ ရဟန္တာကြီးများက မင်းကြီးအား မိန့်ကြားကြ၏။

"မှန်ပါ….ဘုရားတပည့်တော် ယုံကြည်ပါသည် ဘုရား"

မင်းတရားကြီးလည်း ဤသို့ လျှောက်ထားပြီး အရှင်ဥပဂုတ္တအား….

"နက်ဖြန် နန်းတော်သို့ ဆွမ်းအလှူခံကြွပါ" ဟူ၍လျှောက်ကြားကာ နန်းတော်သို့ ပြန်လာခဲ့၏။

အသောက မင်းတရားကြီးသည် မိမိ၏ ဆင်တော်ဖြစ်သော ပိဋ္ဌနဆင်ကြီးကို နေ့စဉ် တိုက်နေကျထက် ထက်ဝက်မျှပိုသည့် အရက်တို့ကို တိုက်၍ အရှင်ဥပဂုတ္တ ကြွလာလျှင် အခြားလမ်းမှ မလာစေဘဲ၊ ဆင်ကြီးရှိရာမှသာ လာစေရန် ဆင်ကြီးနှင့် ဆီးကြို၍ တိုက်ရန် မင်းချင်းတို့အား မှာကြားထား၏။

အရှင်ဥပဂုတ္တလည်း မင်းတရားကြီး၏ ပင့်လျှောက်ချက်အရ နံနက်ခင်းတွင် နန်းတော်သို့ ဆွမ်းအလှူခံရန် ကြွလာခဲ့၏။

ဆင်ထိန်းများလည်း ဆင်ကြီးအား ချွန်းဖွင့်ကာ တရကြမ်း လွှတ်လိုက်လေရာ ဆင်ကြီးသည် ပြင်းထန်ကျယ်လောင်စွာ အော်





ဟည်လျက်၊ လမ်းတွင် တွေ့သမျှ နင်းခြေချိုးဖဲ့ကာ အရှင်ဥပဂုတ္တအထံသို့ တစ်ဟုန်ထိုး ပြေး၍ ထိုးလိုက်၏။

အရှင်ဥပဂုတ္တလည်း မိမိအား စမ်းသပ်မှုန်း သိသဖြင့် ဆင်ကြီးအား လက်ဝါးဖြင့် ဆီး၍ကာလိုက်၏။

ဆင်ကြီးမှာ ဦးခေါင်းစိုက်လျက် ကျောက်ရုပ်အသွင်ဖြစ်သွားလေတော့၏။

အသောက မင်းတရားကြီးလည်း ထိုဖြစ်ပျက်ပုံကို နန်းတော်မှနေ၍ မြင်တွေ့လေရာ၊ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆင်းသက်လာကာ အရှင်ဥပဂုတ္တအား ဆီးကြိုပြီး သပိတ်တော်ကို လှမ်းယူ၏။

"အရှင်သူမြတ် အကျွန်ုပ်၏ စမ်းသပ်ချက်မျှသာ ဖြစ်၍ ဆင်ကြီးအား ခွင့်လွှတ်တော်မူပါလော"

"ကောင်းပြီ….ဆင်ကြီး သွားလိုရာသို့ သွားစေ"

အရှင်ဥပဂုတ္တ၏ မိန့်ပြွက်သံ အဆုံး၌ ဦးခေါင်းစိုက်ကာ တောင့်မလှုပ် ကျောက်ရုပ်သဖွယ် ဖြစ်နေသော ဆင်ကြီးမှာ အသက်ဝင် လှုပ်ရှားကာ ကောင်းမွန်စွာပင် ဆင်တင်းကုပ်သို့ ဝင်ရောက်သွားတော့၏။

အရှင်သူမြတ်၏ တန်ခိုးတော်ကို ဒကာတော် မြင်တွေ့ရပါပြီ။ စေတီ ပူဇော်ပွဲတော်၌ မာရ်နတ်၏ အန္တရာယ်ကို တားဆီးတော်မူပါဘုရား"

"ဒကာတော်မင်းကြီး မစိုးရိမ်လင့်၊ ဓာတုပူဇနသဘင်ကိုသာ ကောင်းစွာ ပြုလုပ် ပူဇော်ပါလော့"

အရှင်ဥပဂုတ္တ၏ မြွက်ကြားချက်ကို ကြားရသော မင်းတရားကြီးလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ စေတနာထက်သန်စွာဖြင့် မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို သပိတ်အပြည့်ထည့်ကာ လှူဒါန်းလိုက်၏။

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဓာတုပူဇနသဘင်ပွဲကြီး ဆင်ယင်ကျင်းပ

အဇာတသတ္တု မင်းကြီး ကိုယ်တိုင် ယန္တရားရုပ်များ စီမံစေလျက်၊ ခဲယဉ်းစွာ မြှုပ်နှံထားခဲ့သည့်နေရာမှ ပါဋလိပုတ္တရှိ မဟာစေတီ တည်ထားရာ အရပ်သို့ ဓာတ်တော်များကို ပင့်ဆောင်ရာ၌ တစ်နိုင်ငံလုံးတွင် အထူး အမိန့်ထုတ်လျက် ပွဲလမ်းသဘင်ကြီး စီမံခင်းကျင်းကာ ပူဇော်ရန် စီစဉ်၏။

ဘုန်းကြီးသော အသောက မင်းတရားကြီး၏ သဘင်ပွဲကြီး ဖြစ်၏။

ကြီးကျယ် ခမ်းနားလှသော မင်းတရားကြီး၏ မဏ္ဍပ်ကန္နားကြီးများ ဆောက်လုပ်၍ တူရိယာသံ၊ အောင်စည်အောင်မောင်းသံ ဂုံခြိမ့်ခြိမ့်မြင့်၊ မြေလျှင်လှုပ်ဘိသကဲ့သို့၊ အုံးအုံးကျွက်ကျွက် တခဲနက်သောအသံ၊ လူအပေါင်းတို့ သောင်းသောင်းဖြဖြ သွားလာကြသံ စသည်တို့ဖြင့် နဘံဆူပွက် ဘဝင်ခိုက်မျှ ရှိနေခဲ့၏။

မင်းတရားကြီးလည်း ဆင်တပ်၊ မြင်းတပ်၊ သူရဲကောင်း၊ သူရဲသူခက်၊ ရဲမက်ဗိုလ်ပါအပေါင်း ထောင်သောင်းမက ခြံရံလျက် တာဝတိံသာ နတ်နန်းဗိမာန်မှ သကြားနတ်မင်းကြီး ထွက်ကြွတော်မူလာသည့်အလား၊ ခမ့်ညားသော ကြက်သရေဖြင့် နန်းတော်ကြီးမှနေကာ ဓာတ်တော် ပူဇော်ပွဲကြီး ကျင်းပရာသို့ ကြွတော်မူခဲ့၏။

## မာရဒေဝ နှင့် ဥပဂုတ္တ

ဤမျှ ကြီးကျယ်ခမ်းနားလှသော ဓာတုပူဇန သဘင်ပွဲကြီး ဆင်ယင်ကျင်းပနေသည်ကို နတ်ခြောက်ဘုံလုံး သိမ်းကျုံးစိုးပိုင်သည့် ဝသဝတ္တီ ဌာနီပျော်ထ၊ မာရဒေဝနတ်မင်းကြီး သိမြင်လေသော်....



"အလို....ငါသို့သော မာရဒေဝ နတ်မင်းကြီး ရှိနေပါလျက် ငါ့နယ်မှန်စွာ သံသရာမှ ထွက်ဖို့ ကြီးကျယ်သော ဓာတုပူဇနပွဲကြီးကို သင်းတို့ ပြုရကောင်းမည်လော၊ ဤအလှူပူဇော်ပွဲကြီးကို မကြာမတင် ယခုပင် ငါဖျက်အံ့"

"ဂိရိမေခလစ ယတြာရ ပြောင်နာဂသခင် ဗာဟုံသဟာသ်တစ်ထောင်လက်ရှုံး၊ ရန်ပျက်ပြုန်းအောင် မှုန်းချေတတ်သည့် နတ်တို့အရှင် ငါပင်တကား။ မလှောက်လေး မလောက်စားလူသားတို့သခင်, ဓမ္မသောက အမည်ရ နာမတွင်သည့် သည်ဘုရင်က သူ့အရှင်ဂေါတမ၏သရီရဓာတ်အများကို ဘုရားတည်မည်၊ ကျောင်းတည်မည်ဟု လှုလည်လုပ်သလား။

လား....လား....ဟဲ့နော်၊ မာရဒေဝ အမည်ရဝသတ္တီ ဌာနီပျော်လျှင်၊ ငါသို့သော မာရ်နတ်မင်းကြီး ထင်အလင်း ရှိနေပါလျက် ဘယ့်အတွက် သည်ပူဇော်ပွဲ တည်မြဲ စည်ကားရမတုန်း။

မာရ်နတ်ဟော့နော်၊ ငါအရှုံးပေးရတဲ့ ဗုဒ္ဓကလွဲလျှင် တန်ခိုးပြင်းထန် မောဂ္ဂလာန်သော၊ ဂလာန်သော၊ ဘယ်သောအခါမျှ နေဝဘိရူ၊ နဘိရှု၊ ငါမူ မကြောက်၊ သို့ကလောက်တန်ခိုးပြင်း မိုက်ခြင်းကြီး မိုက်မဲ၊ ရဲခြင်းကြီးရဲလှတဲ့ ပွဲရသည့်မာရ်နတ်၊ သကြားဝတိံ ရပ်က ဣန္ဒာနတ် ထိုအစားကို လားလားမျှ နတ်မထင်၊ ဗြဟ္မာပင် မယှဉ်ရဲ ဝေးရာသို့ ရှုံ့ရတဲ့ အောင်ပွဲရ ငါ မာရ်နတ် ဣန္ဒြိပါဒ် အလျှံလင်း လူ့ပြည်ကို အမြန်ဆင်းပြီး ပွဲခင်းကို မကြာ ဖျက်ပါရော့ မိုးသက်ဆင်လေနီကြမ်း လေသရမ်းအဟုန်စိုင်းပြီး၊ မုန်တိုင်းကြီး ကျရော့လှဟယ်"

ငွေတောစဗီတန်းစောမေ

www.burmeseclassic.com



ကွေးသည့်လက်ဆန့်ခိုက်၊ ဆန့်သည့်လက် ကွေးခိုက်၊ လျှပ်တပြက် ခါ အကြိုက်မျှနှင့် မိုက်လှသည့်မာရ်နတ်မှာ လူ့ပြည်သို့ ရောက်လာကာ ရှေးဦးစွာ လေမုန်တိုင်းကြီး ဆင်လျက် ပွဲခင်းကို ဖျက်ဆီး၏။

ဥပဂုတ္တ အရှင်သူမြတ်လည်း တန်ခိုးတော်ဖြင့် မုန်တိုင်းကြီးကို တားဆီး လမ်းလွှဲ ဖယ်ရှားလိုက်၏။

မာရ်နတ်သည် သူ၏ လေမုန်တိုင်း၊ အရာမထင်သောအခါ ကျောက်စရစ်မိုးကြီး ရွာသွန်းချပြန်၏၊

ဥပဂုတ္တ အရှင်သူမြတ်က လက်ဝါးဖြင့် ခံယူကာ သမုဒ္ဒရာ၏ တစ်ဖက်သို့ သွန်ချပစ်၏။

ကျောက်စရစ်မိုး အရာမထင်သော် ဓားမိုး လှံမိုးတို့ကို ရွာချစေပြန်၏။

ဥပဂုတ္တ အရှင်သူမြတ်လည်း မည်သူတစ်စုံတစ်ဦးကိုမျှ မထိခိုက်စေရန် တန်ခိုးတော်ဖြင့် ဖျောက်ဖျက်ပစ်၏။

ဤသို့ အရှင်ဥပဂုတ္တသည် တာဝန်အရ မာရ်နတ်၏ အန္တရာယ်ပြုသမျှတို့ကို ကာကွယ်၍ နေသည်ကို မည်သူ တစ်စုံတစ်ဦးမျှ မသိကြပေ၊

အရှင်ဥပဂုတ္တ အရှင်သူမြတ် တန်ခိုးတော်ကြောင့် မာရ်နတ်ပြုသမျှ အရာမထင်သဖြင့် မည်သူမျှ မသိကြ၊ သို့သော် တန်ခိုးကြီးသော ရဟန္တာအရှင်သူမြတ်ကြီးများသာလျှင် အရှင်ဥပဂုတ္တက နှိမ်နင်းဖျက်ဆီးလျက် ကာကွယ်၍ နေကြောင်းကို သိရှိကြ၏။



အခဲမကြေသော မာရ်နတ်သည် ဝတ်ကောင်း တန်ဆာများကို ဝတ်ဆင်ကာ တူရိယာ အမျိုးမျိုးတို့ကို တီးမှုတ်လျက် ကခုန် ပျော်ရွှင်၍နေကြသော ပရိသတ်ထုကြီးကို ဖျက်ဆီးရန် ကြီးမားလှသော နွားလား ဥသဘကြီးအသွင်ဖြင့် တစ်ဟုန်ထိုး ပြေးလာပြန်ရာ အရှင်သူမြတ်သည် ကျားကြီးအသွင်သဏ္ဍာန်ဖြင့် နွားကြီးကို လိုက်လံတိုက်ခိုက်၏။

မာရ်နတ်သည် နွားအသွင်ကို ဖျောက်လျက် ဦးခေါင်း ၇-ခု ရှိသော နဂါးကြီးသဏ္ဍာန်ဖြင့် လာပြန်၏။

အရှင်ဥပဂုတ္တ အရှင်သူမြတ်က ဂဠုန်သဏ္ဍာန်ဖြင့် အဟုန်ပြင်းစွာ လိုက်လံ ထိုးသုတ်ပြန်ရာ နဂါးကြီးမှာ ကွယ်ပျောက်၍ သွားတော့၏။

“ဟီး ဟီး ဟီး ဟီး ဟား ဟား ဟား ဟား”

အသံ အက်ကွဲကြီးဖြင့် နား မခံသာအောင် ရယ်လျက် တင်းပုတ်ကြီး ကိုင်ထားသော ရေမ ဘီလူးကြီး အသွင်ဖြင့် မာရ်နတ်သည် ဂဠုန်ကြီးအား ရိုက်သတ်မည်ပြု၏။

အရှင်ဥပဂုတ္တ အရှင်သူမြတ်သည် ရုတ်ခြည်းပင် ဂဠုန်အသွင်မှ သူ့ထက် ကြီးသော ဘီလူးကြီးအသွင်သို့ ပြောင်းလဲကာ မာရ်နတ်၏လည်ကုပ်ကိုနှိမ်လျက် သန်လျက်ဖြင့် ရွယ်ပြီးသော်...

“အချင်းမာရဒေဝ ပါပိမာ၊ ဗုဒ္ဓကိုယ်စား သရီရဓာတ်အများကို ညွတ်တွား ပူဇော်ဝန္ဒနာပွဲ ဆင်နွှဲပါသည်ကို အသင်မာရ်ရှုပ် တစ်ရန်လုပ်လျက် ဒုဋ္ဌ စိတ်စော ဖျက်ဆီးသောအမှုကို ပြုသောကြောင့် ငါယခု ကြာမဆိုင်း၊ သန်လျက်ဓား စိန်ဓားသွားနှင့် ခေါင်းတခြား ကိုယ်တကွဲ၊ သက်ဇီဝိန် အမြန်



www.burmeseclassic.com

www.burmeseclassic.com



စုံအောင် ဟန်လွဲလို့ ပိုင်းတော့မည်။ ရှိုင်းလှသည့် မာရ်နတ်၊ အမိုက်ဇာတ် သိမ်းပေ့ရော့''

အရှင် ဥပဂုတ္တ မဟာထေရ် အရှင်သူမြတ်က ဤသို့ သန်လျက်ဖြင့် ရွယ်ကာ ခြိမ်းခြောက်လေရာ၊ မာရ်နတ်လည်း တကယ်ပင်သတ်တော့မည်ထင်ကာ ကြောက်ရွံ့ ထိတ်လန့်လှသောကြောင့်၊ ယှန်စွာလှပသော လုလင်ပျိုကလေးအသွင် ဖန်တီးကာ အရှင်သူမြတ်၏ ခြေစုံတော်ကို ဖက်ပြီးလျှင်....

''ကြောက်လှပါပြီ အရှင်သူမြတ်...အသက်ကို ချမ်းသာပေးတော်မူပါ။ ပြစ်မှားမိသမျှ သည်းခံတော်မူပါ။ အရှင် သူမြတ်အား တုပပြိုင်ဆိုင်မှု မပြုဝံ့ပါပြီ။ ခွင့်လွှတ် သည်းခံတော်မူပါ အရှင်သူမြတ်'' ဟူ၍ ကြောက်လန့်တကြား တောင်းပန်၏။

## ခွေးသေကောင်ပုပ် အဆွဲခံရ

''သယ်....သင်ကဲ့သို့သော အကြံကောက်ကျစ် ဆိုးညစ်ရှိဖွယ် ပရိယာယ်ကြွယ်လှသည့် မာရ်နတ်ကို ငါ အသိုယ်ကြည့်နိုင်အံ့နည်း၊ သင့်အား မှတ်လောက်အောင် ငါအပြစ်ပေးအံ့''

ဥပဂုတ္တအရှင်သူမြတ်လည်း ဤသို့ဆိုကာ နံစော်ပုပ်ဟောင်လှသော လှောက်ထဖွားဖွားနှင့် ခွေးသေကောင်ပုပ် အသွင်ကို ဖန်တီးလျက် ဤ ခွေးသေကောင်ပုပ်ကို ငါမှတစ်ပါး မည်သူမျှ မဖြုတ်နိုင်စေသတည်းဟု ဓိဋ္ဌာန်ကာ မာရ်နတ်၏ လည်ပင်းတွင်ဆွဲ၍ လွှတ်လိုက်၏။



မာရ်နတ်လည်း ခွေးသေကောင်ပုပ်ကြီးကို ဖြုတ်ပါသော်လည်း ဖြုတ်မရ၊ အလွန်နံစော်လှသည်ကတစ်မျိုး၊ ရှုံ့ရှာလှသည်ကတစ်ဖုံ၊ ဘဝင်တုန်အောင် မခံမရပ်နိုင်လှသဖြင့် သုဒ္ဓါဝါသ ဗြဟ္မာကြီးများထံသို့ သွားရောက်ကာ ဖြုတ်ပေးရန် တောင်းပန်၏။

ဗြဟ္မာမင်းကြီးက ခွေးသေကောင်ပုပ် တွဲလွဲနှင့် နှာခေါင်းတရှုံ့ရှုံ့ ဖြစ်နေသော မာရ်နတ်ကိုကြည့်ကာ ရယ်မောကြ၏။

ရူပလောက ဗြဟ္မာဘုံ၌ ''ရူပလောကေ ပန ဃာနာ ဒိတ္ထယံ နတ္ထိ'' ဟူသည့်အတိုင်း နှာခေါင်းပုံသွင်သာရှိ၍ ဃာနပသာဒ ရုပ် မရှိသဖြင့်၊ ခွေးသေကောင်မှ အပုပ်နံ့များ မည်မျှပင် ထွက်စေကာမူ ဗြဟ္မာမင်းကြီးများအဖို့ နံစော်ခြင်းမရှိပေ။

''အချင်းမာရ်နတ်၊ ဤခွေးသေကောင်ပုပ်ကို အသင့်အား မည်သူဆွဲ၍ ပေးလိုက်သနည်း''

ဤသို့ ဗြဟ္မာကြီးများကမေးလျှင် ဥပဂုတ္တ ရဟန်းအရှင်က အဆန်းထွင်ကာ ချည်၍ ပေးလိုက်ပါကြောင်း မာရ်နတ်က ပြောပြလေရာ.....

''အို....မာရ်နတ်၊ ဥပဂုတ္တ အရဟံမြတ်၏ ဒဏ်ခတ်ချက် ဖြစ်လျှင် ငါတို့ဖြေမပေးဝံ့၊ သင်သွားလိုရာ သွားပေတော့....''

ထိုသို့ ဗြဟ္မာမင်းကြီးများက နှင်လွှတ်လိုက်ရာ မာရ်နတ်မှာ အောက်နတ်ပြည်ဘက်သို့ ဆင်းသက်ခဲ့ရ၏။

မာရ်နတ်သည် စတုမဟာရာဇ် တာဝတိံသာနတ်ရွာနှင့်ခုကို အစိုးရသော သိကြားမင်းကို အဖြုတ်ခိုင်းအံ့ဟု သိကြားမင်း



www.burmeseclassic.com

www.burmeseclassic.com



ထံသို့လာလေရာ၊ ခွေးသေကောင်ပုပ်၏ အနံ့ကို မခံနိုင်သော သိကြားမင်းလည်း ရုတ်ခြည်းမနေး ရှောင်၍ပြေးလေတော့၏။

"ဆော...ခက်ချေပြီ။ ငါ့လည်ပင်းက ခွေးသေကောင်ပုပ်ကိုဖြင့် ဖြုတ်ပေးမည့်သူ မရှိပြီ။ ငါလည်း သည်အတိုင်းမနေနိုင်။ ကိုယ်တော်မြတ်ကိုပဲ တောင်းပန်ပြီး ဖြုတ်ခိုင်းရတော့မှာပဲ"

မာရ်နတ်လည်း ဤသို့စဉ်းစားညည်းညူကာ အရှင်ဥပဂုတ္တ အရှင်သူမြတ်ထံသို့ ပြန်လာခဲ့၏။

"အရှင်သူမြတ်.... ဤခွေးသေကောင် ပုပ်ကြီးကိုသာ ဖြုတ်၍ပေးတော်မူပါ။ အရှင်မြတ်ပေးသမျှဒဏ်ကို ခံယူပါည်ဘုရား...."

"ကောင်းပြီ မာရဒေဝ၊ ငါ၏နောက်သို့ လိုက်ခဲ့လော့"

ဥပဂုတ္တ အရှင်သူမြတ်သည် မာရ်နတ်အား မြင်းမိုရ်တောင် ခါးပန်းသို့ ခေါ်သွားကာ ခွေးသေကောင်ပုပ်ကို ဖြုတ်ပေးပြီးမှ-

"မာရ်နတ် အသောက မင်းကြီး၏ ဓာတုပူဇနပွဲမပြီးမချင်းသင့်ကို ငါမလွှတ်နိုင်၊ ဤမှာပင် သင်နေရစ်ပေတော့" ဟူ၍ ဆိုကာ ခါးပန်းကြိုးကို တန်ခိုးတော်ဖြင့် ရှည်လျား ခိုင်ခံ့စွာ ပြု၍ မာရ်နတ်အား မြင်းမိုရ်တောင် အထွတ်တစ်ခုတွင် ချည်နှောင်ထားခဲ့၏။

မာရ်နတ်မှာ အရှင်ဥပဂုတ္တ တန်ခိုးတော်ဖြင့် ချုပ်နှောင်ချက်ဖြစ်သောကြောင့်၊ မည်သို့မျှ မတတ်နိုင်ဘဲ ထိုနေရာမှာပင် ကွခံကာ နေရစ်ခဲ့ရ ပေတော့၏။



မဟာစေတီပွဲနှင့် ဓာတုပူဇနပွဲသဘင်ကြီးမှာ အန္တရာယ်အေးကင်းဝေးစွာဖြင့် ခုနစ်ရက်တာမျှ စည်ကားခြင်း ကြီးမား စည်ကားစွာ ရှိနေခဲ့၏။

နေ့နှင့်ညမခြားအောင် မီးများကို ထိန်ထိန်ငြိး ထွန်းညှိထားသော်လည်း လေမိုးမပျက်သဖြင့် တလက်လက် တထိန်ထိန် တရှိန်ရှိန် ထွန်းသန်းလျက် ရှိနေခဲ့၏။

ခုနစ်ရက်စေ့လေပြီ။

စေတီပွဲတော်ကြီး၊ ဓာတ်တော်ပူဇော် ပွဲကြီးလည်း အေးချမ်းစွာ ပြီးမြောက်ခဲ့လေပြီ။

မင်းတရားကြီးကလည်း ထက်သန်လှသော စေတနာဖြင့် အထူးထူး အပြားပြား ပူဇော်ခြင်းမျိုးတို့ဖြင့် ပူဇော်ခဲ့ပြီးဖြစ်လေရာ အရှင်ဥပဂုတ္တ အရှင်သူမြတ်အား ကျေးဇူးတင်မဆုံးဖြစ်၍နေတော့၏။

ဓာတ်တော် ပူဇော်ပွဲ၊ မဟာစေတီပွဲကြီး ပြီးလျှင် အရှင်သူမြတ်လည်း မာရ်နတ်အား လွှတ်သင့်ပေပြီဟု ဆင်ခြင်ကာ မြင်းမိုရ်ခါးပန်းသို့ ကြွသွား၍ပြီးတစခုသောနေရာမှနေကာ မာရ်နတ်ကို အကဲခတ်လျက် ရှိစဉ်-

"သာဝကများသည် သနားညှာတာခြင်း ကင်းလေစွ၊ ဤသို့သနားညှာတာမှုကင်းသော သာဝကအဖြစ်မျိုးဖြင့် ငါသည်ဘယ်သောအခါမျှ မဖြစ်လို" ဟူ၍ ရေရွတ် ညည်းတွား၍နေသော မာရ်နတ်၏ တတွတ်တွတ်အသံကို ကြားရသဖြင့် အရှင်သူမြတ်သည် ဆက်လက်ဆိုင်းငံ့ နားဆင်လျက် နေခဲ့၏။

"ငါအမြဲ ဆုပန်နေကျ သမ္ဗုဒ္ဓ ဘုရားဆုကိုသာလျှင် ငါပန်မည်။ သမ္ဗုဒ္ဓ ဘုရားတို့သည် အလွန်သည်းခံနိုင်၏။ ငါသည်

www.burmeseclassic.com



ဗုဒ္ဓရှိစဉ်က အမျိုးမျိုး မကောင်းကြံကာ အနှောင့်အယှက် ပေးခဲ့သော်လည်း ဗုဒ္ဓသည် ငါ့အား သနားငဲ့ညှာ၏။ ဤ သာဝကကား ငါ့အပေါ် သနားခြင်းမရှိ။ ငါသည် ဘယ်သောအခါမှ သာဝက မဖြစ်လို"

မာရ်နတ်သည် ဤသို့ ဆက်၍ ညည်းညူနေပြန်ရာ အရှင်ဥပဂုတ္တ အရှင်သူမြတ်လည်း မာရ်နတ်ထံသို့ သွား၍ ခါးပန်းကြိုးကို ဖြေပေး၏။

"မာရဒေဝ ငါ့အား စိတ်မကွက်နှင့်၊ အသင့်အား ဤကဲ့သို့မှ မပြုလုပ်ခဲ့လျှင် သင်၏ မကောင်းသော စိတ်ထားကြောင့် ဓာတုပူဇနသဘင်ပွဲကြီး ပျက်စီးကာ လူအပေါင်းလည်း ဒုက္ခ အမျိုးမျိုး တွေ့ရပေလိမ့်မည်။ ထို့ကြောင့် ပြုလုပ်ရခြင်း ဖြစ်၏။ အသင် ဘုရားဆုကို ဆက်၍ ပန်မြဲပန်ပါ။ ကေန်မချွတ်ရ လတ္တံ့၊ ငါ ပြုလုပ်သည်ကို သည်းခံလော့၊ မာရ်နတ် သင့်အား အများက မြင်လိုကြ၏။ ငါနှင့်အတူလိုက်ခဲ့လော့"

ဥပဂုတ္တ အရှင်သူမြတ်လည်း ဤသို့ ပြောဆိုကာ မာရ်နတ်အား ခေါ်ဆောင်ခဲ့၏။

## မာရ်နတ်ကို ဝိုင်းဝန်းကြည့်ရှု

ပရိသတ် အစုံအဝေးများရှိရာသို့ ရောက်သော်၊ အရှင်မြတ်လည်း မာရ်နတ်ကို ညွှန်ပြလျက်

"အို ပရိသတ်တို့၊ ဗုဒ္ဓအား အမျိုးမျိုး နှောင့်ယှက်ကာ ကုသိုလ်ကောင်းမှုကို ဖျက်ဆီးလျက်ရှိသော မာရ်နတ် ဆိုသူကား



ဤသူပင်တည်း"ဟု၍ မိန့်တော်မူလိုက်လေရာ ပရိသတ်တို့လည်း သူ့ထက်ငါ တိုးဝှေ့၍ ကြည့်ကြ၏။

ရှေးအခါက မာရ်နတ်ဟူသော အမည်ကို ကြားဖူးရုံမျှသာ ကြားဖူးကြ၏။

ယခုတွင်မူ ကိုယ်တိုင်မြင်ကြရသောကြောင့် တအံ့တသြ ငေးမောကြည့်ရှု၍ မပြီးနိုင်ဖြစ်နေကြတော့၏။

ဥပဂုတ္တ အရှင်သူမြတ်လည်း ရဟန္တာကြီးတို့ အလယ်မှနေကာ မာရ်နတ်အား ဤသို့ မိန့်တော်မူ၏။

"အချင်းမာရဒေဝ၊ သင်သည် ဗုဒ္ဓကို မှီ၏။ မြင်တွေ့ခဲ့ရ၏။ ငါတို့ကား ဗုဒ္ဓကို မမြင်ဘူးကြကုန်။ အားလုံးသောသူတို့ ဗုဒ္ဓအား ကြည်ညိုနိုင်ကြရန် ဗုဒ္ဓ၏အသွင် ဖန်ဆင်း၍ပြဘိလော့"

"အရှင်သူမြတ် ဗုဒ္ဓနှင့် တူစေရန် အသူ ဖန်ဆင်းနိုင်ပါမည်နည်း"

"ဗုဒ္ဓနှင့် ပကတိ တူရမည်ဟု မဆိုလို၊ အသွင်ကိုသာ ငါတို့ ရှုလို၏"

## မာရ်နတ် ဗုဒ္ဓအသွင် ဖန်ဆင်းပြ

"မှန်လှပါ၊ ဗုဒ္ဓအသွင်မျှ ဖန်ဆင်းပြရန် ဝန်မလေးပါ။ အရှင်ဘုရားတို့ ရှိခိုးခြင်း မပြုပါဟု ကတိပေးပါက တပည့်တော် ဖန်ဆင်းပြပါမည်"

"ကောင်းပြီ၊ ဖန်ဆင်း၍သာ ပြဘိလော့၊ ငါတို့သည် သင့်အား ရှိခိုးခြင်း မပြုကြရန် ကတိပြုကြပါ၏"

ငွေတောင်ထန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာကြီးများကလည်း ပြသာ ပြုပါ။ ဝါတို့ ရှိမခိုးဘဲ နေကြပါမည်ဟု ဝန်ခံကြကုန်၏။

မာရ်နတ်လည်း ရဟန်းအပေါင်းအား လက်အုပ် ချီကာ ထွက်ခွာသွားလျက် တောအုပ်တစ်ခု အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့၏။

အရှင်ဥပဂုတ္တ အရှင်သူမြတ် အမှူးရှိသော ရဟန္တာများသည် လည်းကောင်း၊ အသောက မင်းတရား အမှူးရှိသော မင်း ပရိသတ်တို့သည်လည်းကောင်း၊ ကျန်လူပရိသတ်တို့သည် လည်း ကောင်း၊ မာရ်နတ်ဝင်ရောက်ပျောက်ကွယ်သွားရာ တောအုပ်ဆီ သို့ ဖမြှော်မှန်းကာ လည်တမော့မော့ ရှိနေကြ၏။

ယောက်ျားမြတ်တို့၏ ၃၂ ပါးသော လက္ခဏာတော်ကြီး များနှင့် ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာ ဆင်အပ်သော ဘုန်းကျက်သရေ ရှန်းရှန်းဖေလျက်....

နီလရောင်ခြည် ညိုမှောင်သည်၊ ပီတရောင်ခြည် ဝါရွှေသည်၊ စသည်, စသည် အစချီလျက်၊ လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရ, တည်းဟူသော ခြောက်သွယ်သော ရောင်ခြည်တော် များ ကွန့်မြူးလျက်....

လက်ယာတော်ရံ အရှင်သာရိပုတ္တ, လက်ဝဲတော်ရံ အရှင် မောဂ္ဂလာန၊ ညီတော် အာနန္ဒာ ရှစ်ကျိပ်သော အသီတိ သာ- ဝက တို့ဖြင့် ခြံရံလျက်၊ အတုမရှိသော ဗုဒ္ဓ၏ ကျက်သရေဖြင့် သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားသခင်သည်–

တောအုပ်အတွင်းမှ ထွက်ကြွတော်မူလာလေရာ အသောက မင်းတရားကြီးနှင့် တကွ မင်းပရိသတ်အားလုံး ကြည်ညိုမဆုံး ဖြစ်ကာ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြ၏။



...အရှင်ဥပဂုတ္တ အစရှိသော ရဟန္တာ အရှင်သူမြတ်များသည် ...လက်ယာရံ လက်ဝဲရံ အသီတိ သာဝကများ ခြံရံလျက် ...သော အသရေကိုဆောင်ကာ၊ ကြွမြန်းတော် မူလာသည့် ...ကို မြင်လျှင်....

မာရ်နတ်အား ထားခဲ့သော ကတိစကားကိုမှ သတိမရနိုင်၊ မာရ်နတ်ဖန်ဆင်းအပ်သည့် နိမ္မိတ ဘုရားသာတကား–ဟူသော အသိမျှလည်း မဝင်နိုင်၊ ကြည်ညိုခြင်းကြီးမက,ကြည်ညိုလွန်း လှသဖြင့်၊ သမ္မာသမ္ဗောဓိ၊ သဗ္ဗညုတ, ပုဂ္ဂလဝိသေ၊ ဗုဒ္ဓပေ တကားဟု အာရုံပြုကာ လက်အုပ်ချီမိုး ရှိခိုးလိုက်ကြ ကုန်၏။

"ဝိး....ဟီး....ဟီး....ဟီး....ဝုန်း....ဒိုင်း...."

"အလိုလေး၊ အဘယ်ကဲ့သို့ ဖြစ်သွားပါလိမ့်"

ဗုဒ္ဓနှင့် လက်ယာရံ၊ လက်ဝဲရံ အသီတိ သာဝကတို့ ရုတ်ခြည်း ပျောက်ကွယ်သွား၏။

ထိုနေရာ လူလော နတ်လော မခွဲခြားသာသော ပုဂ္ဂိုလ် တစ်ဦး ပေါ်ပေါက်လာကာ တဝီးဝီး, တဟီးဟီး အရှိန်ပြင်း စွာ လည်ပတ်လျက် စကြဝဠာ တံတိုင်းကြီးဆီသို့ လွင့်ပါ သွားရာမှ ဝုန်း,ဒိုင်း ဟူသော အသံကြီး ထွက်ပေါ် လာချေ တကား။

"အမယ်လေးဗျ....ကယ်တော်မူပါ ဘုရား"

"အလို– ဤအသံသည် မာရ်နတ်၏ အသံပင်တကား၊ ငါ တို့ ရဟန္တာများက ရှိခိုးလိုက်သဖြင့် မသက်မသာ စကြဝဠာ တံတိုင်းဆီသို့ ဒုန်းစိုင်း ပြေးဆောင့်လေပြီ တကား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ရဟန္တာများ တွေးတောနေခိုက်မှာပင် မာရ်နတ်သည် အမယ်လေး တ,လျက် ဖုတ်ဖက်ခါပြီး နဖူးကိုပွတ်ရင်း ပေါ်ပေါက်လာ၏။

"အရှင်ဘုရားတို့၊ အဘယ့်ကြောင့် ရှိခိုး ကြပါသနည်း။ ရှိမခိုးရန် အတန်တန် တောင်းပန်ပါလျက် ရှိခိုးကြသောကြောင့် တပည့်တော်မှာ စကြဝဠာ တံတိုင်းနှင့် ဒုန်းစိုင်း ပြေးဆောင့်လှမ့်ပြီ ဘုရား"

"မရ်နတ်၊ ငါတို့သည် သင့်အား ရှိမခိုး၊ ဗုဒ္ဓ ကိုသာ ရှိခိုးကြ၏။"

ရဟန္တာ အရှင်သူမြတ်ကြီးများက ဤသို့ ပြန်လည်၍ မိန့်ကြားကြ၏။

ဥပဂုတ္တအရှင်သူမြတ်လည်း မာရ်နတ်အား လူအများကုသိုလ်ကောင်းမှု ပြုရာဝယ်၊ အနှောင့်အယှက် မပြုရန် ဟောကြားဆုံးမလျက်၊ ပြန်လွှတ်လိုက်လေရာ၊ မာရ်နတ်လည်း ထိုနေရာမှ ရုတ်ခြည်း ပျောက်ကွယ်၍သွားတော့၏။

အရှင်ဥပဂုတ္တ အရှင်သူမြတ်သည် မိမိနေရာ တောင်သမုဒ္ဒရာသို့ ပြန်ကြွမည်ရှိက အသောက မင်းတရားကြီးလည်း—

"အရှင်သူမြတ်၏ကျေးဇူးတော်ကြောင့် အနှောင့်အယှက်မရှိ ကုသိုလ်ထူးကို ပြုရပါ၏။ အရှင်သူမြတ်၏ ကျေးဇူးတော်ကို ဘယ်သော အခါမျှ မမေ့မည် မဟုတ်ပါ၊ တပည့်တော်အား ပစ္စည်းလေးပါး ဒါယကာ မှတ်တော်မူပါ၊ ပစ်မထားပါနှင့် ဘုရား"

"ကောင်းပေပြီ တကာတော် မင်းကြီး အပ္ပမာဒ, မမေ့မလျော့သော ဓမ္မနှင့် ပြည့်စုံစေလော့...."



ထိုသို့ မိန့်မြွက်ကြားပြီး အရှင်ဥပဂုတ္တ အရှင်သူမြတ်လည်း ကောင်းကင်သို့ ပျံတက်ကာ တိမ်တိုက်များ အကြားတွင် မပျောက်ကွယ်၍ သွားလေတော့၏။

အရှင် ဥပဂုတ္တ ထေရုပ္ပတ္တိ ဤတွင်ပြီး၏။

**စာရေးသူ ဝန်ခံချက်၊**

အထက်တွင် ဖော်ပြသော အရှင်ဥပဂုတ္တ ထေရုပ္ပတ္တိ အကျဉ်းချုပ်သည်၊ နတ်တလင်း ဆရာ ဦးအုန်းမောင် ပြုစုသော အရှင်ဥပဂုတ် ထေရုပ္ပတ္တိကို အခြေပြု၍ ရေးသား ထားကြောင်း ဝန်ခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အရှင် ဥပဂုတ္တကို ပင့်ခြင်း

အရှင်ဥပဂုတ္တ ရဟန္တာအရှင်သူမြတ်ကြီးကိုပင့်ရာ၌ ချောင်း, မြောင်း, မြစ် စသော ရေရှိရာ အရပ်ဒေသသို့ သွားရောက်၍ ပင့်ဆောင်ရသည်ဟု အချို့က ထင်မှတ်ကာ အယူအစွဲ ရှိနေကြ၏။

အချို့က မည်မျှအထိ အယူသည်းကြသနည်း ဆိုသော် ကျောင်းတွင်ရှိသော အရှင်ဥပဂုတ္တရဟန္တာအရှင်သူမြတ် ရုပ်ပွားတော်ကိုပင့်ကာ ချောင်း မြစ်ရှိရာသို့ပို့ရသည်။ ထိုမှတစ်ဖန် ထိုချောင်း, မြစ်သို့ ရောက်ရှိပြီးသော အရှင်ဥပဂုတ္တ အရှင်သူမြတ်ကြီးကို အလှူတော်ပြုလုပ်ရာအရပ်သို့ တစ်ဆင့် ပင့်ယူလာကြ၏။

ဤမျှအထိ အယူအစွဲ ကြီးကြ သီးကြ၏။

ထိုမျှမကသေး အရှင်ဥပဂုတ္တကို ပင့်ရသော အချိန်သမယမှာလည်း ညနေ, နေဝင်ပြီး ခြောက်နာရီမှ ခုနစ်နာရီခန့်မှာ ပင့်ရိုးမလေ့ ဖြစ်နေကြပြန်သေး၏။

ငွေတောင်ဘန်းစာမေ

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဥပဂုတ္တ အရှင်သူမြတ်ကြီးသည် တောင်သမုဒ္ဒရာ ရေပြင်အောက် နက်လှစွာသော နေရာတွင် ကြေးပြာသာဒ်နှင့် စံနေသည်။ ထို့ကြောင့် ရေရှိရာမှာ သွားရောက်၍ ပင့်ရသည်ဟု ထင်နေခြင်းဖြစ်က ကုန်းပေါ် ဘုန်းကြီးကျောင်းတွင် ရှိသော အရှင်ဥပဂုတ္တ၏ ရုပ်ပွားတော်ကိုပင် ရေရှိရာသို့ပို့ဆောင်ပြီးမှ ပြန်ပင့်နေကြသော အလေ့ဖြစ်နေခြင်းဖြစ်၏။

ညနေမှ ပင့်ရသောအလေ့မှာလည်း ထူးခြားလှ၏။

အစီပွာယ်မရှိ၊ နံနက်ပိုင်းတွင် ပင့်ဆောင်လေက ဆွမ်းကပ်ခြင်းပင် ပြုနိုင်သေး၏။

ဤ၌ ဖော်ပြလိုသည်မှာ အရှင်ဥပဂုတ္တသည် ရဟန္တာမြတ်တစ်ပါးဖြစ်သည်။ မိမိပင့်လိုသော အချိန်သမယတွင် မိမိရှိနေရာ မည်သည့်အရပ်မှမဆို မိမိပင့်လိုသောနေရာသို့ ပင့်နိုင်ကြောင်း ဖော်ပြလိုခြင်းပင်ဖြစ်၏။

အချို့ကလည်း အရှင်ဥပဂုတ္တပွဲဟုဆိုက ပြင်ပြီး အရှင်ဥပဂုတ်ကိုးသည်ဟုဆိုက နတ်ကိုးဘိသကဲ့သို့ လုပ်တတ်ကြသေးသည်။

အရှင်ဥပဂုတ္တအတွက် နတ်ပွဲပြင်ဘိသကဲ့သို့ ပြင်ရန်မလို၊ ဆွမ်းချိန်တွင် ဆွမ်း၊ ပန်းချိန်တွင် ပန်း၊ ဆီမီး ကပ်လိုက ကပ်နိုင်၏။

အကယ်၍ အရှင်ဥပဂုတ္တ၏ ရုပ်ပွားတော် မရှိသည့်တိုင်၊ အလှူအိမ်၊ အလှူမဏ္ဍပ်အတွင်းမှနေ၍ သရဏဂုံသီလခံယူဆောက်တည်က ပန်း ဆီမီးစသည်ဖြင့် ပူဇော်လျက် သံဃာ့ဂုဏ်ကို အောက်မေ့သရဏ္ဍာယ်ပြီးနောက် အောက်ပါ ပါဠိတော်ဂါထာ



သုံးပုဒ်နှင့် အနက်မြန်မာပြန် သုံးပုဒ်ကို ရွတ်ဆိုပင့်လျှောက်ရ၏။

(၁) ဥပဂုတ္တော မဟာထေရော၊ ဣဒ္ဓိမာဒက္ခိဏာဏ္ဏဝေ။
နိမန္တေယျာမိတံထေရံ၊ ဣမံအမှာကမဏ္ဍပံ။

ဣဒ္ဓိမာ၊ အဘိညာဉ်တန်ခိုးဖြင့် မြေလျှိုးရေလျှိုး မိုးဝနဘ်ကောင်းကင်ပျံသား ဈာန်တန်ခိုးနှင့် ပြည့်စုံတော်မူသော။ ဥပဂုတ္တော၊ ဥပဂုတ္တ ဘွဲ့မည်ရသော။ မဟာထေရော၊ သက်တော်ဝါတော် ရာကျော်လေပြီးရဟန္တာမြတ်ကြီးသည်၊ ဒက္ခိဏာဏ္ဏဝေ၊ သောင်ကမ်းမမြင် ရေပြင်သာမော အပြောကျယ်စွာ တောင်သမုဒ္ဒရာ၌။ အတ္ထိ၊ ကြေးပြာသာဒ်ဝယ် သမာပတ်ချမ်းသာ စံစားကာရှိနေတော်မူပေ၏။ တံထေရံ၊ ဥပဂုတ္တနာမတွင်ဟန် ထိုမထေရ်ပျံ့ရဟန္တာမြတ်ကို။ အမှာကံ၊ အမှာကံ၊ အလှူကိစ္စလုံ့လစိုက်ထုတ် အကျွန်ုပ်တို့၏။ ဣမံမဏ္ဍပံ၊ အလှူမင်္ဂလာယင်ထုသတ်မှတ် ဤမဏ္ဍပ်သို့။ နိမန္တေယျာမိ၊ ကြွလာစေသော စိတ်ဖြင့်ဝယ်စောလျက် အဟောအစွဲရှိ အံ့သိမကုန်နိုး အရှင်ဥပဂုတ်၏ ဂုဏ်ကို ကြည်ညိုစေတနာ ပင့်ဖိတ်ပါ၏ဘုရား။

(၂) ဣဒ္ဓိမန္တော အရဟန္တော၊ ယောထေရော မာရဗန္ဓကော
ဝါတမေဃ အန္တရာယေ၊ နိဝါရေတွာ နိသီဒတု။

ဣဒ္ဓိမန္တော၊ အဘိညာဉ်မာတ် တန်ခိုးမြတ်နှင့် ပြည့်စုံတော်မူသော။ အရဟန္တော၊ အရဟာဟု ချီးကျူးဘွယ် ပုဂ္ဂိုလ်မှန်စွာ ရဟန္တာမြတ် ဖြစ်တော်မူသော။ မာရဗန္ဓကော၊ မေရုတောင်ဖုမ်း တောင်ခါးပန်း၌ ဆိုးသွမ်းသထက် ဖိုမာရ်နတ်ကို အား

www.burmeseclassic.com



ခတ်လေရိုး ခါးပန်းကြိုးဖြင့် နှောင်ဖွဲ့တော်မူနိုင်စွမ်းထသော၊ ယောထေရော၊ ဉပဂုတ္တ မည်တော်ရသော အကြင်ရဟန္တာမြတ်ကြီးသည်။ အတ္ထိ၊ တောင်သမုဒ်ဗွေ ရေအောက်နေလျက် မသွေ မှန်စွာ ဖိုလ်ချမ်းသာကို ခံစားတော်မူလျက် ရှိပေ၏။ သော ထေရော၊ ထိုရဟန္တာအရှင်မြတ်ကြီးသည်။ ဝါတမေဃအန္တရာယေ၊ လေကြီး မိုးကြီး ဝီးဝီးဖြုန်းဖြုန်း ထစ်ချုန်းမြည်ဟိန်း အန္တရာယ်ခပ်သိမ်းကို။ နိဝါရေတွာ၊ အလှူကိစ္စ စိတ်လက်ချမ်းမှန်းဆရည်မျှော် တန်ခိုးတော်ဖြင့် တားဆီး ကာကွယ်၍။ ဣမသ္မိံ မဏ္ဍပေ၊ အလှူပွဲကို ဆင်နွဲပျော်လတ် ဤမဏ္ဍပ်၌။ နိသိဒတု၊ အလှူမပြီးမချင်း အန္တရာယ်ကင်းဖို့ သို့တင်းသုံး နေထိုင်တော်မူပါဘုရား။

(၃) ယာဝမှာကံ ဒါနကိစ္စံ၊ ဒါနကမ္မာ နိဋ္ဌင်္ဂတံ။
တာဝဝါတာတဥ္စ မေဃဥ္စ၊ မာဟောတု အပ္ပကမ္ပိစ။

ယာဝ၊ အကြင်အချိန်ကာလအထိ။ အမှာကံ၊ တပည့်တော်တို့၏။ ဒါနကိစ္စံ၊ ဒါနပြုဖွယ်သည်။ ဒါနကမ္မံ၊ ဒါနကံသည်။ နနိဋ္ဌင်္ဂတံ၊ အပြီးအဆုံးသို့ မရောက်သေး။ တာဝ၊ ထိုမျှအချိန်ကာလအပိုင်းအထိ။ အပ္ပကံပိ၊ အနည်းငယ်မျှလည်းဖြစ်သော။ ဝါတဥ္စ၊ လေသည်လည်းကောင်း။ မေဃဥ္စ၊ မိုးပေါက်သည်လည်းကောင်း။ မာဟောတု၊ မရှိပါစေ၊ မဖြစ်ပါစေ၊ မတိုက်ပါစေ၊ မရွာပါစေသတည်း။

ဤသို့ ပါဠိတစ်ကြောင်း၊ အနက်အဓိပ္ပာယ်တစ်ကြောင်းဖြင့် ဖင့်လျှောက်ပူဇော်ရန် ဤဂါထာ သုံးပုဒ်ဖြင့်လည်း အနက်မရသော် ပါဠိမျှနှင့်ပင် အရှင်ဉပဂုတ္တ ရဟန္တာမြတ်ကြီးအား ရည်စူးပင့်လျှောက်နိုင်၏။



## အရှင်ဉပဂုတ္တနှင့် အလှူဖျက်မိုး

အလှူအတန်းများ ပြုလုပ်ရာတွင် အဖျက်သဖွယ်ဖြစ်သော မိုးအန္တရာယ်ကို အရှင်ဉပဂုတ္တ ရဟန္တာအရှင်သူမြတ်က ကာကွယ်တားဆီးနိုင်သည်ဟု ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း ယုံကြည်ကြ၏။

မှန်လည်း မှန်၏။ အရှင်သူမြတ်ကြီးအား ရည်စူး၍ ပူဇော်ကာ လျှောက်ထားတိုင်တည်ခြင်းဖြင့် မိုးတွင်းကာလဖြစ်စေကာမူ အလှူမပြီးမီ မိုးရွာခြင်းမရှိအောင် တတ်နိုင်၏။

## အရှင်ဉပဂုတ္တကို ရည်စူးပူဇော်

သာသနာ နှစ် ၂၀၀ – ကျော် အသောကမင်းတရားကြီး လက်ထက်တော်အခါက စ၍ မျက်မှောက်ခေတ်တိုင် အရှင်ဉပဂုတ္တ ရဟန္တာအရှင်သူမြတ်သည် ပရိနိဗ္ဗာန်စံတော်မမူသေးဘဲ တောင်သမုဒ္ဒရာအတွင်းဝယ် ကြေးပြာသာဒ်၌စံနေတော်မူလျက် သမာပတ်ချမ်းသာကို ခံစားနေတော်မူပေသည်ဟု လူအများက ယုံကြည်နေကြ၏။

အရှင်သူမြတ်သည် နိရောဓသမာပတ်ဝင်စားရာမှ ထတော်မူသောအခါ မိမိအစား ရည်စူး၍ ဖောင်ဖြင့် မျှောလှူသော လှူဖွယ်ပစ္စည်းများကို အလှူခံတော်မူ၏။

ရံခါလည်း နိရောဓ သမာပတ်မှ ထတော်မူပြီး လူနေအရပ်များတွင် ချီးမြှောက်တန်သော လူတစ်ဦးဦးထံ ဆွမ်းအလှူခံ



www.burmeseclassic.com

www.burmeseclassic.com



ကြလာတတ်ရာ ကြုံကြိုက်၍ လှူဒါန်းရသူများမှာ ဒိဋ္ဌဓမ္မ ဝေဒနိယ အကျိုးကို ခံစားကြရ၏။

တောင်သမုဒ္ဒရာ ကြေးပြာသာဒ်မှာ သမာပတ် ဝင်စား၍ နေတော်မူသော အရှင်ဥပဂုတ္တ ရဟန္တာ အရှင်သူမြတ်အား ရည်စူးလျက် ဖောင်ဖြင့် လှူဖွယ်ပစ္စည်းများတင်ကာ မျှော၍ လှူခြင်းကို ရှေးယခင်က စ၍ မျက်မှောက်ခေတ်တိုင် ယုံကြည်သဒ္ဓါ စေတနာထက်သန်သူတိုင်း ပြုလုပ်လျက်ရှိကြ၏။

## အရှင်ဥပဂုတ္တ ပရိတ်တော်

အရှင်ဥပဂုတ္တ ရဟန္တာအရှင်သူမြတ်ကြီးအား ဆည်းကပ်ကိုးကွယ်ကြသူတိုင်း အလွတ်ကျက်မှတ် ရွတ်ဆို ပွားများနိုင်ရန် အရှင်ဥပဂုတ္တ ပရိတ်တော်ကို ပြဆိုပါအံ့။

(၁) ဥပဂုတ္တော မဟိဒ္ဓိကော၊ သမ္ဗုဒ္ဓေန ဝိညာဂတော။
မာရဉ္စ မာရဗလဉ္စ၊ ဒမေဿတိ အနာဂတေ။

(၂) မာရေနာ သုဏိသံ ကတွာ၊ မမသီသေ ပတိဋ္ဌိတော။
အန္တရာယော ဝိနဿန္တု၊ ဣမာနေဝ အတ္တနမေ၊

(၃) ဥပဂုတ္တံ မဟိဒ္ဓိကံ၊ ရာဇတောဝိ ဥပဒ္ဒဝါ။
သောကဆောဂါ ဝိရောမာယ၊ ပရိတ္တံ ဇယံမင်္ဂလံ။

(၄) တာဒိသော တေရော မာရေန၊ ကတွာစ အနုဇိနတံ။
အန္တရာယော ဝိနဿန္တု၊ ဣဒါနေဝ မဟိဒ္ဓိကော။
ယံယံ ဥပဒ္ဒဝံ၊ ဇာတံ ဝိဒ္ဓံသေတု အသေသတော။



www.burmeseclassic.com

www.burmeseclassic.com



## အနက်မြန်မာပြန် ပါဠိနိဿယ

(၁) ဥပဂုတ္တော မဟိဒ္ဓိကော၊ သမ္ဗုဒ္ဓေ နဝိညာဂတော၊
မာရဥ္စ မာရဗလဉ္စ၊ ဒမေယျာတိ အနာဂတေ။

မဟိဒ္ဓိကော၊ မနှိုင်းယှဉ်အပ် ကြီးမြတ်သောတန်ခိုး ရှိတော်မူထသော၊ ဥပဂုတ္တော၊ ဥပဂုတ္တ နာမတွင် မထေရ်မြတ်သည်။ အနာဂတေ၊ လာမည့်မှန်စွာ နောင်ခါ ကာလ၌။ မာရဉ္စ၊ လက်ရိုးတစ်ထောင် ပိုင်ဆောင်တုံ့ငြား မာရ်နတ်သားကိုလည်းကောင်း။ မာရဗလဉ္စ၊ များပြားလှစွာ မာရ်နတ်သား၏ စစ်သည်ဗိုလ်ပါတို့ကိုလည်းကောင်း။ ဒမေယျတိ၊ ကောင်းစွာ ဆုံးမြစ် ဆုံးမလစ်လတ္တံ့။ ဣတိ၊ ဤသို့။ သမ္ဗုဒ္ဓေန၊ လေးအင်္ဂါသစ္စာ ကောင်းစွာသိမြင် ဘုရားရှင်သည်။ ဝိညာဂတော၊ သဗ္ဗညုတ ဥာဏ်ဖြင့် အမှန်ထိုးထွင်း သိမြင်ခြင်းသို့ ရောက်တော်မူလေပြီ။

(၂ မာရေနာ သုဏိသံ ကတ္ဘာ၊ မမသီသေ ပတိဋ္ဌိတော။
အန္တရာယော ဝိနဿန္တု၊ ဣစ္ဆာနေဝ အာဟံနမေ။

တံထေရံ၊ တန်ခိုးကြီးလတ် ထိုဥပဂုတ္တ မထေရ်မြတ်ကို။ အဟံ၊ ခန္ဓာငါးဝ သမူဟာကို အတ္တစွဲခေါ် ဘုရားတပည့်တော်သည်။ ဣစ္ဆာနေဝ၊ ကောင်းမှုပြုကြ ဤအရပ်မှပင်လျှင်။ နမေ နမာမိ၊ ရှိသေမြတ်နိုး မာရ်ညွှတ်ကျိုးလျက် ရှိခိုးကန်တော့ပါ၏။ မမ၊ အကျွန်ုပ်၏။ သီသေ၊ ကိုယ်အင်္ဂါတွင် အမြတ်တင်သည့် ဥတ္တမင်္ဂ ဦးသီသ၌။ ပတိဋ္ဌိတော၊ ယိမ်းမယိုင် ကျောက်စာတိုင်သို့ ခိုင်ခိုင်မတ်မတ် ရပ်တန့်ရှင်ပြုံး သီတင်းသုံးတော်မူလျက်။



မာရေန၊ ဒေါသရန်ပွား မာရ်နတ်သားသည်။ အသုဏိသံ၊ အားအန့်တပ်းလျက် မညှဉ်းဆဲ မနှိပ်စက်ခြင်းကို။ ကတ္ဘာ၊ ကရုဏာထား မေတ္တာပွား၍။ အန္တရာယော၊ ဘေးအန္တရာယ် အသွယ်သွယ်တို့သည်။ ဝိနဿန္တု၊ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်လွင့်ထွက် ပျောက်ပျက်ကြစေကုန်သတည်း။

(၃) ဥပဂုတ္တံ မဟိဒ္ဓိကံ၊ ရာဇတောဝ ဥပဒ္ဒဝါ။
သောက ရောဂါ ဝိရောမာယ၊ ပရိတ္တံ ဇယမင်္ဂလံ။

ရာဇတောဝါ၊ မင်းဘေးမှလည်းကောင်း။ ဥပဒ္ဒဝ သောက ရောဂါဝါ၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ၊ စိုးရိမ်ခြင်း၊ အနာရောဂါ နှိပ်စက်ခြင်းတို့မှလည်းကောင်း။ ဝိရောမာယ၊ ဝေးစွာလွင့်ပျောက် ကင်းပျောက်စေခြင်းငှာ။ မဟိဒ္ဓိဟံ၊ တန်ခိုးစွမ်းအား ကြီးမားတော်မူသော။ ဥပဂုတ္တံ၊ ဥပဂုတ္တ နာမတွင်လတ် မထေရ်မြတ်ကို။ ပရိတ္တံ၊ ဘေးရန်ဆီးငြား အရံအတားကို။ ကရောမိ၊ ပြုပါ၏၊ မေမမ၊ ရှင်ဥပဂုတ္တ နာမတွင်လတ် မထေရ်မြတ်၏ များလတ်ဂုဏ်ရည် အလီလီကို ယုံကြည်ပွားများ ဘုရားတပည့်တော်အား။ ဇယမင်္ဂလံ၊ လောကုတ်၊ လောကီ နှစ်လီပွားတိုး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အမြဲဖြစ်သည်။ ဟောတု၊ ဤယခု ဤအချိန်မှစ၍ မုချမသွေ ဖြစ်ပါစေသတည်း။

(၄) တာဒိသော ထေရော မာရေန၊ ကတ္ဘာဝ အနုဇိနတံ။
အန္တရာယော ဝိနဿန္တု၊ ဣဒါနေဝ မဟိဒ္ဓိကော။
ယံယံ ဥပဒ္ဒဝံ ဇာတံ၊ ဝိဒ္ဓံသေတု အသေသတော။

www.burmeseclassic.com



တာဒိသော၊ ထိုသို့သဘောရှိသော၊ တေရော၊ ဥပဂုတ္တ နာမ တွင်လတ် မထေရ်မြတ်သည်။ မာရေန၊ ကောဓထန့်ပွား မာရ်နတ်သားသည်။ အနဇ္ဇိနတံ၊ မအောင်နိုင်လစ် ရှုံးသည်၏ အဖြစ်ကို၊ ကတွာန၊ ပြုတော်မူ၍လည်း။ အန္တရာယော၊ အထူး ထူးသော ဘေးအန္တရာယ်တို့သည်။ ဝိနဿန္တု၊ ကင်းစင်လွင့် ထွက် ပျောက်ပျက်ကြစေကုန်သတည်း။ ဣဒါနေဝ၊ ဤယခု ဤအချိန်အခါက ပင်လျှင်၊ မဟိဒ္ဓိကော၊ တန်ခိုး စွမ်းအင် လွန်လျှင်ကြီးလှတဲ့ ဥပဂုတ္တအရှင်မြတ်သည်။ ယံယံဥပဒ္ဒဝံ၊ အကြင် အကြင်သို့သော ဘေးရန်ဥပဒ္ဒဝေါါသည်။ ဇာတံ၊ မသွေမှန်စွာ ဖြစ်ပေါ်လာ၏။ တံတံ ဥပဒ္ဒဝံ၊ ထိုထိုသို့သော ဘေးရန်ဥပဒ္ဒဝ ဟူသမျှကို။ အသေသတော၊ ကြွင်းကျန်ကဝိ မရှိသောအားဖြင့်။ ဝိဒ္ဓံသေတု၊ ဖျောက်လွင့်မသွေ ဖျက်ဆီးတော်မူပါစေသတည်း။

★

## အရှင်ဥပဂုတ္တရှင်တော်ကို ရွတ်ဆိုပူဇော်ရန် ပါဠိဂါထာများ

၁။ (က) ဘဂဝတော သာဝကသံဃော သုပ္ပဋိပန္နော၊

(ခ) ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော၊

(ဂ) ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော၊

(ဃ) ဘဂဝတော သာဝကသံဃော သာမီစိပ္ပဋိပန္နော၊

(င) ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ၊ ဧသဘဂဝတော သာဝကသံဃော အာဟုနေယျော၊

(စ) ဧသ ဘဂဝတော သာဝက သံဃော ပါဟုနေယျော၊

(ဆ) ဧသ ဘဂဝတော သာဝက သံဃော ဒက္ခိဏေယျော။

(ဇ) ဧသ ဘဂဝတော သာဝက သံဃော အဉ္ဇလိ ကရဏီယော။

(ဈ)) ဧသ ဘဂဝတော သာဝကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ငွေတောင်ဘန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



၂။ ယေ ပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ၊
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၃။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမ သာသနမှိ၊
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ၊
ဣဒမ္ပိသံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၄။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော၊
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယ သစ္စာနိ အဝေစ္စပဿတိ၊
ဣဒမ္ပိသံဃေ ရတနံပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု၊ ။

၅။ ယေ အရိယ သစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရ ပညေန သုဒေသိတာနိ၊
ကိဉ္စာပိ တေ ဟောန္တိ ဘုသံပမတ္တာ၊
န တေ ဘဝံ အဋ္ဌမံ အာဒိယန္တိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။



၆။ (က) သဟာဝဿ ဒဿန သမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ၊
သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
(ခ) စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိ ဌာနာနိ အဘဗ္ဗကာတုံ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၇။ ကိဉ္စာပိသော ကမ္မကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒစေတသာ ဝါ၊
အဘဗ္ဗသော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၈။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တ စိတ္တာ ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အဝိရုဠှိဆန္ဒာ၊
နိဗ္ဗန္တိဓီရာ ယထာယံပဒီပေါ၊
ဣဒမ္ပိ သံဃေ ရတနံပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝ မနုဿ ပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ဧဋ္ဌတောင်တန်းစစဗေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဣမေဟိ အဋ္ဌဟိ တမဂ္ဂသံဝရံ၊
သံဃာတိ သံဃံ နရုဒေဝပူဇိတံ၊
ဝိသုဒ္ဓ စိတ္တံ သုဂကော ရသံဝရံ၊
ပါဏေဟိ သံဃံ သရဏံ ဂတောသ္မိ။

၁၁။ ဥပဂုတ္တော စ ယော ထေရော၊
မာရဿေဝ ပဟာယကော၊
မဟိဒ္ဓိကော မဟာတေဇော၊
သဒါဇယံ ကရောတုမေ၊
သဒါခေမံ ကရောတုမေ၊
သဒါသောတ္ထိံ ကရောတုမေ။

၁၂။ ဗန္ဓကံ မာရပါပိဋ္ဌံ၊
ဒမ္မကံ တံ မဟိဒ္ဓိကံ၊
ပူဇေမိ တံ မဟာထေရံ၊
သဒါသုခံ ပဝဍ္ဎတု။

ဗုဒ္ဓရုပ်ပွားတော်များအား အနေကဇာတင်သကဲ့သို့ ဥပဂုတ္တ ရဟန္တာအရှင်သူမြတ်၏ ရုပ်ပွားတော်အား ဤပါဠိဂါထာများဖြင့် ရွတ်ဆိုပူဇော်ခြင်းပြုလျှင် သံဃပူဇနသံဃာဘိသေက မင်္ဂလာမြောက်ကာ အရှင်ဥပဂုတ္တ၏ ရုပ်ပွားတော် အစီအရင် ပြီးမြောက်၏။

နံနက် ည နေ့စဉ်ဝတ်မပျက် ဤပါဠိဂါထာများဖြင့် ရွတ်ဆို ပူဇော်နိုင်လျှင် ဘေးဥပဒ်အန္တရာယ် ပျောက်ကင်း၍ ကောင်းကျိုး ချမ်းသာ ဘုန်းကျက်သရေ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံသည်ကို ကိုးကွယ်ပူဇော်သူတို့ ကိုယ်တွေ့ ခံစားရရှိမည် ဖြစ်၏။

## အရှင်ဥပဂုတ္တ အစီအရင်များ

အရှင်ဥပဂုတ္တနှင့်ပတ်သက်၍ လောကီပိုင်းဆိုင်ရာ အစီအရင် များကို များပြားစွာမတွေ့မိဟု ရှေးဆရာကြီးများက မိန့်ဆို ခဲ့၏။

သစ်သားရုပ်အစီအရင်၊ ဆေးရုပ်အစီအရင်၊ ရုပ်ရေးအစီ အရင် အနည်းငယ်မျှသာ တွေ့ဖူး၏။

ကန့်ခဲဖြင့် စီရင်သောအစီအရင်ကိုမူ မလုပ်အပ်သော အစီ အရင်ဟု ရှေးဆရာမြတ်တို့ မိန့်ဆိုခဲ့၏။

အရှင်ဥပဂုတ္တနှင့်ပတ်သက်သော ဂါထာ မန္တန်များ ဟူ၍ သဒ္ဒါကျမ်းလာ တတိယာကတ္တား၏ ဥဒါဟရဏ် ဖြစ်သော "ဥပဂုတ္တေန မာရောဗန္ဓော" ဟူသည့် ဂါထာမျှလောက်သာ တွေ့မိကြောင်းဖြင့် ရှေးဆရာကြီးတို့က မိန့်ဆိုခဲ့၏။

ရွှေအောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## သစ်သားရုပ်တု အစီအရင်

သစ်သားရုပ်တုကို စီရင်ရာ၌ မိမိတို့ ကိုယ်တိုင်အတွက် သီးသန့်ပူဇော်လိုလျှင် နံ့သင့်အသား၊ အမြစ်နှင့် အညွန့်အသား၊ ပဥ္စပွတ်အသား၊ နံ့နှင့်ပဥ္စပွတ်တွဲသောအသားတို့ကို ပြုလုပ်ရသည်။ "တြိုရန် စတုရန်းနှင့်ဆပွတ်" အသားတို့ကို မည်သည့်အခါမျှ မပြုလုပ်ရ။

ဘုရားရဟန္တာတို့၏ရုပ်တုတော်များကို ထုလုပ်ရာ၌ တိရစ္ဆာန်တို့၏အရိုးများ၊ အစွယ်များဖြင့်လည်း မထုလုပ်အပ်။ ယုတ်ညံ့သော သစ်သားများဖြင့်လည်း မထုလုပ်ရ။

ထို့ပြင် ရုပ်တုတော်များကို ကိုးကွယ်ရန် ပြုလုပ်ရာ၌ နေ့ရက်, နက္ခတ် စသည်တို့ကို ရွေးရန် မလို။

လောကီ အစီအရင်အရ ပြုလုပ်ရာ၌ကား ရွေးချယ်ပြီးမှ ပြုလုပ်ခြင်းက ပို၍သင့်မြတ်၏။

ထိုကဲ့သို့ သစ်သားကို ရွေးချယ်ပြီးနောက် အရှင်ဥပဂုတ္တ ရုပ်တုတော်ကို စီရင်ထုလုပ်ရာဝယ် တင်ပျဉ်ခွေ ကြာပွင့်ပေါ် ထိုင်၍ သပိတ်ကို လက်ဝဲဖဝါးပေါ် တင်ထားဟန်၊ လက်ယာလက်က သပိတ်ကိုနှိုက်ဟန်၊ ဦးခေါင်းတော်ကို လက်ဖြောင်းနှင့် ဝဲဘက်သို့ အတန်ငယ် စောင်းသည်အထိ၊ မျက်နှာတော်က ကောင်းကင်မော့၍ နေကိုကြည့်ဟန် ထုရသည်။

ပခုံးတွင် ဒုကုဋ်သင်္ကန်းကြီး ခေါက်တင်ထားရမည်။



## ကျောင်းဆောင်ပြာသာဒ်အစီအရင်

အရှင်ဥပဂုတ္တာရုပ်တုတော် သီတင်းသုံးရန်အတွက် ကျောင်းဆောင် ပြာသာဒ်ကိုပြုလုပ်ရာ၌ တတ်နိုင်လျှင် ကြေးပြားဖြင့် ပြုလုပ်ရမည်။

မတတ်နိုင်လျှင် သစ်သားဖြင့် ပြုလုပ်နိုင်၏။

ကျောင်းဆောင်တော်ကို နဂါးလေးကောင် ပင့်ချီမ,ထားသည့်သဖွယ် နဂါးလေးကောင် ကျောပေါ်တွင် တည်နေပုံ ပြုလုပ်ရ၏။

ထောင့်လေးထောင့်တွင် နဂါး ဦးခေါင်း လေးခု ရှိနေရမည်။

ယင်းတို့၏ ကိုယ်များကိုမူ တနင်္ဂနွေထောင့်သို့ ခေါင်းပြုသော နဂါး၏ကိုယ်မှာ အင်္ဂါထောင့်သို့ တန်းလျက်ရှိပြီး အမြီးက အင်္ဂါထောင့် ခေါင်းပြုသော နဂါး၏ကိုယ်တွင် ရစ်ပတ်နေစေရမည်ဖြစ်၏။

အင်္ဂါထောင့် နဂါး၏ကိုယ်မှာ စနေထောင့်သို့ တန်းလျက်ရှိစေ၍ အမြီးများက ရွှေအတူ စနေထောင့် နဂါး၏ကိုယ်တွင် ရစ်ပတ်နေစေရမည်။

စနေထောင့်ရှိ နဂါးမှာလည်း ရာဟုထောင့်သို့တန်း၍ ရာဟုနဂါးကိုယ်တွင် အမြီးရစ်ပတ်စေရမည်။

ရာဟုနဂါးမှာလည်း တနင်္ဂနွေထောင့်သို့ တန်းပြီး အမြီးက တနင်္ဂနွေနဂါးကိုယ်တွင် ရစ်ပတ်နေစေရမည်ဖြစ်၏။

ငွေထောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အရှင်ဥပဂုတ္တ ပုံတော်

ထိုပြာသာဒ်၏ လေးထောင့်တွင် ထီးဖြူလေးလက် စိုက်ထူ ထားမှု ပါရှိရမည်။

ထိုပြာသာဒ်၏ လေးမျက်နှာလုံး အပိတ်အကာမရှိ ဟင်းလင်းဖွင့် ဖြစ်ရမည်ဖြစ်၏၊

ပြာသာဒ်အတွင်း၌ အရှင်ဥပဂုတ္တ စံနေတော်မူရာ၌မူ ကိုးကွယ်သူ ရှိခိုးပူဇော်ခြင်းပြုသည့်ဘက်သို့ ကိုယ်တော်၏ မျက်နှာတော်ကို လှည့်ထား စံနေစေရမည်ဖြစ်၏။

ရုပ်ပွားတော်လည်း အသင့် ဖြစ်ပြီး၊ ကျောင်းဆောင်ပြာသာဒ်လည်း အသင့်ပြီးသော် ပူဇော် ကိုးကွယ်ရန်အတွက် လောကီ အစီအရင်မဘက်သော အစီအရင်အနေဖြင့် ပြီးဆုံးပေပြီ။

ဗုဒ္ဓမြတ်စွာဘုရား ရုပ်ပွားတော်များကို အနေကဇာတင်သကဲ့သို့ အရှင်ဥပဂုတ္တ၏ရုပ်ပွားတော်ကိုလည်း အနေကဇာတင်ရပါသေးသလား။

အချို့သောပုဂ္ဂိုလ်များက အနေကဇာတင်ခြင်းပြုကြသည်ဟု ကြားဖူးသည်။

အမှန်မှာ အနေကဇာ မတင်ရပါ။

သို့သော် ရုပ်တုတော်ကို ကျောင်းဆောင် ပြာသာဒ်တွင်စံနေတော်မူစေပြီး ပန်းဆီမီးတို့ဖြင့် ပူဇော်လျက် "အရှင်ဥပဂုတ္တ ရုပ်တုတော်ကို ရွတ်ဆို ပူဇော်ရန် ဂါထာများ" ဖြင့် သုံးခေါက်ထက် မနည်း ရွတ်ဖတ် ပူဇော်ခြင်းပြုရသည်။

တတ်နိုင်လျှင် နေ့စဉ် ဆွမ်းကပ်ရမည်။

ထိုပါဠိဂါထာများဖြင့် နေ့စဉ် ရွတ်ဆို ပူဇော်နိုင်လျှင် လွန်စွာ အကျိုးကြီးလှ၏။



## တောင်သမုဒ္ဒရာလယ်က ကြေးပြာသာဒ်

(ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး)

"........အိန္ဒိယတိုင်း ဘိလပ်ပြည်ကြီးက သမုဒ္ဒရာကို လှည့်ပတ်ကြည့်ရှုသော လောကဓာတ် ဆရာနှစ်ဦးသည် မီးသင်္ဘောတစ်စီးနှင့် ပင်လယ်၏ တောင်စူးစူးကိုဖြတ်ရာ (၁၃)ရက် ကြာလျှင် ရေပြင်လယ် ကျောက်ဆောင်ကြီးပေါ်၌ ကြေးပြာသာဒ်ကြီးကို မြင်ရကြောင်း၊ အနီးသို့ကပ်ရန် သင်္ဘောစက် ခုတ်ပါသော်လည်း ဒီလှိုင်း လွန်စွာကြမ်း၍ မကပ်နိုင်ကြောင်း ၁၂၂၅ ခုနှစ် သတင်းစာတွင် ဖတ်ရှုရသဖြင့် ၎င်းနေရာသည် ရှင်ဥပဂုတ္တ အရှင်မြတ် စံမြန်းသောနေရာ ဖြစ်လိမ့်မည်ဟု ယူဆကြောင်းကို ကျေးဇူးရှင် ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက (ဝိမတိစ္ဆေဒနီ)ကျမ်းတွင် ဖော်ပြထား၏။

★

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ် အရှင် ဥပဂုတ္တ

လွန်လေခဲ့သော နှစ်ပေါင်း ၅၀-ကျော်ခန့်က ကျွန်ုပ်တို့၏ အဘိုးလက်ထက်တွင်၊ ယခုဖော်ပြမည့် ဖြစ်ရပ်တစ်ခုကို အဘိုးတို့ ကိုယ်တိုင် ကြုံခဲ့ရသည်။

ကြုံခဲ့ရသော အဖြစ်အပျက်ကား....

အဘိုးတို့ ငယ်စဉ်က မော်လမြိုင်ကျွန်း နယ်ဘက်တွင် လယ်ယာ လုပ်ငန်းဖြင့် နေထိုင်ခဲ့ဖူးကြသည်။ အဘိုးတို့နေရာမှာ မြစ်ကမ်းခြေပေါ်တွင် တည်ရှိသည့် ဘုန်းကြီး ရေကျော်ရွာခေါ် ရွာငယ်ကလေး ဖြစ်သည်။

မြစ်မှတစ်ဆင့် စီးဝင်သော ဘုန်းကြီးရေကျော်ခေါ် ချောင်းငယ်ကလေးကို အစွဲပြု၍ ဘုန်းကြီးရေကျော်ရွာဟု ခေါ်ခြင်းဖြစ်သည်။

အဘိုးတို့ ငယ်စဉ်က ရှေးလူကြီးများ ကိုယ်တိုင်၊ အရှင်ဥပဂုတ္တ ရဟန္တာမြတ်အား ပူဇော်ပွဲကြီး ပြုလုပ်လေ့ရှိသည်၊ အရှင်ဥပဂုတ္တ ရဟန္တာမြတ်အား ပြာသာဒ် ကျောင်းဆောင် ဖောင်တော်ကြီးဖြင့် ◌င်လှူကာ ဆွမ်း၊ ကွမ်း၊ သစ်သီး၊ ပန်း၊ ဆီမီးတို့ဖြင့် ပူဇော်လျက် မြစ်ရေယဉ်ကြောတွင် မျှောလိုက်ကြသည်။

ထိုဖောင်တော်ကြီး ဆိုက်ကပ်ရာ မြို့ရွာ အရပ်များက ဖောင်တော်နှင့်တကွ ပင့်ကာ မိမိတို့ ရပ်ရွာတွင် တစ်သီတင်းတန်သည် နှစ်သီတင်းတန်သည် ထားရှိလျက် ပူဇော်ကြသည်။ ပူဇော်၍ အားရလျှင် မျှောလိုက်ကြပြန်သည်။

မင်္ဂတောင် ဘန်းခံပေ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဖောင်တော်ဆိုက်ကပ်ရာ ရောက်ရာဒေသများမှ လူများကလည်း ဖောင်တော်ကို ဆီးကြိုပင့်ကြပြီး၊ ပူဇော်ကြပြန်သည်။ ဖောင်တော်ကို ပြုပြင်ကြသည်။

အလှူအတန်း၊ ရှင်ပြု၊ ရဟန်းခံ၊ ဘုရားပွဲ စသည်တို့ ပြုလုပ်ရာတွင်လည်း လေ၊ မိုး စသော အန္တရာယ်များ ကင်းရှင်း စေရန် အရှင်ဥပဂုတ္တ ရဟန္တာမြတ်ကြီးအား ရည်စူး ပူဇော်ကြသည်၊ ပုံတော်ကို အလှူမဏ္ဍပ်သို့ ပင့်ဆောင် ပူဇော်ကြသည်။

ပုံတော်မရှိလျှင်လည်း မြစ်ကမ်းပါးသို့ သွားကာ တောင် သမုဒ္ဒရာသို့ ရည်မှန်း၍ လက်အုပ်ချီမိုး ရှိခိုးပူဇော်ပြီး....

"ဘုရားဘပည့်တော်များ အလှူမင်္ဂလာ ပြုလုပ်ရာ မဏ္ဍပ်သို့ ကြွရောက်တော်မူပါဘုရား၊ မိုး၊ လေ စသော အန္တရာယ်များကို အလှူ ပြီးဆုံးသည် အထိ တားဆီး ကာကွယ် ပေးတော်မူပါ ဘုရား" ဟု လျှောက်ထား ပင့်ဆောင်ကြသည်။

အရှင် ဥပဂုတ္တ ရဟန္တာ အရှင်သူမြတ် ကြီးအား ဟိုရှေးအခါကပင် ဤမျှ သဒ္ဓါမြတ်နိုး အားကိုးအားထား ပြုကြသည်။ ဤသို့ဖြင့် အဘိုးတို့ရွာကား နှစ်စဉ်မပျက် အရှင်ဥပဂုတ္တ ရဟန္တာမြတ်အား ပူဇော်ပွဲကြီး ပြုကြရမြဲဖြစ်သည်။

အဘိုးတို့ရွာ၌ ရေငုပ်သန်သူ ၃ ယောက်မျှ ရှိသည်။ ရေအောက်တွင် ၃–နာရီမှ ၆–နာရီထိ ကြာအောင် ငုပ်၍နေနိုင်ကြသူများ ဖြစ်သည်။

တစ်နေ့တွင် ထိုလူ ၃–ယောက်တို့ ရေငုပ်ကြရာ ရွာကလေရှိ လူများ ယောကျ်ား၊ မိန်းမ ကလေးပါမကျန် မြစ်ကမ်းပါးမှ နေ၍ ကြည့်နေကြသည်။

နံနက် ၇ နာရီခန့်မှ စ၍ ငုပ်ကြသည်။ ၁၀ နာရီခန့်တွင် တစ်ယောက် ပေါ်လာသည်။ မွန်းတည့်ချိန်တွင် နောက် တစ်ယောက် ပေါ်လာသည်။



တတိယမြောက် လူကား ညနေ နေဝင်ချိန်ထိ ပေါ်မလာပေ။ နောက်တစ်နေ့ နံနက်၊ နေ့လယ်၊ ညနေထိ ပေါ်မလာ။ သို့ဖြင့် ထိုလူအား သေပြီဟု ယူဆကြကာ ဆွမ်းသွတ်ခြင်း စသော ကိစ္စရပ်များကို ပြုလုပ်ကြသည်။

ခုနစ်ရက်လည်သော် ရက်လည်ဆွမ်းသွတ်သည့် နေ့တွင် ကမ်းပါးမှနေကာ အမျှဝေခိုက်တွင် သေပြီဟု ယူဆထားသူသည် မြစ်လယ်ခေါင်မှ ဘွားခနဲ ပေါ်၍လာသည်။

သူ့အား ကလေး လူကြီး ယောကျ်ား၊ မိန်းမ အားလုံးတို့က ဝမ်းသာအားရ ဆီးကြိုကြသည်။ ပထမ၌ သရဲခြောက်သည်ဟု ထင်မိသူများ ကလည်း သရဲမဟုတ်မှန်း သိသဖြင့် ဝမ်းသာအားရ ဖြစ်သွားကြသည်။

အကျိုးအကြောင်း မေးမြန်းသဖြင့် သို့ရေအောက်မှ ပြန်ပေါ်လာသူက အောက်ပါအတိုင်း ပြောပြသည်။

သူသည် ထိုနေ့နံနက်က ရေငုပ်ရာ၌ ရေအောက်တွင် အကြာဆုံး နေနိုင်ရန်သာ မရည်ရွယ်ပဲ၊ ဤမြစ်ကြီး မည်မျှ နက်သနည်း ဟု သိလိုစိတ် ဖြစ်လာသဖြင့် အောက်သို့ ငုပ်နိုင်သမျှ ငုပ်သွားခဲ့ရာ၊ နောက်ဆုံးတွင် မာသောအရာတစ်ခုကို နင်းမိသဖြင့် လက်နှင့် စမ်းသပ်ကြည့်ရာ၊ ထိုအရာသည် အဆောက်အအုံ တစ်ခု၏ ခေါင်မိုးဖြစ်နေသည်။

သို့နှင့် ထိုခေါင်မိုး လျှောသွားသည့် အတိုင်း၊ တံစက်မြိတ် ရောက်အောင် ဆင်းလိုက်သွားပြီး အတွင်းဘက်ဆီသို့ ကြည့်လိုက်ရာ အတွင်း၌ ထိန်ထိန်လင်းနေရုံမက ဝတ်ဖြူ စင်ကြယ်နှင့် အဘိုးအိုတစ်ဦး ဘုရား ကြည်ညိုနေသည်ကိုပါ တွေ့ရသည်။

မြတ်စွာဘုရား ရုပ်ပွားတော်မှာ လွန်စွာ ပပွာယ်၍ ငင်း ရုပ်ပွားတော်၏ လက်ဝဲဘက် မနီးမဝေးတွင် အရှင် ဥပဂုတ္တ ရဟန္တာ မြတ်ကြီး၏ ရုပ်ပွားတော်ကိုပါ တွေ့မြင် ဖူးမြော်ရသည်။

ဝွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



[illegible]ဝတ်ဖြူနှင့် အဘိုးအိုက သူ့အား အတွင်းသို့ ဝင်လာရန် ပြောသဖြင့် ဝင်သွားခဲ့ရာ ထူးခြားသော ကြည်ညိုစိတ်များ ဖြစ်လာကာ မြတ်စွာဘုရား ရုပ်ပွားတော်နှင့် အရှင် ဥပဂုတ္တ ရုပ်ပွားတော်များအား အချိန်အတန်ကြာမျှ ရှိခိုးပူးမျှော်နေမိသည်။

အဘိုးအိုက သူ့အား ပျော်သမျှနေရန်ပြောဆိုသည့် အတိုင်း နေခဲ့ရာ၊ နေ့စဉ် ငှက်ပျောသီး တစ်လုံးမျှဖြင့် အာဟာရကို ပြီးခဲ့သည်။ ပထမတွင် သူသည် ဘုရား၌လည်းကောင်း၊ အရှင် ဥပဂုတ္တ ရဟန္တာမြတ်ကြီး၌ လည်းကောင်း၊ အဘိုးအို၌ လည်းကောင်း ကြည်ညို မြတ်နိုး နေသဖြင့် အိမ်ကိုရော ရွာကိုပါ သတိမရပဲ ရှိခဲ့သည်။

ဤနေ့တွင်မှ အဘိုးအိုက "မောင်ရင်ပြန်ရန် အချိန်ယင့်ပြီ၊ ပြန်လိုသလား" ဟု မေးမြန်းသည်။ သူသည် ထိုအခါမှ အိမ်ကို လည်းကောင်း၊ ရွာကို လည်းကောင်း သတိရမိတော့ကာ အဘိုးအိုထံတွင် ခွင့်တောင်းပြီး ရုပ်ပွားတော်များအား ရှိခိုးပူဇော်ကာ ပြာသာဒ်ကျောင်းဆောင် တံခါးမကြီးမှ အပြင်သို့ ထွက်လိုက်ရာ၊ ရုတ်ခြည်းပင် ရေပေါ်သို့ ရောက်လာကြောင်း ပြောပြသည်။

ရွာရှိ သက်ကြီး ရွယ်ကြီးများမှအစ, အားလုံးတို့မှာ သူ၏ ပြောပြချက်များကို တအံ့တဩ နားထောင်ကြရာမှ ပေါ်လာသော ရေလယ်ခေါင်ဆီသို့ မျှော်ကြည့်ကာ ရှိခိုး ကန်တော့ကြသည်။

ဤအခါကစပြီး ထိုသူနှင့်တကွ ရွာရှိလူကုန် တစ်အိမ်မကျန် အရှင် ဥပဂုတ္တ ရဟန္တာမြတ်ကြီးအား ဆထက် ထမ်းပိုးတိုး၍ ပူဇော်ခြင်း ပြုလာကြလေသတည်း။

**နတ္တလင်း ဆရာ ဦးအုန်းမောင်**

## ပင်လယ်တွင်းမှ အံ့ဖွယ်ဖြစ်ရပ်

မောင်သန်းဝေနှင့် မောင်အေးသန်းမှာ ဝမ်းကွဲညီအစ်ကို တော်စပ်ကြပါသည်။ ၎င်းတို့မှာ တနင်္သာရီတိုင်း၊ ပုလောမြို့၊ အမှတ် ၃ ရပ်ကွက်၊ ကံ့ကော်လမ်းတွင် မိဘများနှင့် အတူ နေထိုင်ကြသော အိမ်နီးချင်းများ ဖြစ်ပါသည်၊

မောင်သန်းဝေမှာ အသက် ၃၀ အရွယ် လူပျို ဖြစ်ပြီး မုဆိုးမ မိခင်ဒေါ်အေးမြင့်ကို ရိုးသားစွာ လုပ်ကိုင်ကျွေးမွေး နေသည့် သားလိမ္မာတစ်ဦး ဖြစ်သည်၊

ထို့အတူ မောင်အေးသန်းမှာလည်း အသက် ၂၄ နှစ် အရွယ်ရှိပြီး မိဘနှစ်ပါးဖြစ်သော ဦးသက်ဟို-ဒေါ်သောင်းကြည်တို့ကို လုပ်ကိုင်ကျွေးမွေးနေသူ သားလိမ္မာဖြစ်ပါသည်၊

၎င်းတို့မှာ ရေလုပ်ငန်း လုပ်ကိုင်နေရာမှ ၁၉၈၇ ခုနှစ်တွင် ပင်လယ်သမုဒ္ဒရာထဲ၌ ၉ ရက်မျှောပါပြီး၊ အိန္ဒိယနိုင်ငံသို့ ရောက်သွားကြသည်။ ထို့နောက်မှ မြန်မာနိုင်ငံသို့ ပြန်ရောက်လာကြပါသည်၊

ပင်လယ်ခရီး၌ အံ့ဩမဆုံးနိုင်အောင် ဖြစ်ပျက်ခဲ့ပုံများကို မောင်အေးသန်းက စာရေးသူအား ပြောပြသည့် အတိုင်း တစ်ဆင့် တင်ပြအပ်ပါသည်။

လူအမည်၊ မြို့အမည်များ အမှန်အတိုင်း ဖြစ်ပါသည်။ ယခု ထက်တိုင် သက်ရှိထင်ရှား ရှိနေကြပါသည်။

**စာရေးသူ**

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်မှာ သူငယ်ချင်းတစ်ဦး၏ ကူညီပေးမှုကြောင့် လိပ်သောင်ရွာနေ ဦးတင်မြင့်နှင့် ကော့သောင်းမြို့နေ ဦးအေးထွန်းတို့ နှစ်ဦး စပ်တူပိုင်သော (ထွန်းထွန်း) အမည်ရှိသည့် ငါးဖမ်းလှေတွင် အလုပ်ရခဲ့ကြပါသည်။

ကျွန်တော်သည် အစ်ကို ကိုသန်းဖေနှင့်အတူ စက်တာဝန်ယူ လုပ်ကိုင်ပေးရပါသည်။ လှေတွင် ယားဝယ်မှ ၃ဦး၊ ကော့သောင်းမှ ၁ ဦး၊ လိပ်သောင်မှ ၂ဦး အပါအဝင် ၈ ဦး ရှိပါသည်။

မြို့နယ်မှ သတ်မှတ်ပေးသော ရေပြင်တွင် ငါးမှတ်များကို ဖမ်းဆီးပြီး ပုလောမြို့ရှိ မြန်မာ့ရေလုပ်ငန်း ကော်ပိုရေးရှင်းသို့ ပေးသွင်းရပါသည်။

ထိုသို့လုပ်ကိုင်ဆောင်ရွက်ပြီး ၁ လခန့်အကြာ ၁၃၄၈ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် (၉-၁-၈၇)နေ့တွင် ကျွန်တော်တို့လှေ ပုလောမြို့သို့ ဝင်လာပါသည်။

ငွေထုတ်ခြင်း၊ ဆီထုတ်ခြင်းများ ဆောင်ရွက်လုပ်ကိုင်ပြီး စခန်းချသည့် လိပ်သောင်ရွာသို့ ပြန်ရန်ဖြစ်ပါသည်။ ပုလောသို့ တစ်ရက်နေလျက် ကိစ္စများ ဆောင်ရွက်ခိုက် မြို့လယ်ရပ်ရှိ ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ပွဲနှင့် ကြုံကိုက်နေ၍ ဖူးမြော်ကန်တော့ပါသည်။

အရှင်မြတ်ကြီးအား လှူဖွယ်ပစ္စည်းများကို ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က လှူဒါန်းကြပါသည်။

လဆန်း ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ပုလောမှ စက်လှေပြန်ထွက်ပါသည်။



ထိုအချိန်တွင် 'လှေမျက်နှာလှဲက' စခန်းချရန် ရွာသို့ တိုက်ရိုက် မပြန်ဘဲ လုပ်ကွက်စခန်းသို့ တစ်ပတ်ချိုးခုတ်မောင်းကြည့်ရှုပြီးမှ လိပ်သောင်ရွာသို့ပြန်ဝင်ရန်နှင့် ရေ၊ စားနပ်ရိက္ခာများ ဖြည့်ပြီး နောက်တစ်ရက်မှ ငါးဖမ်းထွက်ရန် စီစဉ်ကြပါသည်။

ပင်လယ်ပြင်လုပ်ကွက်စခန်းသို့ လိုက်လံကြည့်ရှုပြီး ညနေ ၃ နာရီအချိန် နေရပ်သို့ပြန်ရန် လှေအလှည့်တွင် မမျှော်လင့်ဘဲ စက်ကရိုင်းကျိုးပြီး စက်ပျက်သွားပါသည်။

ထိုအချိန်တွင် အရှေ့ဘက်က လေပြင်းကလည်း မနားတမ်း တိုက်နေသည်။

ကျွန်တော်တို့ လှေကြီးမှာ တဖြည်းဖြည်းနှင့် မလိကျွန်းကြီး အောက်တွင် လေပြင်းအရှိန်မိကာ အနောက်ဘက်သို့ မျောသွားပါတော့သည်။

အကူအညီ တောင်းရန် ပတ်ဝန်းကျင်၌ လှေစက်စင်းမှ မတွေ့ရပါ။ ဤသို့နှင့်ပင် မိုးကြီးချုပ်ပါလေတော့သည်။

စက်လှေသည် လရောင်ဖွေးဖွေးကြင် တစ်ညလုံး မျောနေပါသည်။ အရှေ့လေကလည်း ပြင်းထန်၊ လှိုင်းကလည်းကြီးနှင့် နံနက်လင်းလျှင် လှေအကူအညီများ တွေ့လိမ့်မည်ဟု မျှော်လင့်ထားကြသော်လည်း အချည်းနှီး ဖြစ်ခဲ့ရပါသည်။ ပဲ့နင်းလုပ်သူက အမြော်အမြင်ကြီးစွာဖြင့် စားသောက်ရေးကို စတင်စီစဉ်ပါတော့သည်။

သစ်သားစည်ပိုင်းတွင် သောက်ရေက လက်သုံးလုံးသာ ရှိတော့သည်။ ဤရေမှာလည်း လှိုင်းချက်ဒဏ်ကြောင့် အနည်ထပြီး မည်းညစ်၍နေပါသည်။

ဆန်ကတော့ တစ်အိတ်ကျော်ကျော် ရှိပါသည်။ ဆန်ပြုတ်ပြုတ်ပြီး ခွဲတမ်းနှင့် စတင်စားရပါသည်။ လူတစ်ကိုယ်လျှင် ဇွန်းကြီးနှင့် ၃ ဇွန်း၊ ရေက လက်ဖက်ရည်ကြမ်းပန်းကန်နှင့် တစ်လုံးစီရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ပင်လယ်ပြင်၌ များစွာ အတွေ့အကြုံရှိသော လှေမျက်နှာလှဲ့ ကိုအေးခိုင်က....

"ပင်လယ်ခရီးသွားတာ သက်ရှိ ၉ ဂဏန်းဆိုတာမကောင်းဘူးဗျ၊ အခု လူက ၈ ဦး၊ ကြွက်က တစ်ကောင် ဆိုတော့ ၉ ဂဏန်း ဖြစ်နေတယ်" ဟုပြော၍ လှေပေါ်ရှိ ခွေးသေးကျောက် တစ်လုံးကို "မောင်ကျောက်ခဲ" အမည်ပေးသည်။ ကျွန်တော်တို့၏ ခွဲတမ်းအတိုင်း ဆန်ပြုတ်နှင့်ရေကို ခွဲဝေပေးပါသည်။

ဤကဲ့သို့ လှေမျှောနေသည်မှာ ၈ ရက်မြောက် ဖြစ်လာပါပြီ။ ရေလည်းကုန်ပြီ၊ လူတွေလည်း အားပြတ်နွမ်းနယ်ကာ ဒုက္ခလှလှကြီး တွေ့နေရပါသည်။

ကျွန်တော်တို့လှေမှာ အပြောကျယ်သည့် ပင်လယ်သမုဒ္ဒရာအတွင်း၌ အုန်းခွံကလေးတစ်ခုပမာ လွင့်စဉ်မျောနေပါသည်။ အရှေ့လေပြင်းကလည်း အဆက်မပြတ် တိုက်ခိုက်လျက် ရှိနေပါ၏။

လှေပဲ့နင်း ဦးသွားကန်းက ၈ ရက်မြောက် နေ့လယ် ၁၂ နာရီခန့်တွင် ကျွန်တော်တို့ အားလုံးကို စုရုံးခေါ်ပြီး....

"ကဲကွာ .... တို့တစ်တွေအားလုံး ယောကျ်ားတွေချည်းပဲ။ အရေးကြီးပြီး သေဘေးကြုံလာရင် ဇွဲ၊သတ္တိရှိရမယ်၊ အလောင်းတော် ဇနက ဇာတ်တော်ကြီးကို တို့အားလုံး ကြားဖူးကြတာပဲ။ ဒီတော့ ယခု တို့လှေမျှောလာတာ ၈ ရက်ရှိနေပြီ။ ဘာလှေ၊ ဘာသင်္ဘောမှလည်း မတွေ့ဘူး၊ ငါ့စိတ်အထင်ကတော့ မုတ္တမပင်လယ်ကွေ့၊ ဘင်္ဂလားပင်လယ်အော်တို့ကို ဖြတ်ကျော်လာပြီး ယခု အိန္ဒိယသမုဒ္ဒရာကို ရောက်နေပြီထင်တယ်။ လှိုင်းလုံးကြီးတွေကလည်း ကြီးပါဘိကွာ၊ မင်းတို့ အားလုံး အားတင်းပြီး ထထိုင်ကြ၊ ဘုရားမှာ ငါးပါးသီလ ခံကြရအောင်။ အားလုံး



"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" လို့ ပုတီးစိပ်ကြ။ နှုတ်က မပြတ်ရွတ်ဆိုတဲ့သူကလည်း ရွတ်ဆိုပေတော့။ သရဏဂုံစိတ်နဲ့ တို့တစ်တွေ သေသွားရင်လည်း ကောင်းရာသုဂတိကို ရောက်မယ်။ ဒါမှမဟုတ် ထူးခြားမှုတွေ့ပြီး အကူအညီတွေ့ရမယ်။ တို့ငယ်ငယ်တုန်းက ရွာဦးကျောင်းဆရာတော်ဘုရားကြီးက သရဏဂုံဆောက်တည်လို့ သေဘေးက လွတ်ရကြောင်း အဖြစ်အပျက်များကို ပြောဆိုဆုံးမတာ ငါသတိရတယ်" စသည်ဖြင့် အကျယ်တဝင့် အားပေးစကား ပြောပါသည်။

ထို့နောက် ငါးပါးသီလကို ခံယူစေပြီး သရဏဂုံ စတင်၍ ဆောက်တည်ခိုင်းပါတော့သည်။

ကျွန်တော်တို့ အားလုံးက ပဲ့နင်းကြီး ပြောသည့်အတိုင်း လိုက်နာကြပါသည်။

ကျွန်တော်နှင့် အစ်ကို ကိုသန်းဝေတို့မှာ စိပ်ပုတီး ကိုယ်စီဖြင့် သရဏဂုံကို စိပ်ကြပါသည်။

ဤကဲ့သို့ တစ်လှေလုံး စိတ်ပါလက်ပါဖြင့် ဆောင်ရွက်၍ ရွတ်ဆိုနေကြစဉ် ညနေ ၂ နာရီခန့်တွင် တောင်ဘက်အရပ်မှ လှေတစ်စီးသည် ဦးပိုင်းမှ ရေဖွေးဖွေးဖြင့် ကျွန်တော်တို့ဆီသို့ ဦးတည်၍ လာနေသည်ကို တွေ့မြင်ရပါသည်။

ကျွန်တော်တို့လှေမှာ အနောက်ဘက် အရပ်သို့ မျောနေသဖြင့် ထိုလှေသည် ဓားလွှယ်ခုတ်လာနေသည်ကို တစ်ဖျော့လုံး မြင်တွေ့ရပါသည်။

မကြာခဏဆိုသလို တောင်လုံး၊ အိမ်လုံးမျှရှိသော လှိုင်းကြောင့် လှိုင်းထိပ်သို့ လှေရောက်သွားသည့်အခါ ကျွန်တော်တို့ဆီသို့ ဦးတည်လာနေသော လှေကို ကောင်းစွာမြင်တွေ့ရပါသည်။

ငွေတောင်ဘန်း၊၀၁၁၉

www.burmeseclassic.com



လှိုင်းလုံးကြီး၏ချိုင့်ခွက်ထဲသို့ ကျွန်တော်တို့လှေ ရောက်သွားသည့်အခါ ထိုလှေသည် မြင်ကွင်းက ပျောက်သွားပြန်ပါသည်။

ဦးတည်၍ လာနေသော ထိုလှေကို လှေပေါ်ရှိ လူ ၈ ဦးစလုံးက မြင်တွေ့ကြရသဖြင့် အားလုံး အားတက်လာကြသည်။

သမုဏဂုံကို ပို၍ ရွတ်ဆို ဆောက်တည်ကြပါသည်။

ထိုသို့ ဖြစ်ပျက်နေရာမှ ၂ နာရီခန့်အကြာတွင် မြင်တွေ့နေသော လှေသည် အလွန် နီးကပ်လာသည်။

ရှင်းလင်းစွာ မြင်တွေ့နိုင်သော အနေအထားကို ရောက်လာပါတော့သည်။

ထိုအချိန်ကျကာမှ တစ်လှေလုံး မျက်လုံး မျက်ဆန် ပြူးရလောက်အောင် အံ့ဩမဆုံးရှိကြပါသည်။

ဘုရား…ဘုရား….ကျွန်တော်တို့ဆီသို့ ဦးတည်၍လာနေသော အရာမှာ လှေမဟုတ်ပါ။

ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီး၏ ကျောင်းဆောင်ပြာသာဒ်ကြီး ဖြစ်၍နေပါသည်။

အားလုံးက လက်အုပ်မိုး ရှိခိုးပြီး အနီးကပ် ဖူးတွေ့ခွင့်ပြုဖို့၊ အသက်ဘေးမှ ကယ်မဖို့ စသည်ဖြင့် ဆုတောင်းကြ၏။

အချို့မှာ ဝမ်းမြောက်ဝမ်းသာလွန်း၍ မျက်ရည်ဖြိုင်ဖြိုင်ကျကြသည်။

ပို၍ အံ့ဩရသည်မှာ သက်မဲ့ဝတ္ထုဖြစ်သော ထိုဖောင်တော်ပြာသာဒ်ဆောင်ကြီးမှာ ဤမျှ ကမ်းမမြင် လမ်းမမြင် အပြောကျယ်လှသည့် သမုဒ္ဒရာ လှိုင်းလုံးကြီးများကြားမှာ မျောချင်သလို မျောနေသော၊ မည်သည့် အထိန်းအကွပ်မှ မရှိသော



ကျွန်တော်တို့လှေဆီသို့ စက်တပ်ထားသည့် လှေကြီးအသွား တစ်ခဏအတွင်းတွင် ဘေးချင်း ယှဉ်တွဲ၍ ပူးကပ်လာပါတော့သည်၊

ထူးခြားဆန်းကြယ် အံ့ဩဖွယ်ကောင်းလေစွ။

ဖောင်ပြာသာဒ်ပေါ်တွင် ၃ ပေ အရွယ်ခန့်ရှိ ထိုင်တော်မူ ရှင်ဥပဂုတ္တ မထေရ်မြတ် သစ်သားရုပ်တုတော်ကို သပ္ပာယ်စွာ ဖူးတွေ့ရပါသည်။

တကယ့် သက်တော်ထင်ရှား ရဟန္တာမြတ်ကြီး တစ်ပါးဟု အထင်မှားလောက်အောင်ပင် အရွယ်တော်က ကြီးပါသည်။ ပကတိ ရဟန်းအသွင်ရှိပါသည်။

ဖောင်ပေါ်တွင် ပရိက္ခရာ၊ သပိတ်၊ သင်္ကန်း၊ ထီး၊ ဖိနပ်များကို သပ်ရပ်စွာ ပူဇော်ထားပါသည်။

ဆန်အိတ်အကြီး နှစ်အိတ်ကိုပါ တွေ့ရပါသည်။

အခြားသော စားသောက်ဖွယ်ရာများ မတွေ့ရပါ။

ဤမျှ လှိုင်း လေ ပြင်းထန်နေသော်လည်း ဖောင်ပေါ်ရှိ ပစ္စည်းများအားလုံး ရေ လုံးဝ စွတ်စိုခြင်း၊ ပုံပျက်နေခြင်း မရှိ၊

အံ့ဩဖွယ်ဖြစ်နေပါသည်။

ဖောင်တော်ကြီးကို ဝါးပိုးလုံး နှစ်ထပ်ဖြင့် ခိုင်ခံ့စွာ ဖွဲ့နှောင်ထားရှိပါသည်။

ကျွန်တော်က လှေပေါ်မှနေပြီး ဖောင်ကြီးကို လက်နှစ်ဖက်ဖြင့် ကိုင်တွယ်ထားပါသည်။

ပဲ့နင်းကြီးက ဖောင်ပေါ်သို့ မည်သူမျှ မတက်ကြရန် ပြောပါသည်။

ငွေတောင်ဟန်းစံပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဖောင်တော်ကြီး ဆိုက်ကပ်လာသည့်အချိန်မှာ လှိုင်းလုံးဝ မကြီးပါ။

အင်းရေတမျှ ငြိမ်သက်၍သွားပါတော့သည်။

အံ့ဩ မကုန်နိုင်အောင် ဖြစ်ရပါသည်။

ကျွန်တော်တို့ လှေပေါ်မှ ဆန် ၈ ပြည်ခန့် ဇလုံတစ်ခုတွင် ထည့်ပြီး အလှူငွေ စုဆောင်းထည့်ဝင်ကြရာ ၅ဝိ ခန့်ရသည်။ အားလုံးကို ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးအား လောင်းလှူလိုက်ကြပြီး ကိုယ်စီကိုယ်ငှ ဆုတောင်းကြပါ၏။

ထိုနောက် ကျွန်တော်သည် ဖောင်တော်ကြီးကို လက်လွှတ်လိုက်ရာ လှေနှင့် ဘေးချင်းယှဉ်ပြိုင်ပြီး ၁၅ မိနစ်ခန့် အတူမျောပါနေသည်။

ထို့နောက်မှ ကျွန်တော်တို့လှေကြီးနှင့် တဖြည်းဖြည်းခွဲခွာ၍ တောင်ဘက်သို့စတင်မျောသွားပါတော့သည်။

ကျွန်တော်တို့လှေကြီးမှာ အနောက်ဘက်သို့ မျောသွားပါသည်၊

ကြာလေ ကွာလေ ဖြစ်ရလေသည်။

အံ့ဩခြင်း၊ ဝမ်းနည်းခြင်းဖြစ်ရသည်၊

တောင်စူးစူးသို့ မျောသွားသည့် ဖောင်တော်ကြီးမှာ နေဝင်ဖျိုးဖျအချိန်တွင် မြင်ကွင်းမှ ပျောက်ကွယ်၍ သွားပါတော့သည်။

ထိုအချိန်တွင် ပဲ့နင်းကြီးက....

"ကဲ....မင်းတို့တစ်သက်မှာ ဒီလိုအရှင်သူမြတ်ကို အံ့ချီးဖွယ် ဖူးတွေ့ရဖို့ ခဲယဉ်းပါတယ်။ ဒါ ဆရာကို ဆောက်တည်တဲ့ အကျိုးပဲ။ မနက်ဖြန်ဆိုလျှင် တို့ကို ကယ်မယ့် လှေသင်္ဘောတွေ့ရတော့မယ်။ ယုံယုံကြည်ကြည်နှင့် ပိုပြီး သရဏဂုံ ရွတ်ဆိုဆောက်တည်ကြ"ဟူ၍ ထပ်မံ သတိပေးသည်။



တစ်ညလုံး လှေသားတွေ ရွတ်ဆို ပူဇော်ကြပါသည်။ ည ၁၂ နာရီခန့်တွင် ကောင်းကင်ယံမှ ညှင်းကျက်များအော်သံကို ကြားရသဖြင့် ကမ်းခြေ သို့မဟုတ် ကျွန်းနှင့်နီးပြီဟု အားလုံး သဘောပေါက်ကြပါသည်။

နံနက်လင်းသည့်အခါ မလှမ်းမကမ်း၌ ကျွန်းငယ်တစ်ခုကို တွေ့ရပါသည်။ တစ်ဆက်တည်းပင် ကျွန်းအနောက်နားမှ သင်္ဘောကြီးတစ်စင်းကိုပါ တွေ့မြင်ရပါသည်။

ကျွန်တော်တို့က အလံပြေ့ခေါ်ရာ ထိုသင်္ဘောက ကပ်၍လာပါသည်။

အနားရောက်မှ အိန္ဒိယနိုင်ငံသို့ ပြန်မည့် ကျောက်မီးသွေးတင် အိန္ဒိယသင်္ဘောကြီးတစ်စင်း ဖြစ်နေကြောင်း သိရှိရပါသည်။

ထိုအိန္ဒိယသင်္ဘောကြီးက ကျွန်တော်တို့ကို ကယ်ယူသွားပြီး ခရီးစဉ်တစ်လျှောက်လုံး ကောင်းစွာ ပြုစုစောင့်ရှောက်သွားပါသည်။

ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ ပင်လယ်ကမ်းခြေရှိ မြို့တစ်မြို့ကို ရောက်ရှိသွားပါသည်။ ထိုမြို့ငယ်တွင် သက်ဆိုင်ရာတို့က ကောင်းစွာ လက်ခံစောင့်ရှောက်ထားပါသည်။

ထို့နောက် နယူးဒေလီ၊ မြန်မာသံရုံးမှ တာဝန်ရှိသူများ ရောက်ရှိလာပြီး လိုအပ်သည်များကို စစ်ဆေးမေးမြန်း၍ အကူအညီ ပေးပါသည်။

ကျွန်တော်တို့ကို နယူးဒေလီသို့ လာခေါ်ရောက် ခေါ်သွားပါသည်။ ထိုမြို့တွင် ၆ လနေရပါသည်။ ဗုဒ္ဓဂါယာနှင့် ထင်ရှားသည့် နေရာများသို့ စုံလင်အောင် သွားလာခဲ့ရပါသည်။ နောက်မှ မြန်မာနိုင်ငံသို့ ပြန်ရပါသည်။

နွေတောင်တန်းစာစေ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တွင် တစ်လလောက်နေရပါသည်။ ၁၃၄၉ ခုနှစ် တပေါင်းလပြည့်နေ့ (၂-၃-၈၈) နေ့တွင် နေရပ်ဌာနေ ပုလောမြို့သို့ ပြန်ရောက်ပါသည်။

ကျွန်တော်တို့ကို သေပြီဟုယူဆကာ မိဘများက ဆွမ်းသွတ်အမျှဝေပြီး ဖြစ်ပါသည်။

သေရွာပြန် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို မိဘဆွေမျိုးများ ပြန်လည်တွေ့ရသဖြင့် အတိုင်းမသိ ဝမ်းမြောက်ကြပါသည်။

ယခုလို သေကံမရောက်သက်မပျောက်ဖြစ်ရသည်မှာ သရဏဂုံဆောက်တည်ရသော အကျိုးကြောင့် ဖြစ်ရပါကြောင်း "ဖြစ်ရပ်မှန်" ကို တင်ပြရခြင်း ဖြစ်ပါသည်။

ပုလော-ဖိုးအေး

## အချိန်ကျပြီဆိုမှဖြင့်

ကျွန်တော်က ခင်ဗျားသိတဲ့အတိုင်း စီးပွားရေးသမားဆိုတော့ ရန်ကုန်နဲ့မန္တလေးကို တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါဆိုသလို လာနေတယ်လေ....

လာတိုင်း လာတိုင်းလဲ သူတို့ဆီကို ရောက်အောင် သွားတယ်ဗျ....

သွားရတဲ့ အကြောင်းရင်းကတော့ သူတို့ လင်မယားဟာ တစ်ချိန်က ကျွန်တော်ရဲ့ သိက္ခာရှိ လူယုံစာပည့်တွေ ဖြစ်ခဲ့ရုံသာ မကသေးဘူး။

တစ်ခါတုန်းက ကျွန်တော့်အသက်ကိုတောင် ကယ်ဆယ်ခဲ့ဘူးတဲ့ ကျေးဇူးရှင်တွေဆိုတော့ ရန်ကုန်ရောက်တိုင်း သူတို့ လင်မယားဆီကို မရောက်ရောက်အောင် သွားရတာပေါ့ဗျာ— သူတို့ကလဲ ဆင်းရဲသလောက် ရိုးသားကြတယ်၊ သမာအာဇီဝ လမ်းကြောင်းပေါ်ကနေပြီး နည်းနည်းလေးမှ ကိုမ်းကွေ့ မသွားဘူးဗျို့....

ငွေတောင်တန်းစာဝေ

www.burmeseclassic.com

www.burmeseclassic.com



နေတော့တဲကုပ်၊ ဝတ်တော့အမြဲအစုပ်၊ စားတော့ပဲပြုတ်ဆိုတာ သူတို့လိုလူစားတွေပေါ့ဗျာ၊ ရှိးသားတာကတော့ စံပြပဲဗျို့....

ကလေးကနှစ်ယောက်၊ လင်မယား နှစ်ယောက်နဲ့ဆိုတော့ ပါးစပ်လေးပေါက်ရဲ့ စားရေးကို ဘယ်လိုဖြေရှင်းသလဲ မှတ်သလဲ....

ယောကျ်ားလုပ်သူက သူတို့ရပ်ကွက်က ဘီစကွတ်စက်ရုံမှာ နေ့စားအလုပ်သမားလေး၊ တစ်နေ့မှ ငါးကျပ်ပဲ ရတယ်။ မိန်းမလုပ်သူက အဲ့ဒီစက်ရုံကလုပ်တဲ့ ဘီစကွတ်မုန့်ထုပ်တွေကို ရပ်ကွက်ဈေးထဲမှာ ရောင်းရတယ်။ ဈေးကွဲတော့ အိမ်မှာ ရောင်းတယ်။ တစ်နေ့မှာ ငါးကျပ်လောက်ပဲ မြတ်တယ်။

ဒီတော့ တစ်နေ့မှ တစ်ဆယ်လောက်ရှိတဲ့ ဝင်ငွေလေးနဲ့ အဲ့ဒီ ပါးစပ်ပေါက်လေးပေါက်က ရပ်တည်နေတာဗျ။

အဲ့ဒီအချိန်ကတော့ တစ်နေ့ တစ်ဆယ်ဆိုတဲ့ဝင်ငွေဟာ မိသားစုလေးယောက် စားလောက် သောက်လောက်ပါတယ်။

အပိုအလျှံ သုံးစွဲတာကလဲ မရှိသလောက်ပါပဲ၊ ဆင်းရဲသား လက်လုပ်လက်စားပီပီ ခြိုးခြံချွေတာတယ် ဆိုပါတော့ဗျာ...

အဲ....ကျွန်တော် မန္တလေးကလာလို့ သူတို့နဲ့ တွေ့တဲ့အခါတိုင်းမှာ ကျွန်တော်က ကလေးတွေမုန့်ဖိုးဆိုပြီး တစ်ဆယ်မျိုး နှစ်ဆယ်မျိုး ပေးတယ်ပေါ့ဗျာ။

တစ်ခါတလေလဲ အဝတ်အစားလေးတွေ ဝယ်ပေးတယ်ပေါ့ ဒါလောက်ပါပဲ။



သူတို့လင်မယားဟာ ဒီလောက် အခြေအနေချို့တဲ့ပေမယ့် လောဘမရှိဘူး။ ဒေါသမရှိဘူးလို့ ဆိုရမှာပဲ။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဆီက တစ်ခါမှငွေချေး အကူအညီမတောင်းဖူးဘူး။ ပေးရင်ယူတာပဲရှိတယ်။

လင်မယားချင်းလဲ စိးပွားရေးချို့တဲ့မှုကြောင့် တစ်ခါမှ ရန်မဖြစ်ဘူး။ အရာရာမှာ စိတ်တူကိုယ်တူ ရှိကြတယ်လေ။

အထူးသဖြင့် စိတ်တူကိုယ်တူ ရှိကြတာကတော့ သူတို့ ယုံကြည်တဲ့ ရှင်ဥပဂုတ် ရဟန္တာ အရှင်ဘုရားမြတ်ကို ကိုးကွယ်တဲ့ ကိစ္စမှာပဲပဲ၊

တဲကုပ်ကလေးထဲမှာ ဘုရားစင်လေးရယ်၊ ရှင်ဥပဂုတ် ကျောင်းဆောင် သေးသေးလေးရယ် ရှိတယ်ဗျ။

သူများတွေလို သစ်သီးတွေ ဘာတွေ မကပ်နိုင်ပေမယ့် ထမင်းဆွမ်းနဲ့ ဘီစကွတ်မုန့်ကလေးတွေတော့ မပြတ်ကပ်လှူထားတာကို တွေ့ရတယ်ဗျို့။

တစ်နေ့တော့ ထုံးစံအတိုင်း ကျွန်တော် မန္တလေးကလာပြီး နောက်တစ်ရက်မှာ သူတို့ဆီကို ရောက်သွားတယ်။ အဲ့ဒါ မှတ်မှတ် ရရ တနင်္ဂနွေနေ့ဗျို့။

အဲ့ဒီအခေါက်မှာ ထူးခြားတာကတော့ ခါတိုင်းလို ကျွန်တော်တစ်ယောက်ထဲ မဟုတ်တော့ဘူးဗျ။ မန္တလေးက ကျွန်တော်နဲ့အတူ ပါလာတဲ့ ကိုသိန်းတန်ဆိုတဲ့ လူတစ်ယောက် ပါလာတယ်။

ဆိုပါတော့ဗျာ ကျွန်တော်နဲ့ ကိုသိန်းတန်တို့ ရောက်သွားကြတော့ မနက် ပိုင်းပေါ့ဗျာ၊ အချိန်ကတော့ ဆယ်နာရီလောက် ရှိပါပြီ။

တနင်္ဂနွေနေ့ဆိုတော့ စက်ရုံပိတ်လို့ ယောကျ်ားလုပ်သူလဲ အလုပ်မဆင်းရဘူး။ အိမ်မှာဘဲ ရှိနေတယ်။ မိန်းမကတော့



www.burmeseclassic.com

www.burmeseclassic.com



ငါးပိရေ အိုးလေးကို ထင်းမီးဖိုပေါ်မှာတင်ပြီး ကြို့ချက်နေတာကို တွေ့ရတယ်လေ။

ကျွန်တော်တို့ရောက်တော့ ထုံးစံအတိုင်း သူတို့လင်မယားက ဆီးကြို နှုတ်ဆက်ပြီး တဲကလေးပေါ်မှာ ထိုင်စရာဖျာကလေး ခင်းပေးသဗျ–

ကျွန်တော်ကတော့ ခါတိုင်းလိုပဲ ထိုင်ပြီး ကလေးတွေ ကျန်းမာရဲ့လား၊ လူကြီးကကော အလုပ်အကိုင် မှန်ရဲ့လား.... သည်ဖြင့်ပေါ့ဗျာ အာလွှာပသလ္လာပတွေ ပြောနေကြတယ်၊

ခဏကြာတော့ မိန်းမလုပ်သူလဲ ငါးပိရေအိုးလေးကို မီးဖိုပေါ်က ချပြီး မီးကို ငြိမ်းသတ်လိုက်တယ်ဗျ–

ဒီတော့မှ ကိုသိန်းတန်က ပြောတယ်....

"ဟေ့လူ၊ ကိုအောင်ဒင် ကျွန်တော့်ကို တစ်ခု ကူညီပါဗျာ...."

"ဘာတုန်းဗျ၊ ခင်ဗျားကလဲ အရင်းမရှိ အဖျားမရှိ"

"ရှိပါတယ်ဗျ၊ အရင်းရော အဖျားရော ရှိပါတယ်"

"ဘာလဲဗျ၊ ရှင်းရှင်းပြောစမ်းပါ"

အဲဒီတော့ ကိုသိန်တန်က ဘာပြောတယ် မှတ်သလဲ"

"ဟို ဖိုခုံလောက် လုပ်ထားတဲ့ ကျောက်တုံး သုံးတုံးကို ကျုပ် ဝယ်ချင်တယ်ဗျာ၊ အဲဒါ ရောင်းမလားလို့ မေးကြည့်စမ်းပါ"၊

ကျွန်တော်က ဟက်ဟက်ပက်ပက် ရယ်လိုက်မိတယ်။

"ဟာ– ခင်ဗျားကလဲ တောက်တီးတောက်တဲ့၊ ဘာလုပ်ဖို့လဲဗျ၊ နောက်စရာမရှိ ကြံဖန်နောက်တဲ့လူပဲ"



သူတို့ လင်မယားကလဲ ပြောပြပါတယ်။

ဆရာရယ်....ကျွန်တော်တို့ရပ်ကွက်မှာ ကားပြေးတဲ့ လမ်းမကြီးကို ပြင်တုန်းက မြူနီစီပါယ်က လာချတဲ့ ကျောက်တုံးပါဗျာ၊ ကျွန်တော့် မိန်းမဟာ ဖိုခုံလောက်လုပ်ရင် အုတ်ခဲထက် ပိုပြီး ကြာရှည်ခံတယ်ဆိုလို့ ကျွန်တော် သွားယူထားတာဗျ"

ကိုသိန်းတန်ကလဲ ဇွတ်ပြောနေတယ်။

"ခင်ဗျားဟာ ခင်ဗျား ဘယ်ကရရလေ၊ အဲဒါ ကျွန်တော်နဲ့ မဆိုင်ပါဘူး၊ ယခု ကျွန်တော် ပြောနေတာက အဲဒီ ကျောက်ခဲ သုံးလုံးကို ကျွန်တော့်ကို ရောင်းနိုင်မလား မရောင်းနိုင်ဘူးလား၊ ဒါပဲပြောပါ"

အင်း.... တော်တော်တော့ ကွကျနေပြီဗျို့၊ ကျွန်တော်လဲ စိတ်ပေါက်ပေါက်ရှိတာနဲ့...

"ဟေ့ ရောင်းလိုက်စမ်းပါကွာ၊ သူက ဇီလောက်ဝယ်ချင်နေတာ ယတြာချေဖို့ ထင်ပါရဲ့၊ ဟုတ်လား ကိုသိန်းတန်"

ဒီတော့မှ ကိုသိန်းတန်က ကျွန်တော့်ကိုပြောတယ်။

"ယတြာချေဖို့ မဟုတ်ဘူးဗျို့ အဲဒီ ကျောက်ခဲတွေကို ခွဲကြည့်မလို့ဗျ"

"ဟ... ကျောက်ခဲကို ခွဲကြည့်တော့ ဘာဖြစ်မှာလဲဗျ"

အိမ်ရှင် လင်မယားကလည်း ပြောရှာပါတယ်။

"ဆရာ လိုချင်ရင် ယူသွားပါဗျာ၊ ကျွန်တော်တို့ နောက်ထပ် အုတ်ခဲသုံးလုံး ရှာပြီး ဖိုခုံလောက် လုပ်ပါ့မယ်"

ဒါပေမယ့် ကိုသိန်းတန်က ဒီလို မယူချင်ဘူးလေ

"ဟင့်အင်း– အလကားတော့ မယူချင်ဘူးဗျာ၊ [illegible] တန်ဖိုး ပေးပြီး ယူမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တန်ရာတန်ဖိုး ဟုတ်လား၊ ကဲ–ကဲ–ကဲ.... ဒီတန်ရာတန်ဖိုးကို ခင်ဗျားပဲ ဆုံးဖြတ်ပေတော့"

ဒီတော့မှ ကိုသိန်းတန်က ရှင်းပြတယ်။

"အဲ့ဒီကျောက်ခဲတွေကို ကျွန်တော့် အမြင်အသိနဲ့ ပြောရရင်တော့၊ အဲဒါတွေဟာ ကျောက်စိမ်းရိုင်း တုံးတွေဗျ၊ ခွဲကြည့်ရင် အထဲက ကျောက်စိမ်းကတော့ အောင်လိမ့်မယ် ထင်တယ်"

ဘုရား ဘုရား၊ ကျွန်တော်အခုမှဘဲ သဘောပေါက်မိတော့တယ်ဗျာ၊ အင်း.... ကိုသိန်းတန်ဟာ ကျောက်စိမ်း ကုန်သည်တစ်ဦးဗျ၊ သူကလဲ ဒီကျောက်ခဲတွေကို ကျောက်စိမ်း ရိုင်းကိုတွေ့လို့ ပြောတာကို–"

"ကဲ– ဒီတော့ တစ်လုံးကို တစ်ထောင်နှုန်းနဲ့ သုံးလုံးကို သုံးထောင်ပေးမယ်၊ ဘယ့်နှယ်လဲ"

ကိုသိန်းတန်ရဲ့ စကားကို ကြားတော့၊ ဟိုလင်မယားဟာ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်၊ လူတွေလဲ ကျောက်ရုပ်ကြီးတွေလိုပဲ၊ မလှုပ်တော့ဘူးဗျို့။

"နည်းလို့လား၊ နည်းတယ်ဆင်ရင်လဲ ပြောပါ၊ ဘယ်လောက်ပေးရမှာလဲ"

ကိုသိန်းတန်ကပြောတော့မှ သူတို့လဲ သတိပြန်ဝင်လာတယ် ထင်ပါရဲ့၊ ယောကျ်ားကပြောတယ်။

"ဟို...ဟို၊ နည်းလို့ မဟုတ်ပါဘူးခင်ဗျား၊ ဟုတ်မှဟုတ်ပါ့မလားလို့ အံ့ဩလွန်းလို့ပါ"

"ဟုတ်တာ မဟုတ်တာ ခင်ဗျားတို့နဲ့ မဆိုင်ပါဘူး၊ ရောင်းမယ်ဆိုရင် အခုငွေယူလာတယ် ယူပါ၊ ကျွန်တော်ခွဲကြည့်လို့ ကျောက်မရှိရင်လဲ ကျွန်တော့်ကံပဲ"



သူကတော့ အမြတ်ပြောတာဗျ။ ဒါနဲ့ ကျွန်တော်တို့ သက်သေလုပ်ပြီး အရောင်းအဝယ် ဖြစ်သွားတယ်ဆိုပါတော့ဗျာ....

ကျွန်တော်တို့လဲ ခဏနေပြီး ပြန်ကြတယ်။ ကိုသိန်းတန်ကတော့ ပြုံးနေတာပဲ။ ကျွန်တော်ကတော့ ကြားထဲက ရင်မောလို့ နေမိပါတယ်။

ကျောက်တုံးထဲမှာ ဘာမှမရှိရင်တော့ မျက်နှာငယ်စရာကြီး မဟုတ်လားဗျာ။

အဲ့ဒီနောက်တော့ ကိုသိန်းတန်ဟာ သူ့ကျောက်တုံးတွေကိုခွဲကြည့်ဖို့ကိစ္စနဲ့ အလုပ်ရှုပ်နေတော့ ကျွန်တော်နဲ့ တစ်လလောက် ကွဲသွားတယ်ဗျ။

တစ်လကျော်ကျော်လောက်မှာ ကျွန်တော့်ဆီကို ပေါက်ချလာပြီး....

"ဟေ့လ–ရန်ကုန်သွားရအောင်ဗျာ"

"ဘာလုပ်ဖို့လဲဗျ၊ နောက်တစ်ပတ်မှ ကျွန်တော်သွားမှာ စောင့်ပါဦးဗျာ"

"ဟာ....မစောင့်နိုင်ဘူးဗျို့၊ ကျွန်တော့် ကျောက်တုံးတွေကို ခွဲကြည့်တော့ ကျောက်စိမ်းတွေဟာ သိပ်အရည်အသွေးကောင်းတယ်၊ အဲ့ဒါ အရောင်းအဝယ်သွားလုပ်မလို့ပါဗျာ၊ လိုက်ခဲ့ပါ၊ ကျွန်တော် ဒကာခံပါ့မယ်ဗျ"

ကဲ....ဒီတော့ ကျွန်တော်လဲ ရန်ကုန်ကို ဆင်းလာခဲ့တာပေါ့ဗျာ။

ဒီရောက်တော့ ကိုသိန်းတန်လဲ ကျောက်စိမ်းအရောင်းအဝယ် ဖြစ်တော့ ကျွန်တော့်ကိုလဲ နည်းမျိုးစုံနဲ့ ပြုစုတဲ့အပြင် ဟိုလင်မယားကိုလဲ နောက်ထပ် ငွေသုံးထောင် ထပ်ပေးလိုက်တယ်ဗျာ၊ အံ့ရော၊ အံ့ရော။

ငွေတောင်ဘန်းစံပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အံ့ဩတာထက် ဟိုလင်မယားက ပိုပြီးအံ့ဩ တာပေါ့ဗျာ။

နေ့ခက်မှ သူတို့က ပြောပြတယ်။ သူတို့တစ်သက်မှာ ဒီလို ဖြစ်လာစရာအကြောင်း ဘာမှမရှိနိုင်ပါဘူးတဲ့၊ တစ်ခုပဲ စဉ်း စားစရာ ရှိတယ်တဲ့၊ အဲ့ဒါကတော့ ရှင်ဥပဂုတ် ရဟန္တာ အရှင် သူမြတ်ကြီးကို ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်တဲ့ အကျိုး ပါပဲတဲ့။

ကဲ-ခင်ဗျားကော ဘယ်လိုများ ထင်သလဲဗျ၊

(မန္တလေးမှ မိတ်ဆွေ ကိုအောင်ဒင်၏ လွန်လေခဲ့သော နှစ်ပေါင်း ၃၀ ကျော်က ပြောပြချက်ကို ပြန်လည်တင်ပြလိုက် ပါသည်၊)

ဒဿန-မင်းဦး

## ရှင်ဥပဂုတ္တ ရဟန္တာမြတ်ကြီး

ကျွန်တော်သည် ၁၉၅၂ ကာလမှ စ၍ ရုပ်ရှင် လောကထဲ ရောက်ခဲ့သည်။ ဒုက္ခအမျိုးမျိုးကိုလည်း တွေ့ဖူးသည်။ ကံကောင်း ၍ အာခြေအနေပေး၍ ချမ်းသာသုခမျိုး ကိုလည်း ရဖူးသည်။

ကျွန်တော့် ဘဝတွင် ဒုက္ခ အရောက်ဆုံး အချိန်တွင် ကျွန် တော့်ကို ကယ်ခဲ့သော ရှင်ဥပဂုတ္တ အကြောင်းကို ဖော်ပြလို သည်။

လူ့ဘဝ တွင် မိခင်၏မေတ္တာစေတ်သည် အသက်လေးဆယ် တွင် ကုန်ဆုံးသည်ဟူသော စကားကို ကြားဖူးပါသည်၊ ထို့ ကြောင့် ထိုအသက်လေးဆယ် ဘဝမှ ယနေ့ထိ တစ်နေ့ မပြတ် ဘုရား တရားကို တာဝန် တစ်ခု အနေဖြင့် ကြိုးစားလျက် ရှိ ပါသည်။

သို့သော် ကျွန်တော်သည် ငယ်စဉ် ကာလ မိဘများရှိစဉ်က ဘုရား တရား ရှိခြားသော်လည်း ရုပ်ရှင်လောကထဲ ရောက်ပြီး နောက်၊ ဘုရားမေ့ တရားမေ့ပြီး အရက်သောက်ခဲ့သည်။ ငယ် စဉ် ကာလက ဒုက္ခ သိပ်မရောက်သေး၊

www.burmeseclassic.com



ဒါရိုက်တာဘဝအထိလည်း ဒုက္ခ မရောက်သေး၊ ကိုယ်ပိုင် ရုပ်ရှင်ကား (၃) ကား ရိုက်သောအခါတွင် (၁၀) နှစ်အတွင်း ဒုက္ခလှလှကြီး ရောက်ပါတော့သည်။ အထူးသဖြင့် ဒုတိယကား ရိုက်ပြီးသော အခါတွင် ဆင်ဆာမှ (၂) ကြိမ် ဖြတ်ပြီး (၂) ကြိမ် ပြန်ကာ ရိုက်ခိုင်းပါသည်။

တစ်ခါပြန်ရိုက် (၂)သောင်းကျော် အားလုံး ငါးသောင်း ကျော် ကုန်သွားသော အခါတွင် လက်မြှောက်ပြီး ဆင်ဆာကို အရှုံးပေးလိုက်ရပါသည်။

ရိုက်ထားသောကားမှာလည်း (၁၀) တန်ကား (၂) ခါ ပြန်ကြိတ် ခံရသော လူကဲ့သို့ အစစ တစ်ခုနှင့် တစ်ခု အဆက် အစပ် မရှိတော့ပါ။

သို့သော် ထုံးစံ အတိုင်း ရုံကိုတော့တင်ရပါသည်၊ မတင် ချင်လည်း မရတော့ပါ။

ထိုနှစ်က ကျွန်တော်ရိုက်သော (ပိုင်ရှင်ဒါရိုက်တာ) ကား မှာ ရက်အနည်းဆုံးနှင့် ရုံပေါ်မှ ဆင်းရပါသည်၊ ဝက်ဝက်ကွဲ အောင် ရှုံးပါသည်။

ထုံးစံအားဖြင့် ရုပ်ရှင်ကားတစ်ကားအသစ်ဆိုလျှင် ဖန်ကုန်၊ မြေနီကုန်း၊ တာမွေ (၃) ရုံ တင်ရပါသည်။ ဆူပါမျှားသော ကားမျိုးတင်လျှင် (၆) ရုံအထိ တင်ကြပါသည်။ ကျွန်တော့် ကားက အလွန် အခြေအနေ မကောင်း၊ ကျွန်တော်က ဖြစ် နိုင်လျှင် တစ်ရုံတည်း တင်လိုပါသည်။ ဆုတောင်းမပြည့်ပါ။ (၃) ရုံ တင်ရပါသည်။ ရွှေဆောင်၊ ရွှေမန်း၊ စံပြ ဖြစ်ပါ သည်။

ဝတ္ထုရားအရ ကားကို (၃) ရုံတင်ပြီးသော် ဘုရားတက်၍ ဆုတောင်း စိပ်ပုတီး စိပ်ပါသည်။



ရုပ်ရှင်ကား ငွေ သိပ်ရအောင် စိပ်ခြင်း မဟုတ်ပါ။ ဤ မေတ္တာအပြည့်နှင့် ဖြတ်ထားသောကား ငွေသိပ်ရရန် မြော်ကြီး လက်ခတ်မလွဲ မရနိုင်ပါ။

ဆုတောင်းရသည်မှာ ထိုကား ရုံခကျေရန်၊ မိမိက မစိုက်ရ ရန်နှင့် ဇာတ်ကား အစိုးရက မသိမ်းရန်ဖြစ်ပါသည်။

အဲ.... ရုပ်ရှင်ထုံးစံလေး တင်ပြလိုပါသည်။

ရုံမှ (တရား) ဝင် တွင် အခွန်တော် (၄၀) ပေးရ ပါ သည်။ တစ်ပတ် ဥပမာ (၁) သောင်းဝင်လျှင် (၄) ထောင် ပေးရပါသည်။ ရုံခ က တစ်သောင်း ဆိုလျှင် မိမိ ရုပ်ရှင် ကားရှင်က (၄) ထောင် စိုက်ရပါသည်။

ကျွန်တော့် ကား ရွှေဆောင်ရုံတွင် ပြဿနာ မရှိပါ။ သို့ သော် ရွှေမန်း၊ စံပြ ရုံများတွင် (၃) ရက်နှင့် ဖြုတ်ချခံရ ပါသည်၊

တချို့ကားမှာ (၇) ရက် အပြည့် ပြနိုင် ပါသည်။ တချို့ ကားမှာ လူမဝင်လျှင် လူမလာ၍ (၃) ရက် တနင်းလာနေ့တွင် ပါက သောကြာ၊ စနေ၊ တနင်္ဂနွေ (၃) ရက် အခြေအနေ ပေးပါက တနင်းလာနေ့တွင် ကားတစ်ကားကား အထူး သဖြင့် ကားဟောင်း တစ်ကားကား တင်ရပါသည်၊ ရုပ်ရှင် ရုံကို ပိတ်ထား၍ မရပါ။

ကျွန်တော့်ကား အခြေအနေမှာ ဤမျှသောက် ဆိုးရွား ပါသည်။ တစ်ပတ်ပြည့်အောင်ပင် မပြနိုင်ပါ။ ရုပ်ရှင်ကားမှာ မပြည့်သောကလေးကို အောက်ဆီဂျင် မပေးဘဲ ညှပ်နှင့် ညှပ် ဖြတ်ခံရသလို လက်ကျိုး ခြေကျိုး အသက် ပါမလာသော သားဘောမျိုး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော် ရုံဝင်ခဲလည်း မလျော်ရပါ။

စံပြနှင့်ရွှေမန်း ရုပ်ရှင်(၂)ရုံတွင် ကျန်သော(၄)ရက်အတွက် ကားဟောင်းကြီးတစ်ကားကို တင်လိုက်ရာ ထို(၄)ရက် (၄)ပွဲ (၂)ရုံစလုံး ရုံပြည့်ပါပြီဟူ၍ ချိတ်ထားခြင်းခံရပါသည်။

ဘာကားပါလဲ၊ ကားသစ်လည်း မဟုတ်ပါ။

ထိုကားမှာ အသံတိတ်နှင့် အသံထွက်ခေတ် (၂)ခေတ်စလုံးတွင် အထင်ကရထင်ရှားသော (ဗိုလ်အောင်ဒင်)ထက် စွဲသော (ရှင်ဥပဂုတ္တ) ရုပ်ရှင်ကား အဟောင်းကြီး ဖြစ်ပါသည်။

ဘယ်သူရိုက်တာလဲ၊ ဘယ်လိုရုံပေါ်ကို ရောက်လာတာလဲ။ အားလုံး ကျွန်တော်နောက်မှ သိရပါသည်။

ထိုစဉ်ကာလက ကျွန်တော်သည်ရုပ်ရှင်ကောင်စီတွင် အလုပ်အမှုဆောင်ဘဏ္ဍာ၊ အစိုးရ ရုပ်ရှင်နှင့် ရုံများ အပယ်စဉ်ကော်မတီတွင်လည်း တာဝန်ယူသူ ဖြစ်ပါသည်။

ထိုစဉ်ကာလက ကျွန်တော့်ကား ရုံတင်စဉ် ဘုရားပေါ်တွင် ကျွန်တော် ရှိနေပါသည်။ ထို ရုံတင်စုံချ ပူးတွဲကော်မတီကို ကျွန်တော် မသွားနိုင်ပါ။

ကိုယ့်အပူနှင့်ကိုယ် ဒုက္ခရောက်နေပါသည်။

ကျွန်တော် လက်ခံလိမ့်မည်ဟု အားလုံးက အခြေအနေအရ ထို အရှင်ဥပဂုတ္တ ရုပ်ရှင်ကားကို ကျန် (၄)ရက်အတွက် တင်ခွင့် ပြုလိုက်ခြင်း ဖြစ်ပါသည်။

ထိုကားကို ကျွန်တော် ကြားဖူးပါသည်။ မကြည့်ဘူးပါ။ သို့သော် ထိုကားအကြောင်းကိုတော့ ပြောပြ ရေးပြရပါလိမ့်မည်။



ထိုကားမှာ ပြီးခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော် သုံးဆယ် လောက်က မင်းသားသစ် မင်းသမီးသစ်နှင့် ရိုက်ခဲ့သည်။

ကုမ္ပဏီက မောင်မောင်စိုး ရုပ်ရှင်၊ ဒါရိုက်တာက ဦးချစ် ဖေ၊ နာမည်ကြီးဆိုလို့ ကုမ္ပဏီနှင့် ဒါရိုက်တာပဲ ရှိပါသည်။

ထိုကားပြစဉ်ကလည်း ထိုကားရိုက်စဉ် ထိုနှစ်ပေါင်း သုံး ဆယ် နီးနီးကာလက ငွေယူညီး သိပ်မရခဲ့ဖူးပါ။ သာမန်ကား အဖြစ် ပြီးခဲ့ပါသည်။

သို့သော် ထိုကားကို ကားဟောင်းမှ ကားသစ်ဖြစ်အောင် အဟောင်းကို ပြန်ကာကူးပြီး ဆင်ဆာတင်မှ ထုံးစံ အတိုင်း ပြခွင့် ရပါသည်။

ထိုကားမှာ ဟောင်းလွန်း အားကြီး၍ ပြခွင့်မရတော့ပါ။ အရည်များပင် ထွက်နေ၍ ထုံးစံအတိုင်း ပိဿာချိန်နှင့် ရောင်း စားရန်သာ ရှိသော အခြေအနေ။

ထိုကားကို ဘယ်သူက အသစ်ဖြစ်အောင် လုပ်ပါသလဲ။ ရှင်းရှင်းရေးရသော် ထိုစဉ်ကာလက လှည်းတန်းတွင် ရုပ်ရှင် ကားဟောင်းများကို ဈေး သက်သက်သာသာနှင့် ... သော (ဒါက မိုးလင်းပွဲများပြသော အလုပ်) အလုပ်ကို ... တော့် မိတ်ဆွေတစ်ဦးက လုပ်သည်။

သူ၏ အမည် ကိုလှထွန်း။ အလွန် ဘုရားတရား ကြည်ညို သည်။ ဘုရား တရား ကြည်ညို၍ စိပ်ပုတီးစိပ်ရင်း ရှင်ဥပဂုတ် ကားကိုပြရန် စိတ်ထဲဖြစ်လာသည်။

မောင်မောင်စိုး ရုပ်ရှင်က ပြမရသော ထို ... ဝယ်သည်။ တစ်ထောင် ပတ်ဝန်းကျင် ဈေးရှိသော ...



www.burmeseclassic.com

www.burmeseclassic.com



နှစ်သောင်းလောက် အကုန်ခံ၍ ဖလင် ဖာ၍ဆေး၍ တစ်စချင်း ထုံးဆု ပြလို့ရသော အဆင့် ရောက်လာသည်။

နောက် ဆင်ဆာတင်သည်။ ဆင်ဆာကခွင့်မပြု။ ထို ကားကို ဆင်ဆာတင်နိုင်အောင် ကျွန်တော် ကူညီခဲ့သည်။ နောက်ဆုံး ဆင်ဆာ အတွင်းရေးမှူးသစ် ဗိုလ်မှူးဟောင်း ဘုရား တရား အလွန်ကြည်ညိုသူ မော်ကွန်းဝင် ပထမဆင့်နှင့်ကျမှ ဤကား ဆင်ဆာပြခွင့်ရသည်။ ခွင့်ပြုသည်။

သို့သော် ကားဟောင်း ဖြစ်၍ မြို့ထဲတွင် ပြခွင့်မပြု၊ ငွေ မဝင်လျှင် ဘယ့်နှယ်လုပ်မလဲ။

ထို့ကြောင့် နာမည်မရှိသော ကားဟောင်း နယ်မှပြပါ။ လူကြိုက်လျှင် ငွေရပါက မြို့လယ်မြို့ပတ်ရုံများတွင် ကားသစ်များ မဝင်ပါက အခြေအနေကြည့်ကာ ခွင့်ပြုရန် ဖြစ်သည်။

ဟော....အဲ့ခုလို ရှင်ဥပဂုတ္တကားမှာ ကျွန်တော့်ကား (၃) ရက်နှင့် ဆင်းရ၍ ကျန်(၄)ရက်ကိုပြရန် စမ်းသပ်အနေနှင့် တင်ခြင်းဖြစ်သည်။

ထိုရုပ်ရှင်ကားပိုင်ရှင်ကို ကျွန်တော်ကူညီခဲ့ဖူး၍ ကျွန်တော့် ကို ရန်ကုန်တွင်ပြပါ၊ အလကားငှားမည်ဟု ကတိပြုဖူးသည်၊

ဟော ယခု အားလုံး အခြေအနေ ပုံစံဝင်လာသည်၊

ရှင်ဥပဂုတ္တကားမှာ ဝါးတာလည်းပါသည်။ မြူးတာလည်း ပါသည်။ အသံထွက်လိုက် မထွက်လိုက်လည်းပါသည်။

တန်ခိုး ပြခန်းများတွင် မိုးပေါ်မပျံရ ဆို၍ တန်ခိုးမပြရန် သာ ကားဖြတ်သည်။

သို့သော် နားယဲမှဖွားမြင်တာပါသည်။ ရှင်ဘုရင်က လူကို ခေါင်း လက်လွှန်၍ သေသွားတာလည်း ပါသည်။



ရှင်ဘုရင်လုပ်သူမှာ ဗန္ဓုလရုပ်ရှင်ပိုင်ရှင် ယနေ့တိုင် သက်ရှင် ထင်ရှား ဦးချစ်မောင်ဖြစ်သည်။

ဒါရိုက်တာဦးချစ်ဖေက ဘုန်းကြီးလုပ်သည်။ မင်းသားက အသစ်၊ မင်းသမီးက ကျွန်တော်ခေတ်ပုံဆရာဘဝ(ဘ၀သံသရာ) ကား ၁၉၅၅ ကာလရိုက်စဉ်က မန္တလေးမှ လခစားမင်းသမီး သစ် (ခင်လေး)၊ ယခု မော်လမြိုင်ဆေးရုံကြီးမှ ခွဲစိပ်ပါရဂူ ဆရာဝန်ကြီးဇနီး ဖြစ်သည်။

ဇာတ်ကားထဲတွင် ကပ္ပိယကို ဘုရင်ကစစ်ဆေးရင်း သေ သွား၍ နတ်ဖြစ်သွားသည်။

ဘုန်းကြီးက မိုးချုပ်အထိ ကပ္ပိယမလာ၍ ဒေါပွနေသည်။ လာသောအခါ ကပ္ပိယက နတ်ဖြစ်နေ၍ နတ်အဝတ်အစားနှင့် ပြိုးပြိုးပြောင်ပြောင်။

ဘုန်းကြီးကဆိုသည်။

(ဟဲ့....ကပ္ပိယ ဘယ်ဇာတ်က ငှားဝတ်လာတာလဲ၊ သူ့ ပစ္စည်းတွေ ပြန်ပေးလိုက်၊ ငါမင်းကို တစ်နေ့လုံး စောင့်နေ ရတယ်)

ထိုအခါ ကပ္ပိယက ဆိုသည်။

(ကျုပ်နတ်ဖြစ်လာတာဗျ၊ ငှားဝတ်လာတာ မဟုတ်ဘူး)

ဤသို့ ဤသို့သော စကားမျိုးလည်း ကားထဲတွင် ပြော ကြသည်။ ဘာပဲပြောပြော လူထုက ထိုကားကို အလွန် ကြိုက်သည်။

လက်မှတ်တိုးကြလွန်း၍ ဂိတ်စောင့်သူမှာ နောက်နေ့ လူညှီး ခံရလွန်း၍ နေမကောင်းဖြစ်ပြီး အနှိပ်ခံရသည်။

ရုံမန်နေဂျာမှာ လူဝင်လွန်း၍ဖုန်းနှင့်လက်မှတ်ဝယ်ရန် ဆက်၍ လက်မှတ်မရောင်းနိုင်သဖြင့် ဖုန်းကို ဆေးထားရ သည်။

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာရှုပ်ရှင်လောကတွင် ဤလိုကားမျိုး လုံးဝမပေါ်သေး အလွန်ငွေဝင်သောကားဖြစ်သည်။

ထို(၄)ရက် ဝင်ငွေမှာ သောင်းချီရအောင်ရ၍ ရုံခကျေသည့်အပြင် ရသောငွေများကို ပွဲခွန်ဟော်ပေး ရုံခပေးပြီး ကျန်တာ ကိုလှထွန်းကို တစ်ဝက်ပေးပြီး ကားပြသော ရုံကိုလည်း ဒုံပေါက်တစ်ထောင်ဖိုး ရုံအလုပ်သမားများကို ကျွန်တော် ဒါနလုပ်ခဲ့ပါသည်။

နောက်ပိုင်း ရှင်ဥပဂုတ္တကို အားပြုကာ ထိုကားမှရသော ငွေများကို မုန့်ပုံငွေများနှင့် ရုပ်ရှင်ကောင်စီ အဆောက်အအုံဆောက်ခဲ့သလို မြို့နယ်အများအပြားကလည်း အလှူခံကားပြခဲ့ပါသည်။

နိုင်ငံခြားကား ဆုပေါကားများနှင့် ပြိုင်ပြလျှင် ဆုပေါများပြေးရသော မြန်မာကားမှာ ရှင်ဥပဂုတ္တသာလျှင် ဖြစ်သည်။

ကျွန်တော်မူကား ရှင်ဥပဂုတ္တကယ်၍ ရုံခမစိုက်ရဘဲ ဒုက္ခမှ ကယ်ခြင်း ခံရပါသည်။

ထို့ကြောင့် နေ့စဉ်ဘုရားတက်နေပါသည်။

ထွန်းလှိုင်

## ဆွမ်းဦးအလှူ

အချိန်က နံနက်ဝေလီဝေလင်း....

ရာသီက ဆောင်းရာသီ၊ နတ်တော်ပြာသို....

မဘုတ်ဆုံသည် ထုံးစံအတိုင်း သူ့အိမ်ရှေ့က ကပြင်တွင် ခေါက်မုန့်နှင့် မုန့်ပျစ်သလက်ဆိုင်ကလေးထွက်ရန် ဟန်ပြင်နေသည်။

အိမ်ကလေးက ရေနံဆီမီးခွက်ရောင်ကြောင့် လင်းသည်ဆိုရုံတော့ လင်းနေသည်။

မဘုတ်ဆုံက အိမ်ထဲဘက်သို့လှည့်ပြီး ပြောလိုက်သည်။

"ကိုပိန်ရေ မုန့်ရည်အိုးနဲ့ ထန်းလျက်ရည်အိုးတွေ ယူခဲ့ပါတော်၊ ကျုပ် ဒီမှာ မီးမွှေးနေလို့"

ဟုတ်ပါသည်၊ မီးသွေးဖိုလေး နှစ်ဖိုကို မဘုတ်ဆုံက မီးသွေးခဲကလေး အနည်းငယ်စီထည့်ကာ မီးမွှေးနေကြသည်။

ပတ်ဝန်းကျင်ကအေးလွန်းလို့လားမသိ၊ မီးက ရှုတ်ရှုတ်မွှေး၍မရနိုင်။ နာရီဝက်လောက်ကြာအောင် မွှေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးရပြီဆိုသည်နှင့် တစ်ဖိုက ခေါက်မုန့်၊ တစ်ဖိုက မုန့်ပျစ်သလက် လုပ်ရပါပြီ။

မီးလင်းလျှင် ဖောက်သည်ယူမည့်သူတွေ လက်လီဝယ်စားမည့်သူတွေ လာတော့သည်။

မဘုတ်ဆုံက ထုံးစံအတိုင်း မုန့်ပျစ်သလက် တစ်ခုနှင့် ခေါက်မုန့်တစ်ခုကို မီးကောင်းသည်နှင့် လုပ်လိုက်သည်။

ပြီးတော့ ထိုမုန့်နှစ်ခုကို ဖွဲ့ရွဲ့ပြီး မီးဖိုနှစ်ဖို၏ ဖိုခုံလောက်တွေနားမှာ ထားလိုက်သည်။ သူမအခေါ် စားဖိုဆောင့်နတ်ကို တင်သည်တဲ့။

ပြီးမှ မုန့်အသစ်လုပ်ပြီး လင်ဖြစ်သူကိုလှမ်းပြောလိုက်သည်။

"ကိုပိန်ရေ၊ ဘုရားဆွမ်းဘော်တင်ဖို့နဲ့ ရှင်ဥပဂုတ်ကိုယ်တော်ကြီးအတွက် မုန့်ရတော့မယ်၊ ရှင်ကိုယ်တိုင်ကပ်နော်၊ ကြားလား"

ကိုပိန်က မဘုတ်ဆုံ၏ ညွှန်ကြားချက်ကို လက်ခံသည့်အနေနှင့် မုန့်ထည့်စရာ ပန်းကန် ၂-ခုကို ယူလာသည်။

တစ်ခုက ဘုရားဆွမ်းတော်ကပ်ဖို့။

နောက်တစ်ခုကတော့ ရှင်ဥပဂုတ် ကိုယ်တော်မြတ်ကြီးအတွက်။

မဘုတ်ဆုံသည် ပထမကျက်သည့် မုန့်များကို သံကော်နှင့်ကော်လိုက်ပြီး၊ ဘုရားဆွမ်းတော်ကပ်နိုင်းလိုက်သည်။

ဒုတိယ မုန့်များကိုကော်ပြီး ဒုတိယပန်းကန်ထဲ ထည့်လိုက်သည့်အချိန်....



သူမ၏ မျက်စိရှေ့မှောက်သို့ မည်းမည်းအရိပ်တစ်ခု လာရောက် ထင်ဟပ်သဖြင့် မော်ကြည့်လိုက်ပါသည်။

ကိုပိန်းကလည်း ထိုနည်းတူပင်....

"အို....မနက်အစောကြီး အာရုံဆွမ်းခံထွက်တဲ့ ဘုန်းကြီးတစ်ပါးပါလား"

မဘုတ်ဆုံရော ကိုပိန်ပါ သဒ္ဓါပေါက်သွားကြသည်။

ဘုန်းကြီးကိုကြည့်ရသည်မှာ နှင်းတောထဲကိုဖြတ်ပြီး ခပ်ဝေးဝေးက ကြွလာရသည့်ပုံပေါ်သည်။

ဘာကြောင့်လဲဆိုတော့....

သူ့သင်္ကန်းတွေက နှင်းတွေစိုလို့၊ ဒါပေမယ့် ချမ်းသည့်လက္ခဏာ လုံးဝမရှိပါ။

မဘုတ်ဆုံရော ကိုပိန်ပါ အံ့ဩသွားမိသည်။ သူတို့က မီးဖိုနား ကပ်နေရသည့်တိုင်အောင်၊ ရာသီဥတု၏ အအေးဒဏ်ကို ခံစားနေရသေးသည် မဟုတ်ပါလား။

"ကိုပိန်ရေ အဲဒီပန်းကန်ထဲက မုန့်နှစ်ခုကို ဘုန်းဘုန်းသပိတ်ထဲ လောင်းလိုက်ပါတော်"

မဘုတ်ဆုံက ညွှန်ကြားပြန်သည်။

ကိုပိန်ကလည်း လောင်းလှူလိုက်သည်။

မတုန်မလှုပ် ရပ်၍နေသော ဘုန်းတော်ကြီး၏ မျက်နှာတော်ကို တစ်ချက်မျှ မော်ဖူးပြီးနောက် ဖွင့်ထားသည့် သပိတ်ထဲသို့ ပန်းကန်ထဲမှ မုန့်နှစ်ခုကို ရှိရှိသေသေ လောင်းလှူလိုက်လည်း။

သူ့ပါးစပ်ကတော့ လှုပ်လှုပ်ရွရွနှင့် ဘာတွေ ဆုတောင်းသည်မသိ၊ ဆုတောင်းနေဟန်ရှိသည်။

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းလောင်းခြင်းကိစ္စပြီးသည်နှင့် ဘုန်းတော်ကြီးကလည်း ဘာတစ်ခွန်းမှ ပြန်လည်၍ မိန့်ကြားခြင်းမပြုဘဲ ပြန်လှည့်သွားတော့၏၊

မဘုတ်ဆိုးရော ကိုပိန်ပါ စောစောစီးစီး ဒါနပြုလိုက်ရ၍ ပီတိဖြစ်နေကြသည်။

"ဟန်ကြလိုက်တာ ကိုပိန်ရယ်၊ ဦးဦးဖျားဖျား လူတွေမစားခင် ဘုန်းကြီးကို လောင်းရတာ သိပ်ကုသိုလ်ရမှာပဲနော်"

"အေးပေါ့ဟ ဆွမ်းဦးအလှူဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့ဟာ"

"တော် ဆွမ်းလောင်းတော့ သပိတ်ထဲကို ကြည့်လိုက်သေးလားဟင်"

"ဘာကြည့်ရမှာလဲဟ"

"တော် သပိတ်ထဲမှာ ကျုပ်တို့ထက် အရင်လောင်းထားထဲ့ ဆွမ်းတွေဘာတွေများ ရှိသလားလို့"

"ဟင့်အင်း....မရှိပါဘူး။ သပိတ်ထဲမှာ ဘာမှမရှိဘူးဟ"

"ဒါဖြင့် ကျုပ်တို့က ဦးဆုံးလောင်းရတာပေါ့နော် ကိုပိန်"

"ဟုတ်တာပေါ့ဘုတ်ဆိုးရ၊ တို့က ပထမပေါ့ဟ"

မဘုတ်ဆိုးက မုန့်တွေကို တစ်ခုပြီးတစ်ခု ဆက်၍ လုပ်နေသည်၊

မုန့်ပျစ်သလက် ဆယ်ခု၊ ခေါက်မုန့်က ဆယ့်ငါးခုလောက် ပြီးနေပြီ။ သည်တော့မှ....

"ဟ....ဘုတ်ဆိုးရေ၊ ငါတော့ မသက်သာဘူးဟေ့"ဟု အလန့်တကြား အော်လိုက်သည်။

"ဘာမှသက်သာတာလဲတော့ အလန့်တကြား"

"ဘာအရမလဲကွ၊ ဒီဘုန်းကြီးကို မသက်သာတာပေါ့ကွ"



"ဟင်း....ဒီဘုန်းကြီးက ဘာဖြစ်လို့လဲတော့"

"ထူးလို့ဟေ့....ထူးလို့....ထူးလို့"

"ဩော်....တော်ကလဲတော်၊ ဘာများထူးလို့လဲ ပြောပါဦး...."

ကိုပိန်က သူစဉ်းစားမိသမျှကို ပြောပြလိုက်သည်။

"ဘုတ်ဆိုး....နစ်စဉ်းစားကြည့်စမ်း၊ တို့ရပ်ကွက်ရောက်တာ ကြာလှပြီ၊ မုန့်လုပ်ပြီး ရောင်းတာလဲ ကြာလှပြီ၊ တစ်ခါမှ ဒီအချိန်မျိုးမှာ ဒီဘုန်းကြီးကို မတွေ့ဘူးပါဘူး။ ဒီလိုစောစောစီးစီး ဆွမ်းခံကြွတာလဲ မမြင်ဖူးပါဘူး။ ဆွမ်းစားပင့်တဲ့ အိမ်ကလဲ တစ်ပါးတည်းတော့ ဘယ်ပင့်ပါ့မလဲဟ၊ အနည်းဆုံး သုံးပါး ငါးပါးတော့ ပင့်မှာပေါ့-ပြီးတော့လဲ"

"ပြီးတော့ ဘာဖြစ်သေးလဲ"

"သူ့ကြည့်ရတာ အဝေးကြီးကကြွလာရသလိုပဲဟ၊ သင်္ကန်းတွေက နှင်းတွေစိုလို့ရွဲလို့၊ နောက်ပြီးတော့လေ .... တို့လဲ ဆွမ်းလောင်းပြီးကွာ .... တစ်ခါတည်း လှည့်ထွက်သွားတာပဲ၊ ရှေ့လဲ ဆက်မကြွတော့ဘူးဟ"

သည်တော့မှ မဘုတ်ဆိုးလည်း စဉ်းစားမိပါသည်။

"ဟုတ်ပါရဲ့တော် .... ဘုန်းကြီးမှ ဟုတ်ရဲ့လား မသိဘူးနော်...."

"အို .... ဘာပဲဖြစ်ဖြစ်ပေါ့ဟာ ငါတော့ ဝမ်းသာတယ်ဟေ့၊ တို့ဟာ ဆွမ်းဦးအလှူရှင် ဖြစ်လိုက်ရတာပေါ့"

"ဟုတ်ပါရဲ့ သူ့ကို လှူလိုက်ရတဲ့မုန့်တွေဟာ တကယ်တော့ အိမ်က ရှင်ဥပဂုတ် ကိုယ်တော်မြတ်ကြီးကို လှူရမယ့် ဟာတွေ တော့"

www.burmeseclassic.com



"အေး ....ဒါလဲ တိုက်ဆိုင်မှုပဲပေါ့ဟာ၊ အဲဒီဘုန်းကြီးဟာ ရှင်ဥပဂုတ် ကိုယ်တော်မြတ်ကြီးများ ဖြစ်နေမလားမသိဘူးဟ"

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့တော်"
"တို့ ထီတစ်စောင်လောက် ထိုးရအောင်ဟာ"
"ကောင်းသားပဲတော်"
နောက် ၁၅ ရက်ခန့် ကြာသွားလေပြီ။
အကျိုးပေးက မြန်သည်ဟုပင် ဆိုရမည်။

ကိုပိန်-မဘုတ်ဆုံတို့ထိုးထားသည့်ထီလက်မှတ်သည် ထိုအပတ် အောင်ဘာလေ သိန်းဆုဖွင့်ပွဲတွင် "ပထမသိန်းဆုကြီး" ကို ဆွတ်ခူးခဲ့ပါပြီ။

ရှင်ဥပဂုတ် ကိုယ်တော်မြတ်ကြီးကို ဆွမ်းဦး လှူရသော အကျိုးကြောင့် ယခုကဲ့သို့ "ပထမသိန်းဆုကြီး" ကို ရခဲ့ပါသည်ဟု ကိုပိန်နှင့် မဘုတ်ဆုံတို့က ယနေ့အထိ ယုံကြည်ပြောဆိုနေကြဆဲပင် ဖြစ်ပါသည်။

မောင်မြတ်မင်း

## အသက်သခင် ကျေးဇူးရှင်

ဂျပန်ခေတ်ကာလက ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်တို့မိသားစုသည် စစ်ပြေးဒုက္ခသည်များ ဖြစ်နေ၍ ဧရာဝတီတိုင်း ကျိုက်လတ်မြို့တွင် သောင်တင်နေကြ ချိန် ဖြစ်ပါသည်။

ကျွန်တော်သည် ကလေးငယ် တစ်ယောက်သာ ဖြစ်သည်။ ကျိုက်လတ်မြို့ ၄-ဖြတ်လမ်းထိပ်ရှိ ဦးဘိုးဝင်း ကျောင်း တွင် ကျောင်းသားအဖြစ် ကျောင်းတက်နေရပါသည်။

တစ်နေ့....ကျွန်တော်ကျောင်းတက်စဉ် လမ်းပေါ်တွင် နေ ရောင်ခြည်အောက်၌ ပြောင်ပြောင် လက်လက် အရာဝတ္ထုလေး တစ်ခုကို အမှတ်မထင် တွေ့ရှိမိ၍ ကောက်ယူပြီး ကြည့်မိပါ သည်။

ကျွန်တော်ကောက်ယူပြီး ကြည့်မိသော အရာဝတ္ထုလေးမှာ အဖြူရောင် သတ္တုဖြင့် ပြုလုပ်ထားသည့် ရုပ်တုလေး ဖြစ်နေ

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အရွယ်အစားမှာ ကျွန်တော့်လက်တစ်ဆစ်သာသာခန့်သာ ရှိပါသည်။

ရုပ်တုလေး၏ သဏ္ဌာန်မှာ တင်ပျဉ်ခွေ ကြာပွင့် ပေါ်တွင် ထိုင်နေပြီး သပိတ်ကို လက်ဝဲ လက်ဖဝါးပေါ်တွင် တင်ထားသည်။ လက်ယာ လက်က သပိတ်ကို နှိုက်နေဟန် ဖြစ်သည်။ ဦးခေါင်းတော်ကို အနည်းငယ်ခေါင်းစောင်းပြီး မျက်နှာတော်က ကောင်းကင်ကိုမော့၍ နေကိုကြည့်နေဟန်ဖြစ်သည်။ ပခုံးတွင် သင်္ကန်းကြီး တစ်ထည် ကို ခေါက်ပြီး တင်ထားသည့် ရဟန်းတော်တစ်ပါး၏ ရုပ်တုတော်လေးဖြစ်ပါသည်။

ကျွန်တော်သည် လမ်းပေါ်ကကောက်ရသော ရဟန်းတော် ရုပ်တုတော်လေးကို သိမ်းဆည်း ထားပြီး အိမ်သို့ ပြန်ရောက်သောအခါ လူကြီးမိဘတွေကို အကျိုးအကြောင်း ပြောပြကာ ရဟန်းတော် ရုပ်တုတော်လေးကို ပြသပါသည်။

အဖေသည် ကျွန်တော် ပြသသော ရုပ်တုတော် လေးကို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးလိုက်ပြီး လက်ဖြင့် ဆ၍ ကြည့်ကာ....

"ငါ့သား လမ်းပေါ်က ကောက်ရတဲ့ ရုပ်တုတော်လေးက ငွေသားနဲ့ပုံလုပ်ထားတာကွဲ့၊ အင်မတန်မှ တန်ခိုးကြီးတဲ့ ရှင်ဥပဂုတ် ရဟန္တာမထေရ်မြတ်ရုပ်တုတော်ဖြစ်တယ်။ ငါ့သားနဲ့ ထိုက်တန်လို့ရလာတယ်လို့ သဘောမှတ်ပေါ့ကွယ်။ ရှင်ဥပဂုတ် ရဟန္တာမထေရ်မြတ် ရုပ်တုတော် ငါ့သား လည်ပင်းမှာ အမြဲဆွဲထားနိုင်ဘို့ ငွေကြိုးနဲ့ငွေကြုတ်လေးကို အဖေပုံလုပ်ပေးမယ်။ ငါ့သား သိမ်းဆည်းထားရင် ပျောက်နေအုံးမယ်။ အဖေ့ကို ပေးထား...."



အဖေက ပြောပြောဆိုဆို နှင့် ကျွန်တော် လမ်းပေါ်က ကောက်ရသော ရုပ်တုတော်လေးကိုယူ၍ ဘုရားစင်ပေါ်တွင် တင်ထားလိုက်ပါသည်။

ထို့နောက်တွင် အဖေသည် ကျွန်တော့်အား ရှင်ဥပဂုတ် ထေရုပ္ပတ္တိ စာအုပ်ပါးလေးတစ်အုပ်ကို ရှာပေးပြီး ဖတ်ခိုင်းပါသည်။ ထေရုပ္ပတ္တိ စာအုပ်ကို ဖတ်၍ မရှင်းမလင်းသော အချက်များကို အဖေက နှုတ်နှင့်ပြောပြသည်။ ညစဉ် ညတိုင်းလည်း ဘုရားဝတ်ပြု ကန်တော့ပြီးတိုင်း "ရှင်ဥပဂုတ် ရဟန္တာမထေရ်မြတ်ကြီး" ကို ရည်မှန်း၍ ရှိခိုးကန်တော့ခိုင်းပါသည်။

ကျွန်တော်သည် ရှင်ဥပဂုတ် ရဟန္တာ မထေရ်မြတ်ကြီး၏ ထေရုပ္ပတ္တိစာအုပ် ဖတ်ထား၍ လည်းကောင်း၊ အဖေ ပြောပြထား၍ ရှင်ဥပဂုတ် ရဟန္တာမထေရ်မြတ်ကြီး၏ ဘဝ ဖြစ်စဉ်ကို သိရှိထား၍ လည်းကောင်း၊ တကယ့်ကို ယုံကြည် သဒ္ဓါစိတ်ဖြင့် လက်အုပ်မိုး၍ ရှိခိုးကန်တော့ခဲ့ပါသည်။

၁၅ ရက်ခန့် ကြာလေသော် ရှင်ဥပဂုတ် ရဟန္တာ မထေရ်မြတ်ကြီး စံပယ်ရန် ငွေကြုတ်နှင့်ငွေကြိုးလေးသည် ငွေပန်းထိမ်က ပြီး၍ အဖေသည် အမွှေးနံ့သာများ ရှင်ဥပဂုတ် ငွေသား ရုပ်တုတော်ကို ဆွတ်ဖျန်းသပ္ပါယ်ကာ ငွေကြုတ်တွင် သည့်ထား ကျွန်တော့် လည်ပင်းတွင် ချိတ်ဆွဲ၍ ပေးထားပါသည်။

ကလေးဘယ်တစ်ယောက်၏ အတွေးဟုပင်ဆိုဆို၊ ကျွန်တော်၏ လည်ပင်းတွင် ရှင်ဥပဂုတ်ရဟန္တာမြတ် ငွေသားရုပ်တုတော်လေးကို ငွေကြုတ်ငွေကြိုးနှင့် ဆွဲထားပြီးချိန်ကစ၍....



www.burmeseclassic.com

"အလွန် တန်ခိုးတော်ကြီးသော ရှင်ဥပဂုတ် ရဟန္တာမြတ်ကြီးသည် ငါ့အား ကိုယ်နှင့်စောင့်ရှောက်တော်မူလျက်ရှိသည်" ဟူ၍ ကျွန်တော် စိတ်ဝယ် ထင်မှတ်ယုံကြည်နေမိပါသည်။

တစ်လခန့်ကြာသော်....ကျွန်တော်သည် ထူးခြားဆန်းကြယ် အံ့ဖွယ်ကောင်းသော အဖြစ်အပျက် နှင့် ကြုံတွေ့ရ ပါတော့သည်။

တွေ့ကြုံရပုံကား ဤသို့ ဖြစ်ပါသည်။

ကျိုက်လတ်မြို့ မြစ်ကမ်းနံဘေး ရေဆိပ်တွင် သူငယ်ချင်းများ ရေထဲ၌ ကူးခတ်ပျော်ပါး ကစား၍နေသည်ကို တွေ့မြင်ရပါသည်။

ကျွန်တော်လည်း သူတို့ကဲ့သို့ ရေထဲတွင် ကူးခတ်ပျော်ပါး ကစားလိုသည်။ သို့သော် ကျွန်တော်ကား ရေ လုံးဝ မကူးတတ်ပါ။ သို့အတွက်ကြောင့် ရေထဲသို့ ဆင်းပြီး သူငယ်ချင်းတွေ ကစားသကဲ့သို့ မကစားဝံ့ပါ။

ကျွန်တော်သည် ကမ်းပေါ်မှ ရပ်၍သာ သူတို့ရေထဲ၌ ကူးခတ် ပျော်ပါး ကစားနေသည်ကို ကြည့်နေရပါသည်။

ကြာတော့ ကျွန်တော်စိတ်မထိန်းနိုင်တော့ပါ။ ကျွန်တော်သည် ရေမကူးတတ်၍ သူတို့ကဲ့သို့ ရေထဲ ဆင်းပြီး မကူးခတ် မပျော်ပါး နိုင်သည့် တိုင်အောင် ကမ်းနံဘေးတွင် ဆိုက်ကပ်ထားသော ဘောက်တူ (လှေငယ်) ပေါ်တွင် သွားရောက်ထိုင်ကာ မိမိစိတ်ကို ထိန်းသည့် အနေဖြင့် ကစား နေမိပါသည်။



ကျွန်တော်သည် ဘောက်တူ လှေငယ်၏ ကိုယ်ထည်အား တစ်ဘက်တစ်ချက်ကို လှုပ်ရမ်းကိုင်ကစားရင်း သူတို့ရေထဲ၌ ကူးခတ် ပျော်ပါး နေသည်ကို ကြည့်နေရာ ဘယ်အချိန်က ဘောက်တူလှေငယ်သည် ချည်ထားသော ကြိုးပြေ၍ ရေထဲသို့ မျောသွားသည်မသိ။

ကျွန်တော် သိလိုက်သော အချိန်တွင် ကမ်းနှင့် အတော် လှမ်း၍ နေလေပြီ။

ကျွန်တော် ရေကလည်းမကူးတတ်၊ မတော်တဆ ရေထဲသို့ ကျသွားခဲ့လျှင် ဒုက္ခပဲဟု တွေးမိပြီး ဇောချွေးများပြန်လာပါသည်။

ထို့ကြောင့် ကမ်းပေါ်က လူများကို အကူအညီ တောင်းရန် ထိုင်ရာမှ ထလိုက် ချိန်တွင် ဘောက်တူသည် တစ်ဘက်သို့ စောင်းသွားသဖြင့် ကျွန်တော်သည် ရေထဲသို့ ခဲ ချလိုက်သ အလား မြစ်ရေထဲတွင် စုန်းစုန်းမြုပ်သွားပါတော့သည်။ ကျွန်တော်၏ ထိတ်လန့်တုန်လှုပ်ခြောက်ခြားသည့် စိတ်ကား အထွတ်အထိပ်သို့ ရောက်သွားလေတော့ပြီ။

ကျွန်တော် ရေအောက်သို့ စုန်းစုန်းမြုပ်၍ သွားသည်မှာ ဝါးနှစ်ပြန်ခန့်ဟု ထင်မှတ်ရပါသည်။

ဤသို့ အသက်ဘေးနှင့် ရင်ဆိုင်တွေ့ကြုံနေရသော တစ်ဝယ်၊ ကျွန်တော့် အဖို့ အားကိုးအားထားစရာဆို၍ ရှင်ဥပဂုတ် ရဟန္တာမထေရ်မြတ်ကြီးကလွဲပြီး မရှိတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက်ကြောင့် ကျွန်တော်သည် မိမိလည်ပင်းတွင်ချိတ်ဆွဲထားရှိသော ရှင်ဥပဂုတ် ရဟန္တာမထေရ်မြတ်ကြီးအား လက်ဖြင့် ကိုင်တွယ်ထားလိုက်ပြီး....

"ရှင်ဥပဂုတ် ရဟန္တာမထေရ်မြတ်ကြီး တပည့်တော်အား ကယ်တော်မူပါဘုရား" ဟူ၍ အကြိမ်ကြိမ်အခါခါ စိတ်ထဲက ရေရွတ်ဆုတောင်းကာ နေမိတော့သည်။

ဤအချိန် ဤသမယတွင် ကျွန်တော့် စိတ်အာရုံထဲဝယ် အလင်းရောင်တစ်ခု လျှပ်စီးလက်ဘိသကဲ့သို့ ပေါ်ပေါက်လာပြီး အလင်းရောင် ပျောက်ကွယ်သွားသည်နှင့် ရဟန်းတော်တစ်ပါးသည် သပိတ်ကိုပိုက်လျက် ကျွန်တော့်ထံသို့ မျက်နှာမူပြီး လျှောက်လာသည်ကို အာရုံထဲ၌ဖူးမြင်တွေ့လိုက်ရပါသည်။

ထို့နောက်တွင်မူ ကျွန်တော် သတိလက်လွတ် သွားပါတော့သည်။

ကျွန်တော် သတိပြန်လည်ရပါပြီ။

သတိပြန်လည်ရချိန်ဝယ် မိမိအိမ်ရှိ အိပ်ရာပေါ်သို့ ပြန်လည်ပြီး ရောက်ရှိ၍နေပါသည်။

ကျွန်တော့်ညာဘက်လက်က ရှင်ဥပဂုတ် ရဟန္တာမထေရ်မြတ်ကြီး ကိန်းဝပ်ရာ ငွေကြုတ်ကို လက်ဖြင့် ကိုင်ထားရှိပါသည်။

"မသေကောင်း မပျောက်ကောင်း ကံကြီးထောက်မလို့ ပေါ်သွားရယ်၊ ဘောက်တူပေါ်မှာ ငါ့သားမတ်တတ်ရပ်လိုက်



တော့ နောက်ကိုလန်ပြီး ရေထဲကျသွားတယ်။ တံငါသည်လှေသုံးစင်းကလဲ အရန်သင့်ရောက်လာပြီး သူတို့အားလုံးလဲ ငါ့သားရေထဲမြုပ်သွားတဲ့နေရာကို ဆင်းဆယ်ကြပါတယ်။ ငါ့သားရဲ့သူငယ်ချင်းတွေလဲ ရေကူးနေရာကနေပြီး လာကာ ရေငုပ်ပြီး ငါ့သားကိုရှာကြပါတယ်။ ၁၅ မိနစ်လောက်သာ အချိန်ကုန်သွားတယ်။ ငါ့သားကို ရေထဲမှာရှာဖွေလို့ မတွေ့ကြတော့ အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြတယ်။ ထူးဆန်းတာက ဒီလောက်တောင် လူတွေရေထဲဆင်းငုပ်ပြီး ငါ့သားကို သူ့ထက်ငါ ရှာနေကြတာ ဘယ်သူမှ ရှာမတွေ့ပဲ ဘယ်သူက အင်ထားတယ်မသိဘူး ကမ်းစပ်တစ်နေရာမှာ ငါ့သားဟာ ကိုယ်တစ်ပိုင်းတင်လို့ အများက တွေ့ရတယ်။ အဲဒီအချိန်မှာ ငါ့သားဟာ လည်ပင်းကရှင်ဥပဂုတ်ရဟန္တာမြတ်ကြီးရဲ့ငွေကြုပ်ကိုလက်နဲ့ဆုပ်ကိုင်ထားတာတွေ့ရပြီး သတိမေ့မြောနေလို့ အိမ်ကိုလာပို့ကြတယ်၊ တကယ်တော့ ငါ့သားရဲ့ အသက်သခင် ကျေးဇူးရှင်ဟာ ရှင်ဥပဂုတ် ရဟန္တာမထေရ်မြတ်ကြီးပဲ ငါ့သား။ ဒီတော့ ငါ့သားရဲ့တစ်သက်မှာ ရှင်ဥပဂုတ် ရဟန္တာမထေရ်မြတ်ကြီးရဲ့ ကျေးဇူးတော်ကို ဘယ်တော့မှ မမေ့လေနဲ့၊ အမြဲမပြတ် ဆည်းကပ်ကိုးကွယ် ရှိခိုးကန်တော့ပေတော့ ငါ့သား" ဟူ၍ အမေက ကျွန်တော့်ကို ဆိုမိန့်ခဲ့ပါသည်။

ယခုအခါတွင် ကျွန်တော့်အမေနှင့် အဖေတို့ နှစ်ဦးစလုံးဘဝတစ်ပါးသို့ ပြောင်းသွားကြပြီဖြစ်ပါသည်။

ကျွန်တော်ကလေးဘဝက မြစ်ထဲတွင်ရေနစ်ခဲ့ပြီး ကံကောင်းထောက်မ၍ မသေမပျောက်သည့် အချိန်ကစကာ အရှင်ဥပဂုတ်



www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပွဲကို ကြုံကြိုက်၍ တွေ့ဆုံလေတိုင်း ဆွမ်း, ပန်း, ဆီမီး, ရေချမ်းတို့ကို အမြဲမပြတ် ကပ်လှူခဲ့ပါသည်၊

ကျွန်တော့် လည်ပင်းတွင် ငွေကြိုးတပ်ဖြင့် ရှင်ဥပဂုတ်ရဟန္တာ မထေရ်မြတ်ကြီးကို ယနေ့ထက်တိုင်အောင် ဆွဲထားဆဲ ဖြစ်ပါသည်။

မောင်ဝေမြိုး

# ပဲခူးပေါ်တော်မူ ရှင်ဥပဂုတ္တ ရုပ်ပွားတော်

## ပဲခူးသာသနာရောင်ခြည်ဖြာ

ပဲခူးမြို့ရှိ ကျွန်ုပ်၏ ဓမ္မမိတ်ဆွေ မိသားစုဖြစ်သော ဦးအေး ထွန်း–ဒေါ်အေးအေးထွန်းတို့ထံသို့ ရောက်ရှိသွားရာမှ အစ၊ ပဲခူးမြို့၏ သာသနာ့ရှေ့ခရီးကို ဆွေးနွေးကြပါသည်။

ပုဂ္ဂံသာသနာ ထွန်းကားပြီးနောက်ပိုင်း နောင်သောအခါ မကြာမီကာလများ၌ ပဲခူးသာသနာသည် စည်ပင်ဝပြော ထွန်း ကားလိမ့်မည်ဟု ယုံကြည်တွက်ဆမိကြပါသည်။

ရှေးရှေးသော သာသနာပြု ပုဂ္ဂိုလ်ကျော်များ၏ အသိ အမိန့်အရ ဗုဒ္ဓသာသနာသည် ပဲခူးတွင် တစ်ဖန် [illegible] စည်ကားထွန်းတောက်မည်ဟု လေ့လာမှတ်သားမိခဲ့ရပါသည်။ ထိုစကားကို အကြွင်းမဲ့ယုံကြည်ရန် အကြောင်းများကို ကျွန်ုပ် ၏ မျက်မှောက်၌ပင် မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်ကို စာဖတ်သူများအား ဖော်ပြလိုပါသည်။

ငွေဆောင်တန်းဝေ

www.burmeseclassic.com



"ပဲခူးမြို့တွင် နိုင်ငံ့ဂုဏ်ဆောင် စာသင်တိုက်ကြီးများ တရားရိပ်သာများ၊ ကမ္မဋ္ဌာန်းကျောင်းများ၊ ရာဇဝင် သမိုင်းသာသနာဝင် စေတီ ပုထိုးတော်ကြီးများသည် အံ့ချီးဖွယ် တည်ရှိနေမှုမှာ သမထ ဝိပဿနာတရား ကျင့်ကြံ ပွားများလိုသူတိုင်း ပဲခူးမြို့ရှိ စေတီများ၊ ကမ္မဋ္ဌာန်းကျောင်းများကို မရောက်ရောက်အောင်သွား ကာ အဓိဋ္ဌာန်စခန်းနှင့် ပါရမီစခန်းများ ဖွင့်ကြရသည် သာ ဖြစ်ပါသည်။"

တစ်စတစ်စနှင့် ပဲခူးသာသနာသည် ဒေးစွန်ပါ အပါအဝင် ပဲခူးနယ်မြေတစ်ခွင်ဝယ် ထွန်းလင်းတောက်ပနေသည်မှာ နောင် သာသနာရေးအတွက် အားထားစရာ ဖြစ်မည်ကို ကြိုတင် မှန်း ဆ၍ ရကြပြီဖြစ်ပါသည်။ အထူးသဖြင့် ပဲခူးနယ်မြေရှိ စေတီ ပုထိုးများတွင် အဓိဋ္ဌာန်ဖြင့် ကျင့်ကြံကြ သူတိုင်း ထူးခြား ဆန်းကြယ်သော ဖြစ်ရပ်များကို ကိုယ်တွေ့ကြုံကာ မိမိတို့၏ အကျင့်သီလ ပါရမီကို တစ်ဆင့်တက်လှမ်းနိုင်ကြမည်သာ ဖြစ် ပါသည်။

ပဲခူးမြို့ရှိ ထူးခြားသော စေတီ ပုထိုးတော်များ၊ ရုပ်ပွား တော်များအနက် ပေါ်တော်မူ ရှင်ဥပဂုတ္တာ ရုပ်ပွားတော် မြတ် သည်လည်း အဆန်းတကြယ် တန်ခိုးထည်လွန်းလှပါသည်။

## ရွှေမုဓော စေတီတော် နှင့် ပေါ်တော်မူ ရှင်ဥပဂုတ္တာ

ပဲခူးမြို့သို့ ရောက်လျှင် ရွှေမုဓောစေတီတော်မြတ်ကို ဦးခိုက် ကြမည်သာ ဖြစ်ပါသည်။

ရွှေမုဓော စေတီတော်ကို လက်ယာရစ် ဖူးမြော်သည့်အခါ ရှင်ဥပဂုတ္တရဟန္တာ အရှင်မြတ်၏ ယာယီ စံကျောင်းတော် ရှိရာ နေရာကို တွေ့မြင်ရပါမည်။



ယာယီ စံကျောင်းတော်အတွင်းဝယ် ကိန်းဝပ်စံမှာယ်လျက် ရှိသော ရှင်ဥပဂုတ္တာ မထေရ်မြတ်၏ ရုပ်ပွားတော်မှာ အလွန် ထူးခြားလှပါသည်။

ဉာဏ်တော် အမြင့် (၆ လက်မ) သာသာမျှ ရှိသော်လည်း ဦးခေါင်းတော်ကိုငဲ့၍ နေမင်းကို ကြည့်ရင်း သပိတ်ကို ရင်မှာ ပိုက်ကာ ဆွမ်းစား နေပုံမှာ သပ္ပါယ် တင့်တယ်လှ ပါသည်။ ရွှေပိန်းချ၍ ပူဇော်ထား သဖြင့် ရုတ်တရက် ကြည့်ရှုမှုနှင့်မှု မည်သည့် အသားနှင့် သွန်းထုထားသည်ကို သိနိုင်မည် မဟုတ် ပါ။

သို့သော် ဆုတောင်းပြည့်ခြင်း၊ တန်ခိုးကြီးခြင်း၊ ပုဗ္ဗဉ္ဇာန်း ဆက် ရှိသူများ အနေဖြင့် အသိထူးများ ရရှိခြင်းတို့ဖြင့် ထူး ခြား ဆန်းကြယ်မှု အတိ ပြီးသည်ကို လေ့လာကြည့် သူတိုင်း သိကြပါလိမ့်မည်။

အဘယ့်ကြောင့် ဆိုသော် ထိုရှင်ဥပဂုတ္တာရဟန္တာမြတ် ရုပ် ပွားတော်မှာ တစ်စုံ တစ်ဦးက သွန်းထုထားသည် မဟုတ်ဘဲ၊ သူ့အလိုလို ပေါ်ထွန်းလာသည့် ပေါ်တော်မူ ရုပ်ပွားတော် တစ်ဆူ ဖြစ်သောကြောင့်သာ ဖြစ်ပေသည်။

## ပေါ်တော်မူ ရှင်ဥပဂုတ္တာ ရုပ်ပွားတော်

ပဲခူးမြို့၊ မဲဂုံရပ်နေ အဖ ဦးသန်းဖေ၊ အမိ (ဒေါ်တင်ညွန့်) ဒေါ်ကြည်တို့၏သား မောင်သန်းဌွေးသည် တစ်နေ့သောအခါ မီးဖို့ပြုလုပ်ရန်အတွက် ရွှံ့စေးများကို အနည်းငယ် ယူနယ်လျက် ရှိပါသည်။

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကား ၁၃၄၈-ခု၊ ဟန်ဆောင်မုန်းလဆန်း(၈)ရက်နေ့ ဖြစ်ပါသည်။

မောင်သန်းဌွေးသည် ရှုံစေးများကို ထုနယ်နေရာမှ ရှုံစေးများသည် သူလိုရာထုမရဘဲ၊ ရှင်ဥပဂုတ္တရဟန္တာ၏ ရုပ်ပွားတော် သဏ္ဌာန်အတိုင်း သူ့ အလို အလျောက် ပေါ်ထွန်း လာရာ အနီးသို့ ရောက်ရှိလာသူများပါ အံ့ဩဘကြီး တွေ့မြင်ကြရပြီး အုတ်အော် သောင်းတင်း ဖြစ်ကြကုန်၏။ အလိုလို ပေါ်တော်မူ ရုပ်ပွားတော်မြတ်ကို တတ်သိသူ များက ပင့်ဆောင်ကာ အမွှေးနံ့ သာများ ပက်ဖျန်း၍ အလင်းတိုင်များ ထွန်းညှိ ပူဇော်ကြတော့သည်။

## ပေါ်တော်မူ ရုပ်ပွားတော်မှ တန်ခိုးပြ

ပေါ်တော်မူ ရုပ်ပွားတော် အရှင်မြတ်ကို ကြား သိ သူ အပေါင်းက ကြည်ညိုလေးစားစွာဖြင့် ပင့်ဆောင်ကြရာ၊ ပဲခူးမြို့ပေါ်ရှိ ရပ်ကွက် အသီးသီး နှင့် အနယ်နယ် အရပ်ရပ်သို့ အပူဇော်ခံ ဒေသစာရီ ကြွချီခဲ့ရပါသည်။

အဆို့, အတီး, အက အခုန် များနှင့် ခမ်းနားကြီးကျယ်စွာ ကြိုဆို ပူဇော်ကြသည့်အပြင် ရောက်ရာ အရပ်ဝယ် ဆုတောင်း ပြည့်ရုံမက ထူးဆန်းသော တန်ခိုးတော်များကိုပါ ထင်တင်ရှားရှား ပြလတော်မူခဲ့ပါသည်။

....ပင့်ဆောင် ပူဇော်ကြသည့် ရပ်ကွက်တိုင်းတွင်လည်း အချိန်အခါ မဟုတ်ပါပဲလျက် ပန်းပိတောက်များပွင့်ကုန်ကြ၏။ သဇက်ပန်းများလည်း ဖူးကြကုန်၏။

ရေနွေးကြမ်းပန်းကန်ထဲမှ ရေနွေးများ အလိုလို ပွက်ပွက်ဆူခြင်း စသော....



မျက်မြင်ဒိဋ္ဌတန်ခိုးများကို ထင်ရှားစွာ ပြသခဲ့ရာ ကိုယ်တွေ့ဖူးမြင် ကြည်ညိုကြရသူများ ပဲခူးမြို့တွင် ယနေ့တိုင် ပြောမဆုံးနိုင်အောင် ရှိနေဆဲဖြစ်ပါသည်။

## သတ္တဝါများ၏ ပူဇော်အထူးကို ခံယူ

ပေါ်တော်မူရုပ်ပွားတော်အရှင်မြတ်၏ ဂုဏ်သတင်းကိုကြားသိကြကုန်သော လူပုဂ္ဂိုလ်အသီးသီးသည် အနယ်နယ်အရပ်ရပ်မှ လာရောက် ဖူးမျှော်ကြ၏။ ပူဇော်ကြ၏။ ကန်တော့ကြ၏။ အဓိဋ္ဌာန်ဝင်ကြ၏။ သစ္စာပြုကြ၏။

အဓိဋ္ဌာန်ပြည့်ခြင်း၊ ဆုတောင်းပြည့်ခြင်း၊ သစ္စာအောင်ခြင်း တို့ကြောင့် ပူဇော်ကြသူများ တစ်နေ့တခြား များပြားခဲ့သည်မှာ ဆန်းသည်ဟု မဆိုသာ။

အဘယ့်ကြောင့်ဆိုသော် လူသားများက အသိဉာဏ်ရှိသော သတ္တဝါများ မဟုတ်ပါလား။

အသိဉာဏ်ကင်းသည်ဟု ယူဆကြကုန်သော တိရစ္ဆာန်များကပါ ပေါ်တော်မူ ရှင်ဥပဂုတ္တ ရုပ်ပွားတော်မြတ်ကို လာရောက် ပူဇော်ကြသည် ဆိုခြင်းမှာမူ အံ့ဩဘနန်း ဖြစ်ရပ်ဆန်းပင်။

....မှန်ပါသည်။ ထိုပဲခူးပေါ်တော်မူ ရှင်ဥပဂုတ္တ ရုပ်ပွားတော်မြတ်ကို ပင်လယ်ဂဏန်းများ၊ မြွေများ ရေသတ္တဝါများသည် သူ့အလိုလို လာရောက် ပူဇော်ကြသည်ကို ဓမ္မမိတ်ဆွေ ကိုယ်တွေ့ကြုံမြင်ကြရပါသည်။

-ငွေတောင်ဘန်းစာစ

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်သမုဒ္ဒရာ၌ ကြေးပြာ သာဒ်နှင့် စုံမြန်းနေသည့် အရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်၏ ကိုယ်ပွား ပေါ်တော်မူ ရုပ်ပွားတော်မြတ်ကို ပင်လယ်ဂဏန်းများ၊ မြေသတ္တဝါများ၊ ရေသတ္တဝါများကပါ လာရောက်ပူဇော်ကြသည်မှာ သတ္တဝါ များ၏ ပူဇော်အထူးကို ခံယူတော်မူသည့် ဂုဏ်နှင့်ပြည့်စုံခြင်း သာ ဖြစ်ပါသည်။

## ပဲခူးသာသနာနှင့် ရှင်ဥပဂုတ္တရဟန္တာ

ထိုပေါ်တော်မူ ရုပ်ပွားတော်မြတ်မှာ ယခုအခါ ရွှေမုဓော စေတီတော်ကြီးရှိ ယာယီ စုံကျောင်းပေါ်ဝယ် စုံမြန်းလျက် ရှိပါသည်။

ပဲခူး သာသနာသည် ယခုအခါ တစ်စတစ်စ အတင်အရှား တိုးပွားရှင်သန် ထွန်းတောက်နေသည်ကို မေ့မိတ်ဆွေများသတိ ပြုမိကြပါလိမ့်မည်။

ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်သည် ထိုသို့ ပဲခူးသာသနာ ကြီးပွား ရှင်သန်လာမည့်အရေးအတွက် ကိုယ်စား ကိုယ်ပွား တော်မြတ်အား ကြိုတင်အပူဇော်ခံ သာသနာပြု စေလွှတ်ခဲ့လေ သလားဟု ယူဆစရာ ရှိပါသည်။

မည်သို့ပင်ဆိုစေ ရဟန္တာ အရှင်မြတ်တို့အား သဒ္ဓါသွတ်နှုန်း ဖူးမြော်ကန်တော့ ပူဇော်ကြကုန်သူအပေါင်းတို့အား ကောင်း ကျိုးမင်္ဂလာ အဖြာဖြာ ပြည့်စုံကြသည်သာဖြစ်၍ ပဲခူးမြို့ရှိ ပေါ်တော်မူ ရှင်ဥပဂုတ္တ ရဟန္တာမြတ်၏ ရုပ်ပွားတော်မြတ်ကို ပူဇော်ကြည်ညိုနိုင်ကြစေရန်ရေးသား တင်ပြလိုက်ရပါသတည်း။

ဦးအောင်သိဒ္ဓိ

## ရှင်ဥပဂုတ္တ ရဟန္တာပူဇော်ပွဲနှင့် ဆန်းအိုးထဲက ဆန်တိုးစေသော ဖြစ်ရပ်ထူးများ

### ရဟန္တာမြတ်ထံမှ ဆန်ချေးခြင်း

ကျွန်တော့်ဘဝတွင် ထူးဆန်းသော ဤလိုအဖြစ် မျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု တစ်ခါမျှ မမျှော်လင့်ခဲ့ ပါ။ ကျွန်တော့်အဖြစ်ကိုလည်း ကြည့်ပါ၊ ရဟန္တာ မြတ်ထံမှ ဆန်ချေးယူရသည့်အဖြစ်ပါ။ ကျွန်တော် ချေး ငှားရသည့် ပစ္စည်းမှာ "ဆန်"ဖြစ်၍ ကျွန်တော့်အား ဆန် ချေးသည့် ရဟန္တာမြတ်မှာ ရှင်ဥပဂုတ္တ ရဟန္တာ မထေရ်မြတ်။

ကျွန်တော့်အား ဆန်ချေးခိုင်းသူမှာလည်း တစ်ခြားသူ မဟုတ်။ ကျွန်တော့်သူငယ်ချင်း စာရေးဆရာ ဟိန်းလတ်ပင် ဖြစ်ပါသည်။

ဟိန်းလတ်၏ အကြံပေး တိုက်တွန်းချက်အရ မနှစ်က (၁၉၈၉) ခုနှစ်၊ ယခုလို တန်ဆောင်မုန်း လလောက်တွင် ကျွန်တော်သည် ရှင်ဥပဂုတ္တ ရဟန္တာမြတ်ထံမှ ဆန်[illegible]ခန့် ချေးငှားဖြစ်ခဲ့ပါသည်။

ငွေတောင်တန်း၊ စာပေ

www.burmeseclassic.com



## စာရေးဆရာဟိန်းလတ်၏ တိုက်တွန်းချက်

ဟိန်းလတ်ကို အင်္ဂလိပ်စာရေးဆရာ၊ ဘာသာပြန်ဆရာ၊ စာပေ သုတေသီအဖြစ် လူသိများကြသော်လည်း ဘာသာရေးကိစ္စများနှင့် နှီးနွှယ်သူအဖြစ် လူသိနည်းမည်ထင်ပါသည်။

ဟိန်းလတ်ရေးသော ဘာသာရေးဆောင်းပါးများ၊ စိတ်နယ်လွန် ပညာရပ်များ၊ ဟိန္ဒူပြဟ္မဏဝါဒနှင့် သမထကျင့်စဉ်များအကြောင်းကို ဖတ်ဖူးကောင်း ဖတ်ဖူးမိကြမည်ဖြစ်သော်လည်း စာရေးဆရာဟိန်းလတ်ကိုယ်တိုင် ဘာသာရေး ညွှန်ပြမှုနည်းလမ်းများကို လိုက်နာကျင့်သုံး နေသည်ကိုတော့ ကျွန်တော့်လို လူရင်းချင်းမှလွဲ၍ တစ်ခြား မသိကြပါ။

ဟိန်းလတ်နှင့် ကျွန်တော်မှာ စာရေးဖော် ရေးဖက် သူငယ်ချင်းများ ဖြစ်သလို၊ နှစ်ယောက်သား ဆုံမိတိုင်း မိသားစုအရေးကို တရင်းတနှီး ပြောရင်း ဘာသာရေး အကျင့် စခန်းများကို နှီးနှောဖလှယ် နေကြ ဖြစ်ပါသည်။

ဘာသာရေးဆိုင်ရာ ထူးခြားသော အတွေ့အကြုံများ ရှိသည့်အခါတိုင်း ဟိန်းလတ်က ကျွန်တော့်ကို သတင်းကောင်းပါးသည်။ သူပြောသည့် အချက်များထဲတွင် တရုတ်တန်းဟု ကျွန်တော်တို့ ခေါ်သည့် စဉ့်အိုးတန်းနှင့် လသာ တစ်ဝိုက်တွင် တရုတ်အမျိုးသားများ ကိုးကွယ် ဆည်းကပ်သည့် ရှင်ဥပဂုတ္တ ရဟန္တာမြတ် ပူဇော်ပွဲရှိကြောင်း၊ လိုက်ခဲ့စေလိုကြောင်း၊ နှစ်စဉ်ခေါ်နေသည်မှာ သုံး၊ လေးနှစ် ရှိပြီဖြစ်သော်လည်း ကျွန်တော် အလေးအနက် မရှိခဲ့ပါ။ တစ်ကြိမ်တစ်ခါမျှ မလိုက်ဖြစ်ခဲ့ပါ။



၁၉၇၉+ခုနှစ်၊ မနှစ်က အောက်တိုဘာ၊ နိုဝင်ဘာလ ဟုထင်ပါသည်။ ထိုလထဲတွင် တစ်နေ့ သောင်းပြောင်းထွေလာ မဂ္ဂဇင်းတိုက်သို့ သွားပြီး၊ ရေကျော်မောင်အေး လက်ဖက်ရည်ဆိုင်၌ ထိုင်နေစဉ် ဆိုင်ရှေ့မှဖြတ်လျှောက်သွားသော ဟိန်းလတ်နှင့် မမျှော်လင့်ဘဲ ဆုံမိလိုက်ပါသည်။

သူက ကျွန်တော့်ကို မြင်မြင်ချင်း....

"အတော်ပဲဗျာ၊ ခင်ဗျားကို ကျွန်တော် ပြောပြောနေတဲ့ တရုတ်တန်းက ရှင်ဥပဂုတ္တ ပွဲတော် သွားမလို့ အိမ်ပြန်လာတာ ခင်ဗျားအားရင် လိုက်ခဲ့ပါလား...."

သည်တစ်ခါတော့ နှစ်ခါ မခေါ်ရတော့၊ သူခေါ်ရာသို့ အားရဝမ်းသာ ထ လိုက်သွားမိ ပါသည်၊

### ရှင်ဥပဂုတ္တ မထေရ်မြတ်၏ ကျေးဇူး

သီလဝ မဂ္ဂဇင်း အတွဲ(၁)၌ ကျွန်တော်ရေးသားခဲ့ဖူးသည့် အတိုင်း၊ ရှင်ဥပဂုတ္တ မထေရ်မြတ်ကို ဆွမ်းကပ်ခဲ့သည့်အတွက် ကျွန်တော် ကြီးမားသော အကျိုးထူးကြုံခဲ့ဖူးပါသည်။

ထို ကျေးဇူးကား ည ၃၄၂ အမည်ရှိ ပရက်စတိုကားကလေးကို ကျွန်တော် ဝယ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

(အကျယ်ကို သီလဝမဂ္ဂဇင်း အတွဲ ၁—[illegible] ဖတ်ရှုပါ။)

ငွေတောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ရှင်ဥပဂုတ္တ မထေရ်မြတ်ကို ကျွန်တော်ယုံကြည်မှု အပြည့်အဝဖြင့် ဆွမ်းကပ် ရှိခိုးပူဇော်သော အလေ့အထများ မှုနေပြီဖြစ်၍၊ ကျွန်တော့်ကားကလေးနှင့်ပင် ကိုဟိန်းလတ်ကို တင်ခေါ်ကာ ကိုဟိန်းလတ်တို့ ဇနီးမောင်နှံကို ရှင်ဥပဂုတ္တ ပူဇော်ပွဲသို့ လိုက်ပါပို့ဆောင်ပေးခဲ့ပါသည်။

## တရုတ် အမျိုးသားများ၏ ယုံကြည်ကိုးကွယ်မှု

ကိုဟိန်းလတ်တို့ အိမ်မှတစ်ဆင့် လသာမြို့နယ် စဥ့်အိုးတန်း လမ်းသို့ ရောက်ရှိသည့်အခါ သာသနာ့အလံများ လွင့်လျက် ကြီးမားခမ်းနားစွာ ကျင်းပနေသော ရှင်ဥပဂုတ္တ ပူဇော်ပွဲကို မြင်ရပါသည်။

လသာမြို့နယ် အမှတ်(၃) ရပ်ကွက်။ စဥ့်အိုးတန်းလမ်း၊ အိမ်အမှတ်(၃၂)၊ လှေကားကျဉ်းလေးမှ ပထမထပ်သို့ တက် လိုက်လျှင်၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ သစ်သီးနှင့် ဆွမ်း ဟင်းများကို ဆက်ကပ်နေသော ဗုဒ္ဓဘာသာဝင် တရုတ်အမျိုး သားများကို ခန်းလုံးပြည့်မျှ တွေ့မြင်ရပါသည်။

မြန်မာဆို၍ ကိုဟိန်းလတ်တို့ ဇနီးမောင်နှံနှင့် ကျွန်တော် သာ ရှိပါသည်။

အောင်ခြင်း ချစ်ပါး၊ တာဝတိံသာမှ ဘုရား အစရှိသော ရုပ်တု၊ ရုပ်ပွားတော်များ အပြင် ရှင်ဥပဂုတ္တ မထေရ်မြတ်ကို ရည်မှန်း ပူဇော်ရာဌာနများတွင် အမွှေးတိုင်များ ထွန်းညှိခြင်း၊ အသင်းတိုင်များ ပူဇော်ခြင်း၊ မုန့်များ ဆက်ကပ်ခြင်းများ ပြုပြီးနောက် နံရံအပြည့် ကန့်လန့်ကာ ကာထားသည့် အတွင်း ခန်း အဝသို့ သွားကြရပါသည်။



ကိုဟိန်းလတ်၏ဇနီးက သူ့အိမ်မှ ယူဆောင်လာသည့် ဆန် များကို တရုတ်ဗုဒ္ဓဘာသာ လူကြီးများကို ပေးလိုက်သည့်အခါ ထိုဆန်ထုပ်များကို ကန့်လန့်ကာ အတွင်းသို့ ယူဆောင်သွားကြ ပါသည်။

ယင်း တရုတ်ဗုဒ္ဓဘာသာ လူကြီးများ ပြန်ထွက်လာသည့် အခါ လက်တစ်ဆုပ်ခန့်ရှိ ပလပ်စတစ်နှင့် ထုပ်ထားသော ဆန် ထုပ်ငယ်ကလေးကို ပြန်ပေးပါသည်။

''ဦးအောင်စိုးဦး....ဒီက ဆန်ချေးသွားပါလား၊ နောင်နှစ် ဒီလိုအချိန် ပြန်ဆပ်ပေါ့''

ကိုဟိန်းလတ်ဇနီး၏ စကားက ကျွန်တော့်ကို နားမလည် နိုင်အောင် ဖြစ်စေပါသည်။

''ဒီလိုဗျ....ကျွန်တော်တို့က နှစ်စဉ် ဒီလိုပဲ ရှင်ဥပဂုတ္တပူဇော် ပွဲမှာ ဆန်နည်းနည်း ချေးယူရတယ်၊ အိမ်ရောက်တော့ ချေးယူ လာတဲ့ဆန်ကို အိမ်ကဆန်အိုးထဲ အပွားခတ်ပြီး ရောထည့်ထား၊ တစ်နှစ်လုံး ဆန်မပြတ်တော့ဘူး....''

''ခင်ဗျားလဲ ဆန်ထစ်ဆုပ်လောက် ချေးသွားလေဗျာ၊ နောင်နှစ်ကျတော့ အတိုးအရင်းပေါင်းပြီး ခင်ဗျား တတ်နိုင် သလောက် လာလှူပေါ့၊ ခင်ဗျားတို့ ကျွန်တော်တို့ လှူတဲ့ဆန် ကို ဒီပွဲမှာလာတဲ့ ဓမ္မမိတ်ဆွေတွေကို သားသတ်လွတ် ပြန်ချေး ကျွေးတာဗျ၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝပေါ့၊ တိုက်ဆိုင် တယ်ပဲ ပြောပြော ကျွန်တော်တို့ မိသားစု ကတော့ [illegible] ဆန်ချေးတဲ့နှစ်ကစပြီး တစ်ခါမှ အိမ်မှာ ဆန်[illegible] အခဲ မကြုံဘူး။ဆန်ပြတ်တယ်ကို မရှိဘူး''



www.burmeseclassic.com

www.burmeseclassic.com



ကိုဟိန်းသတ်တို့ ဇနီးမောင်နှံ၏ တိုက်တွန်းမှုကြောင့် ကျွန်တော်လည်း ထုံးစံရှိသည့် ဝိတ်ပြုကိုးကွယ်မှုမျိုးကို မေးမြန်းလိုက်နာ ပူဇော်ခဲ့ပြီးနောက် ရှင်ဥပဂုတ္တရဟန္တာမြတ်ထံမှ ရည်မှန်းကာ ဆန်လက်တစ်ဆုပ်ခန့် ချေးငှားယူကာ အိမ်သို့ပြန်ခဲ့မိပါသည်။

## ဆန်အိုး၌ ဆန်တိုးပြီ

ရှင်ဥပဂုတ္တ ပူဇော်ပွဲမှ ချေးငှားလာသည့်ဆန်ကို အိမ်က ဆန်အိုးထဲတွင် အဖွားခတ်၍ ရောမွှေပြီး မကြာခင်မှာပင် ထူးခြားသော အဖြစ်များနှင့် ကြုံတွေ့ရပါသည်၊

ထိုအဖြစ်အပျက်များကိုမပြောမီ ကျွန်တော့်အကြောင်းကို ရှင်းပြဖို့ လိုပါမည်။

ကျွန်တော်သည် စာရေးဆရာ ဈေးနေတစ်ဦး ဖြစ်ပါသည်။ သို့သော် ကျွန်တော့်တွင် ကြီးမားသော ချို့ယွင်းချက်တစ်ခု ရှိပါသည်။

ထိုချို့ယွင်းချက်မှာ အိမ်တွင်းမှုကိစ္စ အဝဝတို့ကို ကျွမ်းကျင်မှု မရှိခြင်းပါ။

အိပ်ထောင်သက် အနှစ်နှစ်ဆယ်ရှိသည်တိုင် ဆန်တွေ၊ ဆီတွေ တစ်လစာ ဝယ်ထားရမှန်းမသိခဲ့။ နေ့ဖို့ညစာ သိုလှောင်ထားသည့် စနစ်ဇယားမျိုး မရှိခဲ့။ ရရ,စားစား နေခဲ့သူပင် ဖြစ်ပါသည်။



ဇနီးသည်က အိမ်ထောင်ထိန်းသိမ်းနိုင်စွမ်း ရှိသော်လည်း ကျွန်တော်က စီစဉ်မပေးပဲ "ရပါတယ်ကွာ၊ စားအိုး သေးသေးလေးပါ" ဆိုပြီး ရေသာခိုခဲ့၍ ဆန်အိုး၌ ဆန်က ပြတ်ချည်တစ်ခါ၊ ကုန်ချည်တစ်လှည့်နှင့် မကြာမကြာ ပူညံပူညံဖြစ်ခဲ့ရသူပါ။

တစ်ခါတလေ ငွေပြတ်သည့်အခါ ဆန်ပါပြတ်၍ အခက်ကြုံရလောက်အောင်ပင် ဖြစ်ခဲ့ဖူးပါသည်၊

သို့သော် ရှင်ဥပဂုတ္တ မထေရ်မြတ်ကို ယုံကြည်စွာ ကိုးကွယ်ပြီး ဆန်ချေးယူပြီးသည့် နောက်ပိုင်းတွင်မူ....

(၁) ဖျာပုံမြို့ကို ကျွန်တော် အမှုကိစ္စနှင့် သွားရောက်စဉ်၊ ညီလိုခင်မင်သူ ကိုခင်မောင်သိန်းက ကျွန်တော့်မိသားစုစားရန် ဆန်တစ်အိတ် လက်ဆောင်ပေးခြင်း။

(၂) ကျွန်တော့်ဇနီး ဆရာမ၏ ကျောင်းမှ ဆန်တွေ မကြာခဏရခြင်း။

(၃) ရုပ်ရှင်ကိစ္စ ခရီးထွက်သည့်အခါ ရောက်ရာအရပ် (ဥပမာ ကော့မှူး) မှ မိတ်ဆွေများက ဆန်ချေးသက်သာပြီး ဆန်ကောင်း၍ဝယ်သွားရန် ဆန့်အိတ်လိုက် ဝယ်စေခဲ့ခြင်းများကို ထူးထူးကဲကဲ ကြုံတွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ ပြောရလျှင် ၁၉၇၉–ခုနှစ်၊ အောက်တိုဘာလမှ ယနေ့ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ (၂၅) ရက် တိုင်တိုင် အိမ်မှာ ဆန်အိတ်လိုက်ရှိနေသည့်အပြင် မိတ်ဆွေများကိုပါ ဆန်ခွဲဝေလှူဒါန်းနိုင်သည်အထိ ဆန်အိုး၌ ဆန်တိုးနေသည်ကို အံ့ဩထူးခြားစွာ တွေ့ရပါသည်။

ကျွန်တော်တို့ မိသားစုတွင် အခြားမိသားစုများလို မီးပြတ်သည့် အခါပြတ်၊ ရေပြတ်သည့်အခါပြတ်၊ ငွေပြတ်သည့်အခါပြတ်သော်လည်း ဆန်ကမူ တစ်နှစ်လုံး ပြတ်သည်မရှိ၊ ပိုလျှံနေပါသည်။

ကျွန်တော် ယုံကြည်ပါသည်။

ထိုသို့ ဆန်အိုး၌ ဆန်တိုးခြင်းမှာ ရှင်ဥပဂုတ္တ မထေရ်မြတ်ကို ယုံကြည်စွာ ကိုးကွယ်ခြင်း အကျိုးပင် ဖြစ်ပါသည်။

## ကြွေးဟောင်းဆပ်၍ ကြွေးသစ်ယူခြင်း

ယခုနှစ်တော့ ကိုဟိန်းလတ်ကို စုံစမ်း၍ ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ပွဲကို ကျွန်တော်တို့မိသားစု ယုံကြည်မှု အပြည့်ဖြင့် သွားရောက်ပူဇော်ကြပါသည်။

ထိုပူဇော်ပွဲကို လသာမြို့နယ် စဉ့်အိုးတန်းနှင့် လမ်း ၂၀ တွင် နေရာခွဲ၍ နှစ်စဉ် ကျင်းပလေ့ရှိပါသည်။

ကျွန်တော် ဆန်ချေးခဲ့သည်မှာ စဉ့်အိုးတန်းလမ်းရှိ ပူဇော်ပွဲတွင် ဖြစ်၍ ကျွန်တော် ချေးယူခဲ့သည့် ဆန်ကို အတိုး အရင်းပေါင်း၍ ဆပ်ပြီး ဆန်များလှူဒါန်းကာ ကြွေးဟောင်း ဆပ်ခဲ့ပါသည်။



ရှင်ဥပဂုတ္တမထေရ်မြတ်ထံ ရည်မှန်း၍ ဆန်သစ် တစ်ဆုပ်စာ ယူခဲ့ပါသည်။

ကံဟောင်း ကံကြွေးကို ဆပ်၍ ကံသစ်ကို ထူထောင်ခြင်းဟု ကျွန်တော် ခံယူပါသည်။

တစ်နည်း အလှူလည်းပေး၍ အလှူကိုလည်း ခံယူခြင်းဟု မှတ်ယူပါသည်၊

## ရှင်ဥပဂုတ္တ မထေရ်မြတ်၏ ဂုဏ်တော်တန်ခိုး

မိတ်ဆွေ စိတ်ဝင်စားလျှင် ကိုယ်တိုင် သွားကြည့်ပါ။

နှစ်စဉ် သားသတ်လွှတ်စား၍ ရှင်ဥပဂုတ္တ မထေရ်မြတ်အား ရည်မှန်းပူဇော် ဝတ်ပြုသူများကို တွေ့ရပါမည်။

“....အသေးစိတ် စုံစမ်းကြည့် ပါက ကန့်လန့်ကာအတွင်းဝယ် ရှင်ဥပဂုတ္တမထေရ်ကို ရည်မှန်း၍ ရေမျောမည့် ရေအိုးများ ထားရှိသည်ကိုသိရှိရပါမည်။ တချို့ အယူအဆအရ တရုတ်ရိုးရာ ကိုးကွယ်မှု တစ်မျိုး” ဟုလည်း အဆိုရှိပါသည်။

သို့သော် ယုံကြည်မှုနှင့် သဒ္ဓါတရားလည်း အဓိက ဖြစ်ပါသည်၊

ငွေတောင်ဘန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဥပဂုတ္တရဟန္တာမြတ်ကို ရည်မှန်းယုံကြည်၍ သဒ္ဓါတရား အပြည့်ဖြင့် လှူဒါန်းပူဇော်ကာ သီလဆောက်တည်မည်ဆိုပါက မိတ်ဆွေ့အိမ်မှ ရှိသော ဆန်အိုးတွင် တစ်ကယ်ပင် ဆန်တိုးနိုင်ကြောင်း ကိုယ်တွေ့ကြုံသူ တစ်ဦးအနေဖြင့် ရှင်ဥပဂုတ္တမထေရ်မြတ်၏ ဂုဏ်တော်ကို ဖော်ကျူး ပူဇော် ရေးသား ကန်တော့အပ်ပါ၏။

အောင်စိုးဦး

## ကယ်တင်ရှင် ရှင်ဥပဂုတ္တ

အကျွန်ုပ်၏ ဘ၀ တစ်သက်တာတွင် စိတ်ဝင်စားဖွယ်ရာ လူ့လောက ဖြစ်ရပ်များ၊ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ အတွေ့အကြုံများ၊ ဂမ္ဘီရသိပ္ပံ ဂန္ဓာရီလောကီပညာနှင့်ပတ်သက်သော ထူးခြားဆန်းကြယ် အံ့ဖွယ်ဖြစ်ရပ်များ၊ ထူးဆန်း အံ့သြဖွယ်ရာကောင်းလှသည့် အဖြစ်အပျက် များကို ကြိမ်ဖန်များစွာ ကြုံတွေ့ ခံစားခဲ့ရ၏။

ထို ဘ၀ အတွေ့အကြုံများအနက် တစ်ခုသော အတွေ့အကြုံကို တင်ပြပါမည်။

ခရစ်သက္ကရာဇ် ၁၉၃၅–ခုနှစ်က ဖြစ်၏။

အကျွန်ုပ်သည် အစ်ကိုဖြစ်သူ ဦးသံဟိုပိုင်သော ငါးပိဘောလှေဖြင့် မြိတ်မြို့မှ အနောက်ဘက် ပင်လယ်ကျွန်း ကမ်းခြားဆီသို့ လိုက်ပါလာခဲ့သည်။

ငွေတောင်ဘန်းစံပေ

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ မိုးဦးကျစ အချိန် ဖြစ်သည်။

ပင်လယ်ပိုင်းဒေသဆိုင်ရာ ဗဟုသုတကို ရှာဖွေရင်း တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသော ခရီးကို လိုက်ပါလာခဲ့ခြင်း ဖြစ်၏။

ထိုခေတ် ထိုအချိန်က ယခုခေတ် ယခုအချိန်ကဲ့သို့ စက်တပ်ထားသော မော်တော်များ၊ စက်လှေများ မရှိသေး။

ကျယ်ပြန့်လှသည့် ပင်လယ်ရေပြင် အရပ်ရပ်ကို သုံးဖုံထိုက်ခေါ် တရွတ်ကတ် ခေါ် ကတ္တူ ရွက်လှေကြီး များဖြင့် လေအားကို မှီလျက် လွင့်ပါကူးလူး ရောင်းဝယ်ဖောက်ကားခြင်း ပြုရ၏။

ကျွန်ုပ်လှေတွင် အကျွန်ုပ် အစ်ကို ဦးသံဟိုနှင့် လှေစာရေး ဦးပိန်၊ ပဲ့နင်းကြီး ဦးတောနှင့် လှေသား ၆ ဦးပါရှိ၏။

မြိတ်မြို့မှ ရောင်းကုန်များ အဖြစ် ဆန်၊ ဆီ၊ ဆေး၊ ဆားငရုတ်၊ ကြက်သွန်၊ အဝတ်အထည်များအပြင် ပျားအိုးများလည်း ပါသည်။ (ပျားအိုး ဆိုသည်မှာ မြိတ်အခေါ် ဖြစ်၏။ ဓနိပင်မှ ထွက်သည့် သကာရည် အချိုအိုး ဖြစ်၏။)

အထူးသဖြင့် မူးယစ်စေသော ဘိန်းလည်းပါသည်။ ဘိန်းမှာ ပင်လယ်ပိုင်းဒေသရှိ တချို့သော တံငါသည်များ အတွက် သွေးအားဆေးလည်း မည်၏။

အကျွန်ုပ်တို့၏ ကတ္တူလှေကြီးသည် မြိတ်မြို့မှ မိုင်ပေါင်း ၂၀၀ ခန့် ကွာဝေးသော အနောက်တောင် ပင်လယ် ကမ်းရိုးတန်း ကျေးရွာ အရပ်ရပ်သို့ လှည့်လည်သွားလာရန် ဖြစ်သည်။



ထိုကျေးရွာများမှာ လှိုင်းတံပိုး ပြင်းထန်ပြီး ကျယ်ပြန့်သည့် ပင်လယ်ပြင်များအတွင်းရှိ ကျွန်းများပေါ်၌ တည်ရှိကြသော်

တစ်ရွာမှ တစ်ရွာ၊ တစ်ကျွန်းမှ တစ်ကျွန်းသို့ လှည့်လည်သွားလာကာ အချိန်အားဖြင့် တစ်လကျော် နှစ်လနီးပါးမျှကြာမှ မြိတ်မြို့သို့ ငါးပိများဖြင့် တစ်ခေါက်ပြန်လည် ရောက်ရှိနိုင်ကြ၏။

အကျွန်ုပ်သည် အားလပ်သည့် အချိန်တိုင်း၌ ဝါရင့်သော လှေသမားများထံမှ ဒဏ္ဍာရီ ပုံပြင်ဝတ္ထုများကို မေးမြန်း၍ မှတ်တမ်းတင်ခြင်း၊ ပင်လယ်ရေပြင်များကို လှေ့လာ၍ ထူးဆန်းသော သတ္တဝါများကို စူးစမ်းရှာဖွေခြင်း အစရှိသည်တို့ကို မရပ်မနား ပြုလုပ်ခဲ့၏။

ထိုသို့ မကြားဘူးသော ပုံဝတ္ထုဆန်းများနှင့် ပင်လယ် ရေသတ္တဝါများ၏ အကြောင်းကို ကြားသိ လေ့လာ ရင်းဖြင့် အကျွန်ုပ်တို့၏ ကတ္တူသည် တစ်ကျွန်းမှသည် တစ်ကျွန်းသို့ ဝင်ထွက်လျက် မြိတ်မြို့နှင့် မိုင်ပေါင်း ၂၀၀ ကျော် ခရီးကွာဝေးသည့် "မသေကျွန်း" သို့ ရောက်ရှိခဲ့တော့၏။

မသေကျွန်းမှာ မြိတ်ခရိုင် ဗုတ်ပြင်မြို့နယ်နှင့် ကော့သောင်းမြို့နယ်၏ နယ်ခြားဖြစ်သည်။ ထိုကျွန်းမှသည် ကျားကိုက်အော်အမည်ရှိသော ဗသျှူး ရွာကလေးသို့ သွားရောက်ကာ ထိုမှသည် လမ်းပိကျွန်းသို့ ကူးပြီးလျှင် မစ္စဘာဂျာမားပိုင် သတ္တုတွင်းသို့ ဆန်အိတ်များ တင်ပို့ရန်ဖြစ်သည်။

သို့ရာတွင် လေမိုး အဆင်မသင့်သည်နှင့် မသေကျွန်းတွင် ခိုကပ်နေရ၏။

မွေ့တောင်တန်း၏ခေ

www.burmeseclassic.com

www.burmeseclassic.com



မသေကျွန်းမှာ ကျောက်တောင်မြေပြင် ဖြစ်ပြီးလျှင် တစ်ဖာလုံ ပက်လည်မျှသာ အကျယ်အဝန်း ရှိသည်။

ပင်လယ်ဒီရေကျလျှင် စဲစဲကြီး ပေါ်နေပြီးလျှင်၊ ပင်လယ်ဒီရေတက်သောအခါ ကျွန်းပတ်လည်ကို ရေဝိုင်း၍ထားသည်။ တံငါအိမ်ခြေ ၃၀ ကျော်ခန့်ရှိကာ လမ်းမှာ တစ်လမ်းတည်း ရှိသည်၊

ထားဝယ်မြို့သား ရွာသူကြီး ဦးခင်က အုပ်ချုပ်လျက်ရှိသည်။ ဒီရေတက်ချိန်တွင် ခြေတံရှည်နှင့် တံငါအိမ်ခြေ ၃၀-ကျော်မှာ ရေမြုပ်လျက် မသေကျောက်ဆောင် တစ်ခုသာ ပေါ်၍နေ၏။

ထိုကျောက်ဆောင် ပေါ်တွင် ဥက္ကာတော် ၉ တောင်ခန့် အုတ်စေတီ တစ်ဆူနှင့် ဗုဒ္ဓသိမ် တစ်လုံးရှိသည်၊

ထိုအနီးတွင် စရပ် တစ်ဆောင်နှင့် တကွ ဘုန်းတော်ကြီး တစ်ပါး သီတင်းသုံး နေထိုင်သည့် ကျောင်းတစ်ဆောင်လည်း ရှိသည်။

ထိုရွာသူ ရွာသားများသည် ငါးဖမ်းခြင်း၊ ပုစွန်ဖမ်းခြင်း၊ ငွေးခေါ် ပုစွန်ဆိတ်ငယ်လေးများကို ဖမ်းဆီးလျက် ငါးပိလုပ်ခြင်းတို့ဖြင့် အသက်မွေးကြ၏။

၁၉၃၅-ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ဖြစ်သည်။

အကျွန်ုပ်နှင့် လှေသား ကိုအုန်းမောင်၊ ကိုပု၊ ကိုဖစု၊ မသေရွာသား ကိုခွေးပုတို့သည် လှေတစ်စီးဖြင့် ပင်လယ်ခရီး ထွက်ခဲ့ကြသည်။



ပင်လယ်ရေပြင်သို့ ရောက်ချိန်တွင် ကမ်းမမြင် လမ်းမမြင် ဖြစ်ပြီး၊ မည်သည့်အရပ်သို့ ဦးတည်၍ သွားနေသည် မသိ၊ လေပြင်း မုန်တိုင်းမိကာ လှေသည် ပင်လယ်ပြင်တွင် လွင့်မျော၍ သွားတော့၏။

တစ်ရက်၊ နှစ်ရက်။ သုံးရက်၊ လေးရက်၊ ငါးရက်၊ ခြောက်ရက် တိုင်တိုင် ပင်လယ်ပြင်တွင် လှေသည် လွင့်မျော၍နေရာ၊ အစာ ရေစာနှင့် သောက်ရေများပါရှိသည် မှန်သော်လည်း၊ ကုန်သွားလေက အကျွန်ုပ်တို့ တစ်တွေသည် အစာတော် ရေပြတ်ပြီး ပင်လယ်သမုဒ္ဒရာထဲတွင် သေပွဲဝင်ရတော့မည်။

လေပြင်း မုန်တိုင်း မိသည့်အထိ မိုးကလည်း သဲသဲမဲမဲ ရွာလိုက်သေးသည်။

အကျွန်ုပ်တို့သည် ပင်လယ်ပြင်တွင် ကယ်တင်မည့်သူ မေးသည့် ဘဝတွင်၊ မိုးကလည်း မိလိုက်သေးသည်။ သို့သော် တစ်ဦး တစ်ယောက်မျှ အဖျားအနာမရှိ၍ တော်ပါသေး၏၊

ခြောက်ရက် မြောက်သော နေ့တွင် အကျွန်ုပ်တို့ အားလုံးသည် ကာလ၊ ဒေသ၊ ပယောဂကြောင့် ဒျက်နှာပျက်၍ သာ လေပြီ။

ခြောက်ရက်တိုင်တိုင် ပင်လယ်ပြင် သမုဒ္ဒရာထဲဝယ် လှေတစ်စင်း မမြင်မတွေ့ရသဖြင့် အကျွန်ုပ်တို့အား ကယ်တင်မည့်သူက ဝေးခဲ့လေပြီ။

အကျွန်ုပ်တို့လူစုထဲတွင် အသက်အရွယ်အရ လည်းကောင်း၊ အတွေ့အကြုံအရ လည်းကောင်း အကြီးဆုံးသည် လှေသား ကိုအုန်းမောင် ဖြစ်သည်၊

ငွေဆောင်တန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုအုန်းမောင်က အမွေးတိုင်သုံးတိုင်ကို ထွန်းညှိ၍ လှေဦးထိပ်တွင် သွားရောက်စိုက်ပြီး ကန်တော့ကာ အကျွန်ုပ်တို့အား....

"ပင်လယ်ရေပြင်မှာ ဒုက္ခရောက်နေတဲ့အခါ တို့တစ်တွေအားကိုးအားထားစရာဆိုလို့ အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးကလွဲလို့ တခြားမရှိတော့ဘူး၊ ဒီတော့ တို့တစ်တွေဟာ အရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို ရည်မှန်းပြီး စိတ်ထဲက ရှိခိုးကန်တော့ကြပေတော့" ဟူ၍ ဆိုပါ၏။

တခြားသူများတော့မသိ၊ အကျွန်ုပ်ဘဝဝယ် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးကို သစ်သားရုပ်တုတော် ပြုလုပ်ထားသည်ကို တွေ့ဘူးသည်ကမှအပ ပြင်ပလောကတွင် တစ်ကြိမ်တစ်ခါမှ မဖူးတွေ့ဘူးပါ။

မည်သူပင်ဖြစ်စေ ယခုကဲ့သို့ ဒုက္ခနှင့် ကြုံတွေ့နေရချိန်ဝယ် "ခလုတ်ထိမှ အမိတ" ဆိုသကဲ့သို့ အကျွန်ုပ်သည် အရှင်ဥပဂုတ္တရဟန္တာ မထေရ်မြတ်ကြီးကို "ကယ်တင်ရှင်" အရှင်သူမြတ်ဟစ်ဦးအနေဖြင့် ယုံကြည်အားကိုးကာ ရှိခိုးကန်တော့မိပါ၏။

အကျွန်ုပ်နှင့်တကွ လှေပေါ်တွင် ပါလာသော သူအားလုံးသည် ညဉ့်သန်းခေါင်ယံ အချိန်အခါ၌ ကမ်းမမြင် လမ်းမမြင်သော ပင်လယ်ပြင်တွင် အရှင်ဥပဂုတ္တာ မထေရ်မြတ်ကြီးအား ရှိခိုးပူဇော် ကန်တော့၍ နေကြရာ နံနက်အရုဏ်တက် လင်းရောင်ခြည်လေး သန်းလာသောအချိန်တွင် အကျွန်ုပ်တို့လှေနှင့် ခပ်လှမ်းလှမ်းတွင် တစ်စုံတစ်ခုသည် မီးရောင်လွှလွှဖြင့် သွားလာ လှုပ်ရှားနေသည်ကို အားလုံးက တွေ့မြင်ကြရသဖြင့် ဝမ်းသာကြရသည်။



အကျွန်ုပ်တို့စိတ်အထင် လှေ သို့မဟုတ် မီးသင်္ဘောတစ်စင်းတော့ ဖြစ်ကောင်းဖြစ်မည် ထင်သည်။

အနားသို့ ရောက်လေသော် အကျွန်ုပ်တို့ ထင်ထားသကဲ့သို့ လှေလည်းမဟုတ် မီးသင်္ဘောလည်းမဟုတ်၊ ဝါးပိုးဝါးကြီးများကို စုစည်း၍ ဖောင်ဖွဲ့ကာ ပြုလုပ်ထားသော ဝါးဖောင်ကြီးပေါ်ဝယ် ကြေးပြာသာဒ်ကို တွေ့ရသည်။

ကြေးပြာသာဒ်အတွင်းဝယ် ရွှေရောင်တဝင်းဝင်း ချထားသော ရှင်ဥပဂုတ္တာ ရုပ်တုတော်က ကိန်းဝပ်လျက် ရှိအသည်ကို ဖူးတွေ့ရသည်။

ယင်းကြေးပြာသာဒ်၏ ဝန်းကျင်ပတ်လည်တွင် အလင်းတိုင်ကြီးများ ညီညီညာညာ ထွန်းညှိပူဇော်ထားသည်ကို တွေ့မြင်ရသည်။

ထူးခြားဆန်းကြယ် အံ့ဩဖွယ်ကောင်းသည်မှာ လေအလှန်တိုက်နေသော ပင်လယ်ပြင်တွင် ဂါးဖောင်ကြီးပေါ်၌ ကြေးပြာသာဒ်ဝန်းကျင်ပတ်လည်တွင် အလင်းတိုင်ကြီးများ ထွန်းညှိပူဇော်ထားရှိသော်လည်း မည်သည့်မီးတိုင်မှ လေတိုက်၍ မငြိမ်း၊ လေငြိမ်သည့်နေရာတွင် အလင်းတိုင်ကို မီးထွန်းညှိထားသကဲ့သို့ အလား တွေ့မြင်ရ၏။

ဤသို့ ထူးခြားဆန်းကျယ် အံ့ဩဖွယ်ကောင်းသည့် အချက်ကို အကျွန်ုပ်က သတိပြုလိုက်မိသည်။

ငွေတောင်ထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီး၏ အံ့ဖွယ်တန်ခိုးတော်ကို အကျွန်ုပ်သည် ရှိခိုးကန်တော့မိ၏။

မျှားမကြာမီ အချိန်ပိုင်း အတောအတွင်း၌ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ် ကိုန်းဝပ် စံပယ်တော်မူသည့် ဝါးဖောင်တော်ကြီးသည် စက်တပ်ထားသည့် ရေယာဉ်အလား လှုပ်ရှားပြီး သွားလာနေတော့သည်။

အကျွန်ုပ်လှေကလည်း ရှင်ဥပဂုတ္တဖောင်တော်ကို အမှီလိုက်ကြသည်။

မိုလုမီခင် အချိန်တွင် ရှင်ဥပဂုတ္တဖောင်တော်သည် အဝေးဆီသို့ ရောက်ရှိသွားရာ အကျွန်ုပ်တို့စိတ်အထင် ရေမိုင် ၂ မိုင် ၃ မိုင်ခန့် ပင်လယ်ပြင်ထဲတွင် သွားမိချိန်ဝယ်....

လှေသား ကိုအုန်းမောင်က....

''ဟိုမှာကြည့်ကြစမ်း'' ဟူ၍ လက်ညှိုးထိုးပြပြီး အော်ပြောရာ အကျွန်ုပ်တို့ အားလုံးသည် လက်ညှိုးထိုးပြရာဆီသို့ ကြည့်လိုက်ကြသည်။

အကျွန်ုပ်တို့တွေသည်က ကျွန်းတစ်ကျွန်းဖြစ်နေ၍ လှေပေါ်တွင် ပါရှိလာသူ အားလုံးသည် ပျော်ရွှင်မှုုးထူးသွားကြတော့၏။

“ရှင်ဥပဂုတ္တတန်ခိုးတော်ကြောင့် တို့အားလုံးဟာ သေကံမဆိုက်သက်မပျောက်ကြတော့၊ အခု တို့တွေတဲ့ကျွန်းက မသေကျွန်းလေကွာ၊ တို့အားလုံး ပင်လယ်ထဲမှာ ‘မသေတော့ဘူး'' ဟူ၍ အားရဝမ်းသာနှင့် ပြောလိုက်ကြ၏၊



ဤအချိန်တွင် အကျွန်ုပ်၏လှေအား ရှေ့မှဦးဆောင် ခေါ်ဆောင်သွားခဲ့သော ရှင်ဥပဂုတ္တဖောင်တော်ကြီးသည် တောင်ဘက်ဆီသို့ မီးသဘော်ာ တစ်စီးကဲ့သို့ ထွက်ခွာသွားရာ လှေပေါ်တွင် ပါရှိလာသော အကျွန်ုပ်တို့အားလုံးသည် လက်အုပ်များချီ၍ ဖူးမျှော်ကန်တော့နေသည်မှာ မျက်စိတစ်ဆုံးအထိပင် ဖြစ်ပေသတည်း။

ဂန္ထိရ-ဆရာပွ

။

BURMESE CLASSIC

၁၉၉၈ ဘာင်ဘာန်း ၈၇၇၁

www.burmeseclassic.com